# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် | ၂၀၂၂ ခုနှစ်၊ ဇွန် ၁၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၂၅၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ငြိမ်းချမ်းသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး အားလုံးပါဝင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း တို့ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးစဉ်။

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌနှင့်အတူ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ခိုင်စိုးမြနှင့် ခိုင်ပေါ်လင်းတို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် **ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP အဖွဲ့သည် ငြိမ်းချမ်းရေး ဆွေးနွေးနိုင်ရေးဖိတ်ခေါ်ခဲ့ရာတွင် ပြည်ထောင်စုအကျိုး၊ ဒေသအကျိုးကို ဆောင်ရွက်လိုသည့် စိတ်ဆန္ဒဖြင့် လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်းကို ပထမဆုံးထုတ်ပြန်ချက် ထုတ်ပြန်ခဲ့သည့် အဖွဲ့ဖြစ်**သည့် အခြေအနေ၊ နိုင်ငံတော်တွင် ခေတ်အဆက်ဆက် ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့သည့် အုပ်ချုပ်မှုပုံစံများနှင့် အားသာချက်၊ အားနည်းချက်များ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❊




မြန်မာ့အလင်း

# မြောက်ဦးယဉ်ကျေးမှုဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာရေး

ကမ္ဘာ့အရပ်ရပ်တွင် တည်ရှိသော နေရာဒေသများအနက် ယဉ်ကျေးမှုအရ အရေးပါသည့် နေရာများ၊ သဘာဝအရ ထင်ရှားပေါ်လွင်သည့် နေရာများကို လူသားတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် ကမ္ဘာ့အမွေအနှစ်နေရာများအဖြစ် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) က စာရင်းပြုစုခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။ ယူနက်စကိုကမ္ဘာ့အမွေအနှစ်ကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့အမွေအနှစ်အစီအစဉ်မှ ဆောင်ရွက်သည့် ကမ္ဘာ့အမွေအနှစ်နေရာများသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၇၀ ခန့်တွင် နေရာပေါင်း ၁၀၀၀ ကျော် သတ်မှတ်ထားပြီးဖြစ်ကာ သစ်တောများ၊ တောင်များ၊ ရေကန်၊ ကျွန်း၊ ကန္တာရ၊ အထိမ်းအမှတ် နေရာ၊ အဆောက်အဦ၊ စုပေါင်းနေရာ သို့မဟုတ် မြို့ စသည့် လူလုပ်ထားသည့် ယဉ်ကျေးမှုနေရာများ၊ သဘာဝနေရာများ၊ ရောနှောနေသည့် နေရာများ ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပျူမြို့ဟောင်းသုံးမြို့ (ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ) တို့ကို ၂၀၁၄ ခုနှစ် ဇွန်လတွင်လည်းကောင်း၊ ပုဂံကို ၂၀၁၉ ခုနှစ် ဇူလိုင်လတွင်လည်းကောင်း ကမ္ဘာ့အမွေအနှစ်နေရာများအဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်သည်။ တတိယမြောက် ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် ရခိုင်ပြည်နယ် မြောက်ဦးမြို့ကို အဆိုပြု တင်သွင်းမှုများ အဆိုပြုလွှာမူကြမ်းနှင့် အဆိုပြုလွှာမူချော တို့ကို ၂၀၁၉ နှစ်ကုန်ပိုင်းနှင့် ၂၀၂၀ နှစ်ဦးပိုင်းတို့တွင် တင်သွင်းခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် လုံခြုံရေးအခြေအနေတို့ကြောင့် လုပ်ငန်းစဉ်များ ယာယီဆိုင်းငံ့သွားခဲ့ရသည်။

ယခုနှစ်ဦးပိုင်းတွင် လုပ်ငန်းများ ပြန်လည်စတင်လာခဲ့သော်လည်း မြောက်ဦးယဉ်ကျေးမှုဒေသအတွင်း ကျူးကျော်အိမ်များ ဝင်ရောက်ဆောက်လုပ်ခြင်း၊ ယန္တရားများဖြင့် တောင်များကို ဖြိုခြင်း၊ ကျုံးများကို မြေဖို့ခြင်း၊ အမှိုက်သရိုက်များ မဆင်မခြင် စွန့်ပစ်နေခြင်းတို့အပါအဝင် လူတို့၏ ပယောဂကြောင့် ထိခိုက်ပျက်စီးမှုများ ရှိနေကြောင်း သတင်းများကို တွေ့ရှိခဲ့ရသည်။ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ရန် ယူနက်စကိုသို့ အဆိုပြုလွှာ တင်သွင်းရာတွင် ရှေးဟောင်းကျုံး၊ မြောင်း၊ ခံတပ်၊ နန်းတော်ရာကုန်းနှင့် နန်းဓလေ့၊ ညီလာခံကျင်းပသည့်နေရာ၊ ဘုရင်များ ကိုးကွယ်ခဲ့သည့် ဘုရား စေတီပုထိုးများ၊ ဒတ်ချ်၊ ပေါ်တူဂီတို့နှင့် ကူးသန်းရောင်းဝယ်ရာတွင် အသုံးပြုခဲ့သည့် ကုန်တိုက်များ၊ ဒင်္ဂါးများ၊ သင်္ဘောကျင်းများ၊ စပါးကျီများ၊ မြောက်ဦး၏ ရေအရင်းအမြစ် စီမံခန့်ခွဲမှုများ၏ ထူးခြားချက်များကို အခြေခံထားခြင်းဖြစ်ရာ မြေပြင်တွင် တည်ရှိနေသည့် အရာဝတ္ထုအားလုံး မူလအနေအထားမှ ပြောင်းလဲပျက်စီးမသွားစေရေးမှာ အထူးပင်အရေးကြီးသည်။

လာမည့်လအနည်းငယ်အတွင်း နိုင်ငံတကာအထိမ်းအမှတ်အဆောက်အအုံနှင့်နေရာဒေသများကောင်စီ (International Council on Monuments and Sites-ICOMOS) အဖွဲ့က မြောက်ဦးသို့ လာရောက်ကာ မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးတော့မည်ဖြစ်သည်။ အဆိုပြုလွှာပါ အချက်အလက်များနှင့် မြေပြင်အခြေအနေများ ကွဲလွဲကွာခြားမှုများ မဖြစ်ပေါ်စေရန်မှာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် အရပ်ဘက်အဖွဲ့အစည်းများ သာမက ဒေသခံပြည်သူများ၏ ယဉ်ကျေးမှုအမွေအနှစ်ကို ချစ်မြတ်နိုးမှု၊ တန်ဖိုးထားထိန်းသိမ်းမှုနှင့် ပူးပေါင်းပါဝင်မှုတို့က လွန်စွာအရေးပါသည့်အလျောက် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို မြန်မာနိုင်ငံ၏ တတိယမြောက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်နိုင်ရေး တစ်မျိုးသားလုံး ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ကြရန် အကျိုးမျှော်ကာ နှိုးဆော်အပ်ပါကြောင်း။ ။

## PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကိုပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက်မှ “အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်”ဟူသည့် ရှေ့လုပ်ငန်းစဉ်အရ လည်းကောင်း၊ “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး” ဟူသည့် နိုင်ငံရေးဦးတည်ချက်အရ လည်းကောင်း စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များရှိ ပထမနှစ်သင်တန်းများ၏ လစ်လပ်နေရာများသို့ ပြောင်းရွှေ့တက်ရောက်နိုင်ရေး လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

(၂၀၂၀) ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိထားပြီး ကျောင်းလာရောက်အပ်နှံခြင်း မရှိသေးသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအချင်းချင်း ပြောင်းရွှေ့လျှောက်ထားလိုသူများ၊ အခြားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဝင်ခွင့်ရရှိသူများသည် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့လျှောက်ထားနိုင်ကြောင်းနှင့် လစ်လပ်နေရာပေါ် မူတည်ပြီး ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအနက် အမှတ်အများဆုံးရရှိသူများအား ရွေးချယ်၍ လစ်လပ်နေရာများတွင် အစားထိုးပြောင်းရွှေ့တက်ရောက်ခွင့်ပြုရေး ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page, Website တို့တွင်လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website တွင် လည်းကောင်း၊ သက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များ၏ Website များတွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် မိမိတို့လက်ရှိတက်ရောက်ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်များတွင်လည်း စုံစမ်းမေးမြန်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၁၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ “ ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“နောင်ချိုမြို့နယ် ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမ၌ ပညာရေးဆိုင်ရာ အစည်းအဝေးပြုလုပ်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ၊ အခြေခံပညာမူလတန်းလွန်ကျောင်းအုပ်ဆရာမကြီးတစ်ဦး သေဆုံး၊ ကျောင်းအုပ်၊ ဆရာ၊ ဆရာမ ခြောက်ဦးနှင့် အရပ်သားဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

ထို့ပြင် လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က လက်လုပ်မိုင်းငါးလုံး မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ခရီးသည်တင်ယာဉ် မိုင်းစထိမှန် ပျက်စီးခဲ့သည့်ဖြစ်စဉ်”** နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၃**

နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# "တိုင်းပြည် အကျိုးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ငြိမ်းချမ်းသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး အားလုံးပါဝင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်"

❄ *ရွှေဖုံးမှ*

ပြည်သူလူထု လိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေ၊ ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တိုင်းပြည်၏ ပကတိအနေအထားနှင့် ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ အမှန်တကယ် ဖြစ်နိုင်ဖွယ်ရှိသည်များ စသည်တို့ကို အသေးစိတ် အကျေအလည် ဆွေးနွေးအဖြေရှာဆောင်ရွက်သွားမည့်အခြေအနေ၊ **ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ် ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မြင်အောင်ကြည့်စေလိုပြီး လာရောက်ဆွေးနွေးလိုသည့် စိတ်ဆန္ဒရှိပါက ယခင် ဖိတ်ခေါ်ကမ်းလှမ်းချက်များအတိုင်း ထပ်မံဖိတ်ခေါ်**သည့် အခြေအနေ၊ ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ ရှိမည်ဖြစ်သော်လည်း ငြိမ်းချမ်းသည့် နည်းလမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရန်လိုသည့် အခြေအနေ၊ **တိုင်းပြည်အကျိုးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ငြိမ်းချမ်းသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး အားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်**သည့်အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေး ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်းနှင့် အဖွဲ့ဝင်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

## ပြန်လည်ဆွေးနွေး

ထို့နောက် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ယခုကဲ့သို့ တိုင်းပြည်နှင့်ပြည်သူတို့အတွက် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်ကို ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP မှ ထောက်ခံကြိုဆိုသည့် အခြေအနေ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးနှင့် ပတ်သက်၍သဘောထား တူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

## စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌက ဒေသထွက်လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**❍ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မြင်အောင်ကြည့်စေလိုပြီး လာရောက်ဆွေးနွေးလိုသည့်စိတ်ဆန္ဒရှိပါက ယခင် ဖိတ်ခေါ်ကမ်းလှမ်းချက်များအတိုင်း ထပ်မံဖိတ်ခေါ်**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး တာဝန်မှရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၄၁ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
( ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

### ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး တာဝန်မှရပ်စဲခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သန်းဦး အား ၁၀-၆-၂၀၂၂ ရက်မှစ၍ တာဝန်မှ ရပ်စဲလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

### ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အဝေးသင် သင်တန်းများ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်အသီးသီးတွင် ၂၀၂၂ ပညာသင်နှစ်၊ အဝေးသင် သင်တန်းအတွက် ပထမနှစ်(၂၀၁၉ အောင်)၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းအပ်ရန် ကျန်ရှိသူများနှင့် ပထမနှစ် (၂၀၂၀ အောင်) သင်တန်းများအတွက် (၁၃-၆-၂၀၂၂ ) ရက်နေ့မှစတင်၍ ကျောင်းအပ်နှံနိုင်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

◆ *ကျောဖုံးမှ*

တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စစ်တွေမြို့ရှိ ပြည်နယ်အဆင့်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဒေသဆိုင်ရာအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အဆင့်အစိုးရအဖွဲ့များ၊ ဌာနဆိုင် ရာမှ တာဝန်ရှိသူများက တစ်ဦးချင်း မိတ်ဆက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ ဒေသဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

### ဝိုင်းဝန်းထိန်းသိမ်းကြရန်လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်သို့ လာရောက်ရခြင်းသည် ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့အပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နေမှုများကို သိရှိရန်နှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် စတုရန်းမိုင် ၁၄၈၀၀ ကျော်ရှိပြီး ကမ်းရိုးတန်းဒေသဖြစ်၍ ကျွန်းပေါင်း ၁၄၄ ကျွန်းတွင် လူနေထိုင်သည့် ကျွန်း ၉၄ ကျွန်းရှိပါကြောင်း၊ ရေလုပ်ငန်းသည် အဓိကလုပ်ငန်းဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးရန်မှာ စီးပွားကောင်းမွန်ရန်လိုအပ်ပြီး စီးပွားရေးကောင်းမွန်ရန်အတွက်လည်း တည်ငြိမ်အေးချမ်းမှုသည် အရေးကြီးကြောင်း၊ ရရှိထားသည့် တည်ငြိမ်အေးချမ်းမှုကို မပျက်စီးစေရန် အားလုံးပါဝင် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်း။

စီးပွားရေးနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်း စီးပွားရေးထိခိုက်မှုများ ရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း ကိုဗစ်-၁၉ တတိယလှိုင်းတွင် အခက်အခဲများစွာကြားမှ ရုန်းကန်ကျော်ဖြတ်နိုင်ခဲ့သော်လည်း စီးပွားရေးကဏ္ဍတွင် ထိခိုက်ခဲ့မှုများရှိကြောင်း၊ ကိုဗစ်-၁၉ တတိယလှိုင်းမှ ရုန်းထွက်ခဲ့မှုတွင် တိုင်းရင်းသားပြည်သူများနှင့် တာဝန်သိနိုင်ငံ့ဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားခဲ့သည့် “ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည် ” ဟူသော စကားအတိုင်း တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှုသည် အရာရာကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေတိုလုပ်ငန်းနှင့် ရေရှည် ဆောင်ရွက်ရမည့်လုပ်ငန်းများရှိပြီး ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကို စီမံကိန်း စနစ်တကျရေးဆွဲကာ အပိုင်းလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေတိုဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် လျင်လျင်မြန်မြန် အင်တိုက်အားတိုက်ဖြင့် ထင်သာမြင်သာရှိသော Quick Win အကျိုးတရားရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေလုပ်ငန်းသည် ပြည်နယ်၏ အားသာချက်တစ်ခုအဖြစ် ဒေသခံပြည်သူ အများစုလုပ်ကိုင်သော လုပ်ငန်းဖြစ်ကြောင်း၊ မိရိုးဖလာသမားရိုးကျ လုပ်ကိုင်မှုအစား သိပ္ပံနည်းကျ အဆင့်မြှင့်တင်၍ ကျွမ်းကျင်သော အတတ်ပညာရှင်များ၏ အကူအညီရယူ၍ စီးပွားဖြစ် ငါး၊ ပုစွန်၊ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းများ လျင်မြန်စွာ ကောင်းမွန်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ခရီးသွားလုပ်ငန်းအတွက်လည်း အဆင့်မြှင့်တင်နိုင်ရေး ပြင်ဆင်သွားရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ကန့်သတ်ချက်များ အဆင့်လိုက် ဖြေလျှော့ထားပြီးဖြစ်၍ မြောက်ဦး ရှေးမြို့ဟောင်းနှင့် ငပလီနှင့် ကမ်းရိုးတန်းတစ်လျှောက် အပန်းဖြေကမ်းခြေများကို ခရီးသွားများ စိတ်ဝင်စားမှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

❖ **ဒေသတစ်ခုဖွံ့ဖြိုးရန်မှာ စီးပွားကောင်းမွန်ရန်လိုအပ်ပြီး စီးပွားရေးကောင်းမွန်ရန် အတွက်လည်း တည်ငြိမ်အေးချမ်းမှုသည် အရေးကြီး**

❖ **ရရှိထားသည့် တည်ငြိမ်အေးချမ်းမှုကို မပျက်စီးစေရန် အားလုံးပါဝင် ဝိုင်းဝန်း ထိန်းသိမ်းကြရန်လို**

❖ **မြောက်ဦး ရှေးမြို့ဟောင်းနှင့် ငပလီနှင့် ကမ်းရိုးတန်းတစ်လျှောက် အပန်းဖြေ ကမ်းခြေများကို ခရီးသွားများ စိတ်ဝင်စားမှုရှိစေရေး ဆောင်ရွက်သွားရန်လို**

### စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်နိုင်ရေး

စိုက်ပျိုးရေးနှင့်ပတ်သက်၍ သီးနှံတစ်မျိုးချင်းအလိုက် ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ မိုးစပါးတစ်ဧကလျှင် တင်း ၁၀၀၊ နွေစပါး တင်း ၁၂၀ စသဖြင့် သတ်မှတ်ပေးထားရာ မြေပြင်အမှန်ထွက်ရှိသည့် သီးနှံအထွက်နှုန်းများကို ပန်းတိုင်အထွက်နှုန်းနှင့် နှိုင်းယှဉ်သုံးသပ်၍ ပြည့်မီအောင် ထွက်ရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် မတ်ပဲအထွက်နှုန်းကောင်းမွန်သော မှတ်တမ်းကောင်းရှိ၍ ပိုမိုထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကျောက်တော်တွင် ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးသိပ္ပံကျောင်းကိုလည်း ဒေသစိုက်ပျိုးရေးအတွက် အားကိုးအားထားပြုရသည့် ပညာရှင်များ မွေးထုတ်နိုင်ရေး လုပ်ဆောင်ကြရန်လိုကြောင်း။

### သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး

သဘာဝဘေးအန္တရာယ် ကျရောက်မှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသဖြစ်၍ သဘာဝဘေးအန္တရာယ်ဖြစ်သော မုန်တိုင်းတိုက်ခတ်မှုကို ကြုံတွေ့ရတတ်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဟူသည် အတိအကျ ကြိုတင်သိရှိရန်ခက်ခဲပြီး တားဆီး၍မရနိုင်ကြောင်း၊ ယခုအခါ နည်းပညာအကူအညီ ရယူ၍ အနီးစပ်ဆုံး ကြိုတင်ခန့်မှန်းသိရှိနိုင်လာသဖြင့် မုန်တိုင်းနှင့် ပတ်သက်သော သတိပေးချက်ကို အရောင်သတ်မှတ်ချက်များဖြင့် ထုတ်ပြန်သတိပေးမှုများ ဆောင်ရွက်လာနိုင်ကြောင်း၊ အကြမ်းဖျင်းအားဖြင့် အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်ဖြစ်ကြောင်း၊ လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာ ဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန်ဖြစ်ကြောင်း၊ အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်ဖြစ်ကြောင်း၊ အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်ဖြစ်ကြောင်း၊ အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သော အခြေအနေဖြစ်ကြောင်းဖြင့် သတ်မှတ်ထားပါကြောင်း၊ သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိအောင်လုပ်၍ ကာကွယ်မှုများ လုပ်ဆောင်ရန်လိုကြောင်း၊ မုန်တိုင်းဖြစ်ပေါ်လာပါက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံချက်ပါ အစီအမံများအတိုင်း လုပ်ဆောင်ရန်လိုကြောင်း၊ ထိုသို့ လုပ်ဆောင်နိုင်ရန်မှာ ဇာတ်တိုက်လေ့ကျင့်မှုကို အသားကျအောင် ဆောင်ရွက်ထားရန်လိုကြောင်း၊ ဇာတ်တိုက်လေ့ကျင့်မှုရှိမှသာ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မုန်တိုင်းပြီးဆုံးချိန် ဆောင်ရွက်ရမည့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း စီမံချက်နှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း။

ပန်းခင်းစီမံချက်ပြုလုပ်မှုနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်ပါ ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးမှာ မဲပေးပိုင်ခွင့်ရှိသူတစ်ဦးချင်း၏ ရှိရမည့် နိုင်ငံသားစိစစ်ရေးကတ်သည် အရေးကြီးကြောင်း၊ စိစစ်ရေးကတ်သည် သတ်မှတ်အသက်အရွယ်အလိုက် တစ်ဦးလျှင် တစ်ကတ်သာရှိရမည်ဖြစ်ပြီး အသက် (၁၈)နှစ်ပြည့်ပြီးသူ စိစစ်ရေးကတ်ရှိမှသာလျှင် မဲပေးနိုင်မည်ဖြစ်ကြောင်း၊ ဖောင်းပွမှု မရှိစေရေး မှန်ကန်မှုရှိစေရေး ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် တိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်းများကိုလည်း တစ်ချိန်တည်းတစ်ပြိုင်တည်း ပြုလုပ်ရန် အစီအစဉ်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်း စတင်အကောင်အထည်ဖော်ချိန်တွင်လည်း တက်ရောက်လာကြသည့် ဌာနဆိုင်ရာအကြီးအကဲများကလည်း တစ်ထောင့်တစ်နေရာက ပါဝင်ကူညီဆောင်ရွက်ပေးကြရန် ကြိုတင်မှာကြားလိုပါကြောင်း။

### အားကစားကဏ္ဍ မြှင့်တင်ရန်လို

အားကစားကဏ္ဍနှင့်ပတ်သက်၍ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုရရှိမှု၌ ရခိုင်ပြည်နယ်အားကစားသမားများ ပါဝင်မှုအတွက် အသိအမှတ်ပြုအားပေးပါကြောင်း၊ အားကစားပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်သူများကို နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်၍ အခမ်းအနားဖြင့် ထိုက်တန်စွာ ဆုချီးမြှင့်မှု ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်နယ်အတွင်း ထူးချွန်သူများ ထပ်မံပေါ်ထွက်လာစေရန် လေ့ကျင့်မွေးမြူသွားရန်လိုကြောင်း၊ လေ့ကျင့်ရာတွင်လည်း ပြည်နယ်စံချိန်၊ နိုင်ငံတော်စံချိန်နှင့် အရှေ့တောင်အာရှအဆင့်မှသည် ကမ္ဘာ့စံချိန်အထိ ရည်မှန်း၍ စံချိန်ချိုးနိုင်မည့် အနေအထားတစ်ခုအထိ ရောက်ရှိရေး ကြိုးစားလေ့ကျင့်ရန်လိုကြောင်း၊ အားကစားသည် နိုင်ငံတော်အတွက် ဂုဏ်တစ်ရပ်ဖြစ်၍ အားကစားကဏ္ဍကို မြှင့်တင်ရန်လိုကြောင်း။

ငြိမ်းချမ်းရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု စီးပွားရေး၊ နိုင်ငံရေးအားကောင်းစေရန် အခြေခံလိုအပ်ချက်သည် တည်ငြိမ်အေးချမ်းမှုပင်ဖြစ်ကြောင်း၊ ကမ္ဘာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများကို ကြည့်ပါက လက်နက်ကိုင်ပဋိပက္ခများ မရှိသည်ကို တွေ့မြင်နိုင်ကြောင်း၊ သို့ဖြစ်၍ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်၍ ပြည်သူများ အေးချမ်းသာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေး မရှိမဖြစ်လိုအပ်သော ထာဝရငြိမ်းချမ်းရေး ရရှိရန် မည်သည့်ကန့်သတ်ချက်မျှမထားဘဲ ဆွေးနွေးနိုင်ရန် ပြီးခဲ့သည့် ဧပြီလ ၂၂ ရက်နေ့က နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဖိတ်ခေါ်မှုများ ပြုခဲ့ကြောင်း။

*စာမျက်နှာ ၅ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေနှင့် ဘူးသီးတောင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော်  ဇွန်  ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ)မှ တပ်မတော် အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် စစ်တွေနှင့် ဘူးသီးတောင် တပ်နယ်တို့မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တပ်နယ်ခန်းမများနှင့် ရိပ်သာတို့တွင်သီးခြားစီတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က အမှာစကားပြောကြားရာတွင် တိုင်းစစ်ဌာနချုပ်နယ်မြေသည် နိုင်ငံ၏ အနောက်ဘက်ခြမ်းနယ်မြေ၊ ကုန်းနယ်နိမိတ်နှင့် ရေနယ်နိမိတ်ပါ ပါရှိကြောင်း၊ ကမ်းရိုးတန်းနှင့် မြန်မာ့ရေပြင်ပိုင်နက်များကို လုံခြုံစွာ ကာကွယ်ထိန်းသိမ်းနေရသဖြင့် အရေးကြီးသော တာဝန်များကို ထမ်းဆောင်နေကြရသူများဖြစ်ကြောင်း၊ ထိုသို့ ကာကွယ်စောင့်ရှောက်နိုင်ခြင်းသည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အမျိုးသားရေးစိတ်ဓာတ်ဖြင့် လက်ရည်တစ်ပြင်တည်း ချစ်ကြည်ရင်းနှီးစွာ နေထိုင်၍ ပူပေါင်းကာကွယ်မှုကြောင့်ဖြစ်ကြောင်း၊ ကမ်းရိုးတန်းနှင့် ရေပြင်ပိုင်နက်တစ်ခုလုံးကို လွှမ်းခြုံကာကွယ်နိုင်ရန်လည်း ရရှိသော နိုင်ငံတော်ဘတ်ဂျက်အတွင်းမှ တပ်မတော်(ရေ)ကို တစ်ဆင့်ချင်း အဆင့်မြှင့်တင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ် အတွင်း ဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသခံ တိုင်းရင်းသားပြည်သူများစွာမှာ လူမှုရေး၊ စီးပွားရေးပိုင်းဆိုင်ရာများ များစွာထိခိုက်နစ်နာခဲ့ရပြီး မငြိမ်းချမ်းမှုများကို ခါးသီးစွာ ခံစားခဲ့ရကြောင်း၊ ထပ်မံမဖြစ်ပွားစေရေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများ တည်ငြိမ်အေးချမ်းစွာဖြင့်နေထိုင်လုပ်ကိုင်စားသောက်မှု၊

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၄ မှ*

ယခုအချိန်ထိ အေးချမ်းစွာနေထိုင်လိုကြသည့် ငြိမ်းချမ်းရေးအနှစ်သာရကို မပျက်စီးစေလိုကြသည့် နိုင်ငံသူ နိုင်ငံသားများ၏ ဆန္ဒအမှန်ကို သိရှိနားလည်ကြသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၅)ဖွဲ့နှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည့်အပြင် ရခိုင်ပြည်နယ်အတွင်းမှ ALP အဖွဲ့သည် နေပြည်တော်မှ လာရောက်ကြိုဆိုပေးသည့် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ သွားရောက်၍ နိုင်ငံတော်အကြီးအကဲနှင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းရေးအဖွဲ့နှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း၊ ကျန်ရှိသော EAO များကိုလည်း ဆက်လက်လက်ခံတွေ့ဆုံ ဆွေးနွေးခြင်းမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးဆီသို့ ဦးတည်ဆောင်ရွက်လျက်ရှိသည်ကိုလည်း သိရှိကြစေလိုပါကြောင်း။

## ❑ အေးချမ်းစွာနေထိုင်လိုကြသည့် ငြိမ်းချမ်းရေးအနှစ်သာရကို မပျက်စီးစေလိုကြသည့် နိုင်ငံသူ နိုင်ငံသားများ၏ ဆန္ဒအမှန်ကို သိရှိနားလည်ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၅)ဖွဲ့နှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဖြစ်

ပညာရေးကဏ္ဍကိုကြည့်လျှင်လည်း ရခိုင်ပြည်နယ်သည် အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီးများထက် ပညာသင်ကြားသည့် ကျောင်းသား ကျောင်းသူ၊ သင်ကြားပေးရသည့် ဆရာ ဆရာမ အခြေအနေများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့၏ အဆင့်မြင့်ပညာသင်ကြားသင်ယူနေမှုများသည် ပိုမို၍ တိုးတက်များပြားသည်ကို တွေ့ရကြောင်း၊ ယင်းသည် ပြည်နယ်အတွင်း သင့်တင့်သည့် တည်ငြိမ်အေးချမ်းမှုကြောင့် ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ရရှိပြီးသော တည်ငြိမ်မှုကို မပျက်စီးရအောင် ပြည်နယ်အစိုးရနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ပြည်နယ်သူ ပြည်နယ်သားများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုပါကြောင်း။

ပြည်နယ်အစိုးရအဖွဲ့သည် ပြည်သူအပေါ် မိသားစုစိတ်ဖြင့် ဦးစီးဦးဆောင်ပြုကာ ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးမှစ၍ ပံ့ပိုးစောင့်ရှောက်ပေးရန်လိုကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနအကြီးအကဲများမှ အောက်ခြေအထိ အဂတိတရားကင်းစွာဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်၍ ပြည်သူအပေါ် ဝန်ဆောင်မှုပေးရန် လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြည်နယ်၏ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်နယ်၏ ယုံကြည်ကိုးစားမှုရရှိအောင် ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဘူးသီးတောင်တပ်နယ်မှ ရဲမေများအား စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျောက်တော်တပ်နယ်မှ ရဲမေများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။

- **တပ်မတော်အနေဖြင့် ပြည်သူများတည်ငြိမ်အေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်မှု၊ ငြိမ်းချမ်းစွာနေထိုင်ရမှု စသည့်ခံစားချက်များ မပျက်စေရေးအတွက် အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်လျက်ရှိ**
- **လုံခြုံရေးနှင့်ပတ်သက်၍ တပ်မတော်သားများဖြစ်ကြ၍ ၂၄ နာရီ တာဝန်ရှိသူများဖြစ်သဖြင့် ပေးအပ်ထားသော နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို လုံခြုံရေးသည် ပထမ၊ လုံခြုံရေးသည် ဒုတိယ၊ လုံခြုံရေးသည် တတိယဟူသော အသိစိတ်ဖြင့် သတိရှိရှိ တာဝန်ထမ်းဆောင်ရန်လို**

*စာမျက်နှာ ၅ မှ*

ငြိမ်းချမ်းစွာနေထိုင်ရမှု စသည့်ခံစားချက်များ မပျက်စေရေးအတွက် အတတ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲက ဧပြီလ ၂၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ကိုယ်တိုင်တွေ့ဆုံနိုင်ရေး ဖိတ်ခေါ်ခဲ့မှုအပေါ် ငြိမ်းချမ်းရေးကို လိုလားသော ပြည်သူတို့၏ ဆန္ဒကို သဘောပေါက်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅) ဖွဲ့မှ ခေါင်းဆောင်များ၊ အဆုံးအဖြတ်ပေးနိုင်သော ကိုယ်စားလှယ်များ နေပြည်တော်သို့ လာရောက်၍ နိုင်ငံတော်အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း။

### ငြိမ်းချမ်းရေးတံခါး ဖွင့်လှစ်

ထိုသို့ဆွေးနွေးရာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးစသည့် အခြေခံ(၂)ချက်ဖြင့် ဦးတည်ဆွေးနွေးခဲ့ကြောင်း၊ ဖက်ဒရယ်ဆိုင်ရာ အာဏာကိုခွဲဝေကျင့်သုံးမှုနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပုဒ်မများအနက်မှ ပြင်ဆင်သင့် ပြင်ဆင်ထိုက်သော အချက်များ၊ ဇယား(၁/၂/၃/၅) ပါ အချက်များကိုလည်း ဆက်လက်ဆွေးနွေးသွားရန်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကောင်းမွန်တိုးတက်ရန်မှာ တည်ငြိမ်မှုရှိရန် အဓိက အရေးကြီးကြောင်း၊ တည်ငြိမ်မှုရှိစေရန်မှာ ငြိမ်းချမ်းမှသာ တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို ဖိတ်ခေါ်ထားပြီး ငြိမ်းချမ်းရေးတံခါးကို ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖိတ်ခေါ်ထားပါကြောင်း၊ အဓိက အနှစ်သာရမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းပြီး ယင်းမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုများဆီသို့ အမြန်ဆုံးရောက်ရှိရန် ဖြစ်ကြောင်း။

### သတိရှိရှိ တာဝန်ထမ်းဆောင်ရန်လို

လုံခြုံရေးနှင့်ပတ်သက်၍ တပ်မတော်သားများဖြစ်ကြ၍ ၂၄ နာရီ တာဝန်ရှိသူများဖြစ်သဖြင့် ပေးအပ်ထားသော နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို လုံခြုံရေးသည် ပထမ၊ လုံခြုံရေးသည် ဒုတိယ၊ လုံခြုံရေးသည် တတိယဟူသော အသိစိတ်ဖြင့် သတိရှိရှိ တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ ဖွဲ့စည်းပေးထားသည့် လက်ရုံးဝန်ထမ်းတပ်များအနေဖြင့်လည်း မူလရည်မှန်းချက်နှင့် တာဝန်များကို ပိုင်နိုင်ကျွမ်းကျင်နေရန်လိုကြောင်း၊ အမြဲတမ်းလေ့ကျင့်နေရမည်၊ အမြဲတမ်းစစ်ရေးသတိရှိရမည်၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်ခြင်းတို့ဖြင့် မိမိတို့တာဝန်ယူသည့် နယ်မြေကို တပ်ရင်း/ တပ်ဖွဲ့အလိုက်၊ တပ်နယ်အလိုက် စနစ်တကျဆောင်ရွက်နေခြင်းဖြင့် ပြည်နယ်တစ်ခုလုံး လုံခြုံမှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် ပြင်ပတွင် စာမသင်ကြားခဲ့ရသော တပ်မတော်သားအချို့ကို ပထမအဆင့်ရေး/ဖတ်၊ ဒုတိယအဆင့် မူလတန်း၊ တတိယအဆင့် အလယ်တန်းအတန်းများ သင်ကြားတတ်မြောက်ရေးအတွက် နှစ်ကာလအလိုက်သတ်မှတ်သင်ကြားပေးခဲ့ကြောင်း၊ လုံခြုံရေးတာဝန်များနှင့် သီးခြားပေးအပ်သော လုပ်ငန်းတာဝန်များကို လုပ်ငန်းခွင်မပျက် တာဝန်ထမ်းဆောင်ရင်း ပညာတတ်မြောက်ရေး ဦးစားပေးသင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း၊ အတန်းပညာတတ်မြောက်မှသာ တပ်ဆင်ပေးထားသည့် ခေတ်မီ လက်နက်ကိရိယာများ၏ စွမ်းပကားကို ကောင်းစွာအသုံးချနိုင်မည်ဖြစ်ကြောင်း၊ အလားတူ မိသားစုဝင်များ၏ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှသတ်မှတ်ထားသည့် မဖြစ်မနေ KG+ 9 အဆင့် အောင်မြင်ရန် မိဘများ၏ ကြပ်မတ်မှု၊ တာဝန်ရှိသူများ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ KG+9 အဆင့် အောင်မြင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများသို့ တက်ရောက်၍ လုပ်ငန်းခွင်ဝင်ရောက်နိုင်ခြင်း၊ တစ်ဖက်တွင်လည်း အထက်တန်းအဆင့်မှတစ်ဆင့် အဆင့်မြင့်ပညာရေးအဆင့်သို့ ရယူတက်လှမ်းနိုင်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ တပ်မတော်သားတို့၏ လုပ်ငန်းသဘော သဘာဝအရ ကျန်းမာကြံ့ခိုင်နေရန် အရေးကြီးကြောင်း၊ ကျန်းမာကြံ့ခိုင်မှသာ မိသားစုအရေး၊ နိုင်ငံ့အရေးတာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ နယ်မြေအတွင်း ဆေးတပ်ရင်း၊ ဆေးရုံတို့ဖြင့် ဖွဲ့စည်းပေးထား၍ ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိုးတွင်းကာလ မိုးရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများ ကျန်းမာရေးအသိရှိစွာဖြင့် ကြိုတင်ကာကွယ်သွားရန်လိုကြောင်း၊ ကျန်းမာရေးအတွက် တစ်ဦးချင်းနှင့် မိသားစုအလိုက် ကိုယ်တိုင် ထိန်းသိမ်းဂရုစိုက်၍ နေထိုင်စားသောက်သွားကြရန် လိုကြောင်း။

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသဖြစ်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပေါ်လာမှုကို တုံ့ပြန်နိုင်ရန် အသိရှိနေရမည်ဖြစ်ပြီး သက်ဆိုင်ရာ၏ သတိပေးချက်များကို လိုက်နာရန်လိုသလိုစဉ်ဆက်မပြတ်လည်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက်ပါအတိုင်း ဇာတ်တိုက်လေ့ကျင့်နေရန်လိုကြောင်း။

လေ့ကျင့်သင်ကြားပေးနေမှုများနှင့်ပတ်သက်၍ တပ်မတော်သားများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရန် စစ်ပညာအပြင် လိုအပ်သော အသိပညာ၊ အတတ်ပညာများကို သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့သင်ကြားပေးရာတွင် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း(ROE) ဆိုင်ရာများကိုပါ သင်ကြားပေးထားပြီးဖြစ်၍ (ကြည်း၊ရေ၊ လေ) တပ်မတော်တစ်ရပ်လုံး စောင့်ထိန်းလိုက်နာရန်လိုကြောင်း၊ အမြဲသိရှိလိုက်နာနိုင်ရေး မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် အိပ်ဆောင်ကတ်ပြားများလည်း ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ အလားတူ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာကိစ္စရပ်များကိုလည်း သိရှိအောင် သင်ကြားပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်တော်တိုင်း လိုက်နာကျင့်ကြံရသည့် ကျင့်ဝတ်အပါး ၆၀ သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာများ၊ လူ့အခွင့်အရေးဆိုင်ရာများနှင့် ROE ဆိုင်ရာအချက်အလက်များ ဆက်စပ်ပါဝင်နေသည်ကို တွေ့နိုင်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အရာရှိ၊ စစ်သည် မိသားစုများ၏ စားရေး၊ နေရေး၊ ဝတ်ရေး၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့အဆင်ပြေစေရန် စီမံခန့်ခွဲပေးပြီး တပ်အပေါ် မိသားစုစိတ်ဖြင့် သံယောဇဉ်တရားဖြစ်ပေါ်လာအောင် တည်ဆောက်သွားရန်လိုကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

### စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် တပ်နယ်များအလိုက် အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ဘူးသီးတောင်တပ်နယ် နယ်မြေခံတပ်ရှိ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်၍ ကလေးငယ်များအား စာပေသင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူ ကျောက်တော်တပ်နယ် နယ်မြေခံတပ်ရင်းရှိ မိသားစုအိမ်ထောင်သည် လိုင်းခန်းများသို့ သွားရောက်၍ ရဲမေ၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သတင်းပေးသူများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH၊ NUG တို့က ဖွဲ့စည်းထားသော PDF အဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန်အတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများကို အကြမ်းဖက်သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ မဖွင့်နိုင်စေရန်နှင့် ကျောင်းသူ ကျောင်းသားများ ကျောင်းမတက်ရဲစေရန် ဆရာ ဆရာမများကို သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ၌ ဗုံးထောင်ခြင်း၊ ဗုံးခွဲခြင်း၊ ခြိမ်းခြောက်ခြင်းများပြုလုပ်ခြင်း၊ ပြည်သူလူထုအတွင်း အကြောက်တရားများဖြစ်ပေါ်စေရန် အေးချမ်းစွာနေထိုင်လိုသော ပြည်သူများကို သတ်ဖြတ်ခြင်းတို့ကို လုပ်ဆောင်သည်သာမက နိုင်ငံရေးနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိသည့် ရဟန်းသံဃာများကိုပါ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ဗုဒ္ဓဘာသာသည် နိုင်ငံတော်၌ အများဆုံးကိုးကွယ်ရာ ဘာသာတစ်ခုဖြစ်သည့်အပြင် ကမ္ဘာ၌လည်း ဂုဏ်သိက္ခာမြင့်မားစွာဖြင့် တည်ရှိလျက်ရှိသော ဘာသာတရားဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြသည့်နိုင်ငံ၌ အကျင့်သီလပြည့်စုံစွာဖြင့် ကျင့်သုံးလျက်ရှိသည့် ရဟန်းတော်များကို သတ်ဖြတ်ခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် လွန်စွာအကျည်းတန်ရုပ်ဆိုးစေပါသည်။

သို့ဖြစ်၍ နိုင်ငံနှင့်လူမျိုးအတွက် လွန်စွာအကျည်းတန်ရုပ်ဆိုးစေသည့် ရဟန်းသံဃာတော်များအား သတ်ဖြတ်ခြင်းကဲ့သို့သော ပြစ်မှုများကို ကျူးလွန်သူများအား ဖော်ထုတ်ပြီး ထိရောက်စွာအရေးယူနိုင်ရန်အတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရန်နှင့် ယင်းတို့နှင့်ပတ်သက်၍ သတင်းပေးနိုင်သူများအား ထိုက်တန်စွာဆုချီးမြှင့်ပြီး ထိရောက်သော အကာအကွယ်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၆၈)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၃**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆၈)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ဒုတိယပါမောက္ခချုပ်များ၊ အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ်သင်ကြားစီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

### ပြန်လည်ဖွင့်လှစ်

သင်တန်းဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းများကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ၁၉၉၉ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ဆရာ ဆရာမ စုစုပေါင်း ၂၂၇၅၈၃ ဦးကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်ဧပြီလမှစ၍ ဖွင့်လှစ်လေ့ကျင့်ပေးခြင်းကို ရပ်ဆိုင်းခဲ့ရာမှ နိုင်ငံတော်အတွက် လိုအပ်ချက်အရ ၂၀၂၂ ခုနှစ်မှ နိုင်ငံတော်အကြီးအကဲများက ပြန်လည်ဖွင့်လှစ်လေ့ကျင့်ပေးရန် လမ်းညွှန်ခဲ့သည့်အတွက် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း။

သင်တန်းတွင် ဆရာ ဆရာမများအား နိုင်ငံတော်၏ မူဝါဒလုပ်ငန်းစဉ်များ၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေအနေများအား သိရှိစေရန်၊ ကျောင်းသားများနှင့်စပ်လျဉ်းသည့် စီမံခန့်ခွဲရေးနှင့် သင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လေ့လာနိုင်စေရန်၊ ဆရာ့သိက္ခာနှင့် ဆရာ့ကျင့်ဝတ်များကို သဘောပေါက်တန်ဖိုးထားတတ်စေရန်၊ နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို သိရှိစေရန်၊ အခြေခံစစ်ပညာကို နားလည်သဘောပေါက်စေရန်နှင့် မိမိနိုင်ငံတော် အစဉ်တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတစ်ဦး၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် တာဝန်ရှိမှု၊ တာဝန်သိမှုများ ဖြစ်လာစေရန်၊ ဆရာ ဆရာမများ၏ စိတ်ဓာတ်ခံယူချက်များ မြင့်တင်ပြောင်းလဲကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေခံသဘောတရားများ သိရှိနားလည်လာနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်း ဖြစ်ပါကြောင်း။



### ထိရောက်ကောင်းမွန်သောသင်တန်း

ယခုကဲ့သို့ သင်တန်းကို တက်ရောက်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးခြင်း၊ သင်ကြားမှုနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံများ အပြန်အလှန် ဖလှယ်ခွင့်ရရှိခြင်း၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ဒေသန္တရဗဟုသုတများ အပြန်အလှန် လေ့လာနိုင်ခြင်း၊ အတွေးအခေါ် အသိအမြင်များ အချင်းချင်း ဆွေးနွေးနိုင်ခြင်း၊ အချင်းချင်းပူးပေါင်း ဆောင်ရွက်တတ်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပြီး ထိရောက်ကောင်းမွန်သော သင်တန်းဖြစ်သည့်အတွက် ပို့ချပေးသည့် ဘာသာရပ်သင်ခန်းစာများကို လေ့လာမှတ်သားဆည်းပူးပြီး နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦး၏ စိတ်ဓာတ်ရေးရာ၊ စည်းကမ်း၊ ခံယူချက်နှင့် ယုံကြည်ချက်များ ပိုမိုခိုင်မာလာသည့် ဆရာ ဆရာမများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၉၂ ဦး၊ သင်တန်းသူ ၃၇၃ ဦး စုစုပေါင်း ၄၆၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် မင်းတပ်မြို့ရှိ ပြည်သူများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများပေး

**ရန်ကုန် ဇွန် ၁၃**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်း အကူအညီလိုအပ်သူများအတွက် လူမှုကရုဏာ အကူအညီများ ပေးရာတွင် ကြက်ခြေနီအခြေခံမူများနှင့်အညီ ကူညီလျက်ရှိရာ ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ချင်းပြည်နယ် မင်းတပ်မြို့ရှိ ပြည်သူများကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများ ဖြစ်သည့် စားနပ်ရိက္ခာနှင့် အခြားအခြေခံလိုအပ်သည့် ပစ္စည်းများ၊ ကိုဗစ်-၁၉ ကာကွယ်ရေးသုံး ပစ္စည်းများ၊ လက်သမားသုံး ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများကို သွားရောက် ကူညီထောက်ပံ့ပေးခဲ့ကြသည်။ **(အောက်ပုံ)**

ထိုသို့သွားရောက်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ညွှန်ကြားရေးမှူး ဒေါ်အေးအေးငြိမ်း ဦးဆောင်သော ဝန်ထမ်း ၁၄ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာ လုပ်အားရှင်လေးဦး စုစုပေါင်း ၁၈ ဦးတို့သည် ချင်းပြည်နယ် မင်းတပ်မြို့ရှိ အိမ်ထောင်စု ၄၀၅ စု လူဦးရေ ၁၈၆၃ ဦးအတွက် အရေးပေါ်လိုအပ်ချက်များဖြစ်သည့် အစားအစာ (ဆန်၊ ဆီ၊ ဆား၊ ပဲ၊) အစုံ ၂၀၀ နှင့် ငါးသေတ္တာ ၂၀၃၅ ဘူး၊ နှာခေါင်းစည်း (၅၀ ပါဘူး) ၈၀၈ ဘူး၊ လက်သန့်ဆေးရည် (၁၀၀ မီလီဘူး) ၁၂၁၅ ဘူး၊ အမျိုးသမီးတစ်ကိုယ်ရေ သန့်ရှင်းရေးသုံး ပစ္စည်း ၆၄၆ အိတ်၊ အမျိုးသားတစ်ကိုယ်ရေ သန့်ရှင်းရေးသုံး ပစ္စည်း ၇၁၈ အိတ်၊ မိုးကာအင်္ကျီ အထည် ၁၆၄၀၊ တာပေါ်လင် ၄၀၉ ချပ်၊ ကလေးမီးဖွားသုံးပစ္စည်း ၁၈ ခု၊ မွေးကင်းစ ကလေးသုံးပစ္စည်း ၇၉ ခု၊ မီးဖိုချောင်သုံးပစ္စည်းအပုံး ၁၀၀၊ လက်သမားသုံး ဆောက်လုပ်ရေးပစ္စည်း ၁၄၁ အိတ်၊ ရပ်ရွာလူထုသုံး ရေသန့်ပုံးသုံးခုနှင့် ဂါလန် ၂၀၀ ဆံ့ ဖိုင်ဘာရေတိုင်ကီ သုံးခုတို့ကို သွားရောက်ထောက်ပံ့ ကူညီပေးခဲ့သည့်အပြင် ပေါက်ကွဲစေတတ်သောပစ္စည်းများ အန္တရာယ် အသိပညာပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။





မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ပဏာမကျန်းမာရေး စောင့်ရှောက်မှု ရွေ့လျားဆေးခန်းနှင့် လူနာတင်ယာဉ်ဖြင့် အရေးပေါ်လူနာညွှန်းပို့ခြင်း လုပ်ငန်းများကိုလည်း မင်းတပ်မြို့ပေါ်ရှိ သတ်မှတ်ထားသော နေရပ်စွန့်ခွာစခန်း ငါးနေရာတွင် မေ ၃၀ ရက်မှစတင်ကာ တနင်္လာနေ့မှ စနေနေ့အထိ တစ်ပတ်လျှင် ၆ ရက် ဆောင်ရွက်ပေးလျက်ရှိကာ မေ ၃၀ ရက်မှ ဇွန် ၃၀ ရက်အထိ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပြီး ဇွန် ၁၁ ရက်ထိ လူနာပေါင်း ၁၉၃၀ ကို ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ အကူအညီလိုအပ်နေသည့် ယာယီခိုလှုံရာစခန်းများနှင့် ကျေးရွာများမှ ပြည်သူများအတွက် စားနပ်ရိက္ခာများ၊ ရေနှင့် သန့်ရှင်းရေးသုံး ပစ္စည်းများ၊ အခြားလိုအပ်သည့် ပစ္စည်းများကို ဆက်လက် ထောက်ပံ့ကူညီနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းအောင်(ကြက်ခြေနီ)**





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနား တက်ရောက်

**နေပြည်တော် ဇွန် ၁၃**

၂၀၂၂ခုနှစ် (၄၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ရိုးရာခြင်းလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကို၊ ဦးတင်ထွန်းဦး၊ ဦးလှမိုး၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေးနှင့် ဒေါက်တာဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်းဒေသကြီးများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**ယှဉ်ပြိုင်ကစား**

ယနေ့ဗိုလ်လုပွဲ ပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို အနိုင်ရရှိသွားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် အတိုးတက်ဆုံးဆုရရှိခဲ့သည့် နေပြည်တော်ကောင်စီနယ်မြေအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ကို မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှဌေးက လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် အတိုးတက်ဆုံးဆုရရှိခဲ့သည့် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအသင်းတို့ကို မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်ကလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိခဲ့သည့် ရခိုင်ပြည်နယ်အသင်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က လည်းကောင်း၊ ပြိုင်ပွဲတွင် တက်သစ်စအားကစားသမားဆုရရှိခဲ့ကြသူများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကို၊ ဦးတင်ထွန်းဦး၊ ဦးလှမိုး၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေးတို့ကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**တံခွန်စိုက်ဒိုင်းဆု ပေးအပ်**

ဆက်လက်၍ နှစ်သိမ့်ဆုရရှိခဲ့ကြသော ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအသင်းတို့ကို ငွေသားဆု ကျပ် တစ်သိန်းစီနှင့် **အမျိုးသမီး လေးပေါက်တန်းပြိုင်ပွဲတွင်** ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို ငွေသားဆု ကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို ငွေသားဆု ကျပ် ၁၀ သိန်း၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းကို ငွေသားဆု ကျပ် ခုနစ်သိန်းနှင့် ဆုတံဆိပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက လည်းကောင်း၊ **အမျိုးသား ခြောက်ပေါက်တန်းပြိုင်ပွဲတွင်** ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို ငွေသားဆု ကျပ် ၁၅ သိန်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို ငွေသားဆု ကျပ် ၁၀ သိန်း၊ တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းကို ငွေသားဆုကျပ် ခုနစ်သိန်းနှင့် ဆုတံဆိပ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က လည်းကောင်း၊ အမျိုးသမီး အကောင်းဆုံးဆုရရှိသော အေးအေးသန်း (မန္တလေးတိုင်းဒေသကြီး) နှင့် အမျိုးသားအကောင်းဆုံးဆုရရှိသော ဇော်ဝင်းမောင် (ရန်ကုန်တိုင်းဒေသကြီး) အသင်းတို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ဦးမောင်းဟာတို့က ဆုတံဆိပ်နှင့် ငွေသားဆု ကျပ် တစ်သိန်းစီကိုလည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဒိုင်းနှင့် အမျိုးသမီးတံခွန်စိုက်ဒိုင်း ရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဦးခင်မောင်ဆွေတို့က တံခွန်စိုက်ဒိုင်းဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ချောင်းမငယ်ရေလှောင်တမံ ရေသောက်ရေိယာစီမံကိန်းတွင်ပါဝင်သော ကျေးရွာများမှတောင်သူများအား သီးနှံမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်များ ထောက်ပံ့

**လယ်ဝေး ဇွန် ၁၃**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ချောင်းမငယ်ရေလှောင်တမံ ရေဝေရေလဲနှင့် ရေသောက်ဧရိယာ စီမံကိန်းတွင် ပါဝင်သောကျေးရွာများမှ တောင်သူများအား မျိုးကောင်းမျိုးသန့် သီးနှံနှင့် နှစ်ရှည်ပင် သီးနှံပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၃ ရက် နံနက်က မဒွေါပင် စိုက်ပျိုးရေးအသိပညာပေးစင်တာ၌ ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့်အဖွဲ့ဝင်များ တက်ရောက်သည်။

အဆိုပါအခမ်းအနားတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ရာသီဥတုပြောင်းလဲမှုသည် တောင်သူများအတွက် အခွင့်အလမ်းကောင်းဖြစ်၍ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပြီး စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်းတို့ဖြင့် အထွက်နှုန်းရော အရည်အသွေးပါကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဆည်ရေသောက်ဒေသများသည် တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ခြင်း၊ နှစ်ရှည်သီးနှံများဖြစ်သော သရက်၊ ပိန္နဲ၊ ငှက်ပျော စသည့်သီးနှံများအား တောင်စောင်း၊ တောင်ကုန်းများတွင် ထည့်သွင်းစိုက်ပျိုးခြင်းအားဖြင့် အပိုဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းထိန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် အဖွဲ့ဝင်များက ကျေးရွာငါးရွာမှ တောင်သူများအား စပါးနှမ်း၊ မြေပဲ၊ နေကြာ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် နှစ်ရှည်သီးနှံပျိုးပင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**



## တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်ထပ်မံတိုးမြှင့် ဖိတ်ခေါ်ခြင်း

ငြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့် လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့် လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့် လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများ အနေဖြင့် နိုင်ငံသား မျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာပါသော နာသုံးနာကိုရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့ လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ ၇-၆-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က ထပ်မံသတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ဆရာ ဆရာမ (၂၉၆၀) ဦး ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော အခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၁၄-၆-၂၀၂၂)ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ နယုန်လပြည့်နေ့ (မဟာသမယအခါတော်နေ့) အခမ်းအနားကျင်းပ



**ရန်ကုန် ဇွန် ၁၃**

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် နယုန်လပြည့်နေ့ (မဟာသမယအခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက် ၅ နာရီမှစတင်၍ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်ရင်ပြင် ညော့်ခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ကြသည်။

**အရုဏ်ဆွမ်းဆက်ကပ်**

ထို့နောက် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် နယုန်လပြည့်နေ့ (မဟာသမယအခါတော်နေ့) အခမ်းအနားကို ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာန နာယက တိပိဋကဓရ တိပိဋက ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယောဆရာတော်) ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နယုန်လပြည့် မဟာသမယအခါတော်နေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ အလှည့်ကျသဘာပတိ ဦးဌေးလှိုင်က ဇယမင်္ဂလာအနုမောဒနာ စာတမ်းလွှာကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းချ အမျှပေးဝေ**

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိလောကာ ဘိဝံသထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ချမ်းသာကြီးတန်ဆောင်းစုရပ်မှစတင်၍ နယုန်လပြည့် မဟာသမယနေ့ ဖြစ်ပေါ်လာပုံကို ဖော်ကျူးသည့်အနေဖြင့် ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့် ဝန်ထမ်းများက ကပ္ပိလဝတ်နှင့် ကောလိယ အုပ်စု (၂) စုခွဲ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ များနှင့်ဘုရားဖူးလာပြည်သူများ ပါဝင်ကြည်ညိုကြသည်။ **(ယာပုံ)**

ထို့နောက် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ မဟာသမယအခါတော်နေ့ အခမ်းအနားကျင်းပပြီး ငြိမ်းချမ်းရေးအထိမ်းအမှတ်အနေဖြင့် ရင်ပြင်တော်ပေါ်ရှိ ခေါင်းလောင်းများကို တစ်ပြိုင်တည်း တီးခတ်ကြသည်။

အလားတူ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့၏ နယုန်လပြည့် မဟာသမယအခါတော်နေ့ (၅၂) ကြိမ်မြောက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ရုံး၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

**တရားတော်များ ရွတ်ပွား**

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တစိတြဥာဏထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရထံမှ ဩဝါဒကထာနာယူကြည်ညိုကြပြီး ဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

**ကိုကိုဇော်(သတင်းစဉ်)**

# ပဲခူးမြို့ ဆုတောင်းပြည့် ဟင်္သာကုန်းစေတီတော်မြတ်ကြီး တောင်ဘက်မုခ် ဓာတ်လှေကားဖွင့်ပွဲကျင်းပ

**ပဲခူး ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တည်ဆောက်ခဲ့သည့် ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ဟင်္သာကုန်းစေတီတော်မြတ်ကြီး ဓာတ်လှေကားဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး တောင်ဘက်မုခ် ဓာတ်လှေကားရှေ့၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူးက ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ဟင်္သာကုန်းစေတီတော်မြတ်ကြီး ဓာတ်လှေကား တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဓာတ်လှေကားနှင့် ပတ်သက်သည့် မှတ်တမ်းများကို ဂေါပကအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့် ဟင်္သာကုန်းစေတီတော်မြတ်ကြီး ဓာတ်လှေကားကို တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အမှတ် (၇၇) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဓာတ်လှေကား မော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ရေစက်ချအလှူတော်မင်္ဂလာ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မြို့မစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဂန္ဓမာထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မေတ္တာသုတ်ပရိတ် တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက်ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သာသနာတော်ဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒါစရိယ ဆရာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အလှူရှင်များကိုယ်စား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဂေါပကအဖွဲ့ထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါ ဓာတ်လှေကားအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှု၊ စေတနာရှင်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းမှုဖြင့်ငွေကျပ်သိန်းပေါင်း ၂၉၆၀ ဖြင့် အလျား ၇၇ ပေ၊ အမြင့် ၇၃ ပေခွဲ၊ လျှောက်လမ်းအကျယ်(၈ ဒသမ ၆)ပေရှိ လူ ၁၂ ယောက် အတက်/ အဆင်း စီးနိုင်သော HY-UNDAI (900KG)ဓာတ်လှေကား အမျိုးအစားဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်မြို့ လူစည်ကားရာနေရာများ၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေး ပိုစတာများစိုက်ထူ

**ပြည် ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် "သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး" ကျန်းမာရေးအသိပညာပေးဗီနိုင်းပိုစတာများကို လူစည်ကားရာနေရာများ၌ ယမန်နေ့က စိုက်ထူဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ "သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး" ကျန်းမာရေးအသိပညာပေး ဗီနိုင်းပိုစတာများကို ပြည်မြို့၏ လူစည်ကားရာနေရာများဖြစ်သော ရွှေဆံတော်ဘုရားမြောက်ဘက်စောင်းတန်းလမ်း၊ ဆံတော်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ဗိုလ်ချုပ်လမ်း ရွာဘဲရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့နှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းဘေး အဝေပြေးဂိတ်ဝင်းအနီး ဘုရင့်နောင်လမ်းမကြီးဘေးတို့တွင် စိုက်ထူဆောင်ရွက်ခဲ့ကြပြီး ယင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းသိန်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကေခိုင်ဝင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက်)**

အိမ်ပြင်ပ၌ထွန်းသော
မီးများကို နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မဟာသမယ အခါသမယမှာ ငြိမ်းချမ်းပါစေ တောင်းဆုခြွေ၏

ဘကြီးကောင်း

“နတ်လူညွတ်ဦး၊ ထွတ်ဖူးစိန္တော၊
ဘေးမှဝေးကြ၊ အေးမြပါစေ။
အခါကောင်းလို့၊ နတ်ပေါင်းထွေထွေ၊
အမည်ထူး၊ ချီးကျူးခါတဲ့လေ။”
“မဟာသမယ၊ သာစွခါကြုံ၊
မဟာဝုန်တော၊ သာမောရဂုံ။
ဗြဟ္မာဂိုဏ်းနှင့်၊ နတ်တိုင်းရွှေဘုံ၊
နတ်ပွဲကြီးဝှဲချီး၊ တင့်မျိုးစုံ။”
“မဖြစ်ဖူးမြဲ၊ ထူးကဲခါကြုံ၊
တောပန်းတောင်ပန်း၊ ရောင်လျှမ်းအစုံ။
လေပြည်သွေးတော့၊ မွှေးရနံ့ထုံ၊
ဘေးမသန်း၊ အေးချမ်းမဟာဝုန်။”

“ကဗျာတွေ၊ လင်္ကာတွေ ရွတ်လို့ပါလား ဘကြီးကောင်းရဲ့”

“ဩော်၊ မောင်မြင့်အေးပါလား။ လာကွယ့်၊ နယုန်လပြည့် မဟာသမယအခါတော်နေ့မို့ အခုလေးတင် မဟာသမယသုတ်တော် ရွတ်ပွားပူဇော်ပြီးလို့ မဟာသမယအမွှမ်း ရှစ်လုံးဖွဲ့ကဗျာတွေ မှတ်မိသလောက် ပြန်ရွတ်ပွားကြည့်နေတာကွယ့်”

“ကဗျာလေးက နားဝင်ချိုပြီး ကြည်နူးစရာကောင်းတယ်နော်”

“မဟာသမယအခါတော်နေ့ သမိုင်းအဖြစ်အပျက် အကြောင်းအရာကိုက ငြိမ်းချမ်းရေးနဲ့ ပတ်သက်နေတော့ စိတ်ထဲမှာ ငြိမ်းချမ်းမှု၊ အေးချမ်းမှုတွေဖြစ်ရတာပေါ့ကွယ်။ တို့ဗုဒ္ဓဘာသာဝင်တွေ အဖို့တော့ နယုန်လပြည့်နေ့ဆိုတာ ငြိမ်းချမ်းရေး မှတ်တိုင်ကို စိုက်ထူနိုင်တဲ့ သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးမဟုတ်လား”

“မဟာသမယ သမိုင်းအစက ကပိလဝတ်နဲ့ ကောလိယပြည်က လယ်သမားတွေ ရောဟိနီမြစ်ရေလုရင်း နှစ်ပြည်ထောင်စစ်ဖြစ်ခါနီးဆဲဆဲ မြတ်စွာဘုရားကြွရောက်လာပြီး ငြိမ်းချမ်းရေးတရားဟောတဲ့အခါမှ နှစ်ပြည်ထောင်က လယ်သမားတွေ၊ မင်းညီမင်းသားတွေ၊ စစ်သည်တော်တွေ ဒေါသမီးတွေငြိမ်းပြီး လက်နက်တွေစွန့်ပစ်၊ မေတ္တာစာတ်တွေ သက်ဝင်လာကြ။ နောက်ဆုံးမှာ တစ်ဖက် ၂၅၀ စီ နှစ်ပြည်ထောင်က မင်းသားငါးရာ သာသနာ့ဘောင်ဝင် ရဟန်းပြုသွားကြတဲ့ဇာတ်လမ်းမဟုတ်လား ဘကြီးကောင်းရဲ့”

“ဟုတ်တာပေါ့ မောင်မြင့်အေးရယ်။ ဒီနေရာမှာ ဘကြီးကောင်းပြောချင်တာက လက်နက်တွေကိုင်စွဲထားပြီး ဒေါသမီးတွေ ဟုန်းဟုန်းတောက်နေကြတဲ့ နှစ်ပြည်ထောင်ကလူတွေကို ဒေါသမီးတွေငြိမ်းအောင်၊ မေတ္တာဓာတ်တွေသက်ဝင်လာအောင် ပြောဆိုဆုံးမဖို့ဆိုတာက သာမန်လူပုဂ္ဂိုလ်တွေအဖို့ အတော့်ကို မလွယ်ကူတဲ့ကိစ္စပဲကွယ့်။ ဒါပေမယ့် ကပိလဝတ်ပြည်က သကျစစ်သည်တွေဘက်က မြတ်စွာဘုရားကြွလာတာမြင်တာနဲ့ ‘တစ်မျိုးလုံး တစ်ဆွေလုံးအထွတ်အမြတ်ဆုံးဘုရားရှင်ရောက်လာပါပေါ့ကလား။ ငါတို့၏ ဘုရားရှင်ရှေ့မှောက်တွင် ငါတို့သည်တစ်ဖက်သားကို ခုတ်ထစ်သတ်ဖြတ်ရန် မဖြစ်နိုင်ပေ။ ကောလိယတို့က သတ်ချင်သတ်ပါစေ၊ ငါတို့ကား စစ်မက်ပြိုင်ဆိုင် အနိုင်မယူကြပြီတည်း’ ဆိုပြီး ကနဦးမာန်ကျသွားကြတယ်။ တစ်ဖက်က စစ်ပြေငြိမ်းလိုက်တာနဲ့ တစ်ပြိုင်နက် အခြားတစ်ဖက်ကလည်း လက်နက်တွေလွှတ်ချပြီးဖြစ်သွားတယ်”

မြတ်စွာဘုရားရှင်က

“အသင်တို့ ဘာကိုအကြောင်းပြု၍ စစ်မက်ကြီးစွာဖြစ်လာရပါသနည်း”လို့ မေးတော်မူတဲ့အခါ

“ရေအတွက် ဖြစ်ပါသည်ဘုရား”

“ရေသည် မည်မျှအဖိုးထိုက်ပါသနည်း”

“တစ်နှစ်စာစားရုံ အနည်းငယ်မျှသာဖြစ်ပါသည် ဘုရား”

“နှစ်ဖက်သောစစ်သည်တို့၏ အသက်သွေးများကကော မည်မျှအဖိုးထိုက်ပါသနည်း”

“အဖိုးဖြတ်၍ မရနိုင်ပါဘုရား”

“အနည်းငယ်မျှ အဖိုးထိုက်သော ရေကလေးအတွက် အဖိုးမဖြတ်နိုင်သော အသက်သွေးများ အဆုံးရှုံးခံရခြင်းမှာ မသင့်လျော်လေစွာတကား”

မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမစကားတော်က နှစ်ပြည်ထောင်က မင်းညီမင်းသားတွေနဲ့စစ်သည်တော်အတွက် ဆင်ခြင်တုံတရားတွေ၊ စဉ်းစားဆင်ခြင်ဖွယ်ရာတွေ ဖြစ်ပေါ်လာစေတယ်ကွယ့်”

“မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမကိုနာကြားရတော့ ကျွန်တော်ကတော့ အတိတ်က ကပိလဝတ်ပြည်နဲ့ ကောလိယပြည် နှစ်ပြည်ထောင်ကိုသာမက ယခုလက်ရှိရုရှား- ယူကရိန်း ပဋိပက္ခစစ်ပွဲကိစ္စတွေကိုပါ ပြေးမြင်လာမိတယ် ဘကြီးကောင်းရေ”

“အေးပေါ့ကွယ်။ မြတ်စွာဘုရားရဲ့ တရားတော်တွေက ဘယ်ခေတ်မဆို နာယူတတ်ရင်အကျိုးရှိတာပဲ။ မြတ်စွာဘုရားက နှစ်ပြည်ထောင်ပဋိပက္ခပြေငြိမ်းစေဖို့၊ ငြိမ်းချမ်းစေဖို့ ငြိမ်းချမ်းရေးတရားဟောကြားတော်မူတဲ့အခါမှာ ဝတ္ထုသာဓကတွေပါ ထုတ်ဆောင်ပြီး ဟောကြားတော်မူခဲ့ရတယ်ကွယ့်။ ဒီဝတ္ထုသာဓကတွေကတော့ -

၁။ ဝက်ဝံနှင့် ရုက္ခစိုးနတ်တို့ ရန်ငြိုးဖွဲ့မှား၍ နှစ်ဦးစလုံးပျက်စီးကြပုံ “ဖန္ဒနဇာတ်”၊

၂။ မြေပြိုပါပြီဟု ထင်ကြေးဖြင့် ဟစ်အော်ထွက်ပြေးသော ယုန်တစ်ကောင်၏ စကားကိုယုံမှား၍ တိရစ္ဆာန်များ အပြေးမှားပြီး ဆင်းရဲဒုက္ခရောက်ကြရပုံ “ဒုဒ္ဒုဘဇာတ်၊ (ပထဝီဥန္ဒြိယဇာတ်)”

၃။ အားသေးသော နှံစုတ်ငှက်မက အားကြီးသောဆင်ပြောင်ကြီးကို အနိုင်ယူဖူး၍ ရန်သူကိုအထင်မသေးသင့်ပုံ “လဋုကိကဇာတ်”

၄။ ညီညွတ်စဉ်ခါက ရန်သူ၏လက်မှ လွတ်မြောက်သော်လည်း စိတ်ဝမ်းကွဲ၍ အချင်းချင်းမညီမညွတ်ဖြစ်လာသောအခါ ငုံးငှက်များ မုဆိုး၏ပိုက်ကွန်၌ အမိခံရပုံ “သမ္မောဒမာနဇာတ်”

၅။ သက်မဲ့ဖြစ်သော သစ်ပင်များပင် တစ်စုတစ်ဝေးတည်းတည်နေ၍ လေဘေးအန္တရာယ်မှကင်းဝေးနိုင်ပုံ “ရုက္ခဓမ္မဇာတ်”

၆။ မိမိကိုယ်ကိုထိန်းသိမ်းဆုံးမရန် “အတ္တဒဏ္ဍ” သုတ်တို့ကို ထုတ်ဆောင်ဟောပြပြီး ဆုံးမတော်မူခဲ့ရတယ်ကွယ့်။ အဲဒီအခါကျမှ ခုနက မောင်မြင့်အေး ဆိုသလို နှစ်ပြည်ထောင်က မင်းသားငါးရာတို့ ရဟန်းပြုသွားကြတာ”

“သာဓုပါ ဘကြီးကောင်းရယ်၊ ကျွန်တော်က လူငယ်ဆိုတော့လည်း အကျယ်တဝင့်တော့ မသိဘူးပေါ့”

“အေးပေါ့ကွယ်၊ ဒါဆိုလည်း ဘကြီးကောင်း ဆက်ပြောပြမယ်။ ခုနက ရဟန်းတော်များဟာ ဇနီးမယားကို အောက်မေ့တမ်းတ သတိရပြီး သာသနာ့ဘောင်မှာ မပျော်မွေ့နိုင်ဘဲရှိကြရာမှ မြတ်စွာဘုရားက ဟိမဝန္တာတောအတွင်းက ကုဏာလရေအိုင်ကို တန်ခိုးတော်နဲ့ ခေါ်ဆောင်သွားပြီး ကုဏာလငှက်မင်းရဲ့ ဇာတ်ကြောင်းကို ဟောပြောတော်မူတယ်။ တရားအဆုံးမှာ ရဟန်းငါးရာစလုံး သောတာပန် ဖြစ်သွားကြတယ်။ ကပိလဝတ်ပြည် အနီးက မဟာဝုန်တောကြီးမှာ တရားတော်ကို ဆက်လက်အားထုတ်ကြရာမှာ ရဟန်းတော်ငါးရာလုံး ရဟန္တာချည်းဖြစ်တော်မူသွားကြတယ်။ ရဟန်းငါးရာတို့ဟာ မိမိတို့ ရရှိပြီးသောတရားထူးကို လျှောက်တင်ဖို့ရယ်၊ မြတ်စွာဘုရားကိုဖူးမြော်ဖို့ရယ် နယုန်လပြည့် ညချမ်းအချိန်မှာ မြတ်စွာဘုရားထံကို စုရုံးရောက်ရှိလာကြတယ်။ ဒီလိုထူးခြားတဲ့ သံဃာ့အစည်းအဝေးကြီးကို တွေ့မြင်ကြည်ညိုလိုကြတဲ့ နတ်၊ ဗြဟ္မာ၊ အသူရာ၊ ဂဠုန်၊ နဂါးတို့ဟာ မဟာဝုန်တောကြီးဆီကို အုပ်စုလိုက် စုရုံးရောက်ရှိလာကြတယ်။

ဘုရားရှင်လက်ထက်တော်အခါက နယုန်လပြည့်နေ့မှာ အဲဒီလိုနတ်ဗြဟ္မာတွေ စုရုံးစည်းဝေးမိတဲ့အချိန်ကို မဟာသမယလို့ ခေါ်ဆိုပါတယ်။ ဒီနတ်သဘင်အစည်းအဝေးမှာ မြတ်စွာဘုရားက အမည်နာမအမျိုးမျိုးကို ထုတ်ဖော်မြွက်ကြားနှုတ်ခွန်းဆက်သောအားဖြင့် မိန့်ကြားတဲ့ စကားတော်များကို မဟာသမယသုတ်လို့ခေါ်ဆိုတာကွယ့်”

“မဟာသမယသုတ်ကို အမြဲရွတ်ပွားပူဇော်တဲ့သူတွေကို နတ်တွေက ချစ်ခင်တယ်ဆိုတာတကယ်လား ဘကြီးကောင်းရဲ့”

“ဒီနတ်သဘင်အစည်းအဝေးမှာ မြတ်စွာဘုရားက အမည်နာမအမျိုးမျိုးကို ထုတ်ဖော်မြွက်ကြားနှုတ်ခွန်းဆက်တော့ နတ်တွေက သူတို့ကို အသိအမှတ်ပြုတယ်ဆိုပြီး အလွန်ဝမ်းသာကြတယ်တဲ့။ ဒါကြောင့် မဟာသမယသုတ်ကို အစဉ်အမြဲရွတ်ဖတ်နေပါက နတ်များရဲ့ချစ်ခင်မှုကိုခံရတယ်၊ အိမ်သစ်၊ တိုက်သစ်၊ နေရာသစ်တို့မှာ မင်္ဂလာယူလိုသော ပုဂ္ဂိုလ်များဟာလည်း ဒီမဟာသမယသုတ်ကို ရွတ်ဆိုပူဇော်သင့်တယ်လို့ အဋ္ဌကထာ ဆရာက ပြဆိုထားတယ်ကွယ့်။ လူတွေလိုပဲပေါ့ မောင်မြင့်အေးရယ်၊ တစ်ဦးစေတနာ တစ်ဦးမေတ္တာပေါ့။ ဘယ်သူမဆို လူတိုင်းက ကိုယ့်အပေါ်အသိအမှတ်ပြုပြီး တလေးတစား အရေးပေးပြောဆိုဆက်ဆံတာကို နှစ်သက်ကြတာပေါ့။

တစ်လက်စတည်း ဆက်ပြောရရင်တော့ မြတ်စွာဘုရားက မဟာသမယသုတ်တော်ကြီးကို ဟောကြားပြီးနောက်မှာ စရိုက်အားလျော်စွာ သုတ်တော်များကိုဆက်လက် ဟောကြားတော်မူခဲ့တယ်ကွယ့်”

၁။ ရာဂစရိုက် အားကြီးသူတို့အတွက် သမ္မာပရိဗ္ဗာဇနိယသုတ်၊

၂။ ဒေါသစရိုက် အားကြီးသူတို့အတွက် ကလဟဝိဝါဒသုတ်၊

၃။ မောဟစရိုက် အားကြီးသူတို့အတွက် မဟာဗျူဟသုတ်၊

၄။ ဝိတက်စရိုက် အားကြီးသူတို့အတွက် စူဠဗျူဟသုတ်၊

၅။ သဒ္ဓါစရိုက် အားကြီးသူတို့အတွက် တုဝဋ္ဋကသုတ်၊

၆။ ပညာစရိုက် အားကြီးသူတို့အတွက် ပုရာဘေဒသုတ်တို့ကို ဟောကြားတော်မူခဲ့ရာမှာ နတ်ဗြဟ္မာပေါင်း ကုဋေတစ်သိန်းစီ ကျွတ်တန်းဝင်ကြတယ်လို့ စာပေကျမ်းဂန်တွေမှာ ဆိုတယ်ကွယ့်”

“နယုန်လပြည့်နေ့က ဗုဒ္ဓဘာသာဝင်တွေအတွက် တကယ့်ကို နေ့ထူးနေ့မြတ်ကြီးပါလား ဘကြီးကောင်းရဲ့”

“ဒါပေါ့ကွယ်။ နယုန်လပြည့်နေ့ရဲ့ထူးခြားချက်တွေကလည်း အများသားလား။

၁။ ရေလုပွဲကြီးဆင်နွှဲကြသော တောင်သူလယ်သမားတို့ ငြင်းခုံခိုက်ရန်ဘေးမှ ကင်းဝေး၍ ထူးခြားခြင်း၊

၂။ ကပိလဝတ်နှင့် ကောလိယနှစ်ပြည်ထောင် စစ်ခင်းတော့မည့် ဘေးအန္တရာယ်မှ ကင်းဝေးပြီး ငြိမ်းချမ်းရေးရသောနေ့ဖြစ်၍ ထူးခြားခြင်း၊

၃။ နတ်၊ ဗြဟ္မာ၊ အသူရာနှင့် ဂဠုန်၊ နဂါးများ၊ ရဟန်းတော်များလက်ထက်တွင် ဤတစ်ကြိမ်သာ စုရုံးမိသောနေ့ဖြစ်၍ ထူးခြားခြင်း၊

၄။ မင်းသား ငါးရာ သာသနာ့ဘောင်သို့ ဝင်ရောက်သောနေ့ဖြစ်၍ ထူးခြားခြင်း၊

၅။ ရဟန်းတော်ငါးရာစလုံး ရဟန္တာချည်း ဖြစ်သောနေ့ဖြစ်၍ ထူးခြားခြင်း၊

၆။ နိမ္မိတဘုရားကမေး၍ ပကတိဘုရားက ဖြေဆိုသည်ကို နာရသောကြောင့် ထူးခြားခြင်း၊

စာမျက်နှာ ၁၂ သို့



✪ နယုန်လပြည့်နေ့ဟာ ဗုဒ္ဓဘာသာဝင်တွေအတွက်ပဲ ဘယ်ဟုတ်လောက်မလဲ မောင်မြင့်အေးရေ။ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ ဟုန်းဟုန်းတောက်လောင်နေတဲ့ ယနေ့ကမ္ဘာကြီး ငြိမ်းချမ်းစေဖို့၊ ကမ္ဘာသူ ကမ္ဘာသားတွေ အေးချမ်းစေဖို့ ဗုဒ္ဓဝင်သမိုင်းမှာ ငြိမ်းချမ်းရေးမှတ်တိုင် စိုက်ထူနိုင်ခဲ့တဲ့ နယုန်လပြည့် မဟာသမယနေ့ကို လူသားမျိုးနွယ်အဆက်ဆက် လေ့လာသင်ခန်းစာယူသင့်တာပေါ့

# ကျေးလက်ကုန်ထုတ်လုပ်မှုအတွက် အရေးကြီးသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း

**နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ (Micro Enterprise–ME)၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း (Small and Medium Enterprise–SME) အားလုံးကို ခြုံပြောရရင် MSME လုပ်ငန်းများရဲ့အခန်းကဏ္ဍဟာ အလွန်အရေးပါကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။**

ခန့်ဇော် (ကျေးလက်)

မြန်မာနိုင်ငံရဲ့SME ကဏ္ဍက နိုင်ငံ GDP ရဲ့ (၃၀ ~ ၅၃) ရာခိုင်နှုန်း၊ အလုပ်အကိုင်အားဖြင့် (၅၀ ~ ၉၅) ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ SME တွေကို ဘယ်သူတွေက ကျားကန်နေတာလဲ ဆိုတာ အိမ်တွင်းအသေးစား စက်မှုလက်မှုလုပ်ငန်းတွေဖြစ်ပါတယ်။ Micro Enterprise နဲ့ SME တွေ အပြန်အလှန်ချိတ်ဆက် မှီခိုနေရသလို Micro Enterprise တွေက ကျေးလက်ဒေသ နေရာအများစုမှာ ရှိနေပါတယ်။

Micro Enterprise တွေကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(SSID) က ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ SSID က ကြီးကြပ်ဆောင်ရွက်နေတဲ့ Micro Enterprise လုပ်ငန်းတွေက နိုင်ငံစီးပွားရေး အထူးသဖြင့် ကျေးလက်ထုတ်ကုန်ဖွံ့ဖြိုးရေးနဲ့ ကျေးလက်စီးပွားရေးအတွက် အရေးပါသော်လည်း အားပေးမှုအလွန်နည်းနေတာကို တွေ့ရပါတယ်။ အရေးပါသော်လည်း အရာမရောက်သလိုဖြစ်နေပါတယ်။

ဘာ့ကြောင့် အရေးပါသလဲ၊ ရွာတွေမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ လုပ်ကြတယ်။ ဘာတွေထုတ်လုပ်ရောင်းချပြီး ဘာတွေ ဝယ်သုံးကြသလဲကြည့်လိုက်ရင် ထုတ်လုပ်တာက စိုက်ပျိုးတာ၊ မွေးမြူတာပဲများပြီး Value Added အထိ မသွားနိုင်၊ လူသုံးကုန် စားသောက်ကုန် အများစု ဝယ်သုံးနေကြတယ်။ တကယ်တမ်း အများစု လူသုံးကုန်၊ စားသောက်ကုန်တွေက လုပ်လို့ရတယ်၊ သင်ပေးလို့ရတယ်။ နည်းပညာ၊ ငွေကြေးအများကြီးမလိုပါ။ ဒါကို SSID က ဆောင်ရွက်ပေးနိုင်ပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD)နဲ့ သမဝါယမ ဦးစီးဌာနတို့နဲ့ ချိတ်ပြီး ချေးငွေအရင်းအနှီးအချို့ ရနိုင်ပါတယ်။ မရောင်းရရင်တောင် ဝယ်မသုံးရအောင်၊ ထွက်ငွေနည်းအောင် အနည်းဆုံးအဆင့်အထိ ထုတ်လုပ်နိုင်တာကို တွေ့ရပါတယ်။

### နိုင်ငံအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုအခြေအနေ

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ Micro Enterprise ပိုင်းကို အဓိကထားလုပ်ကိုင်တာဖြစ်ပြီး အသေးစားနဲ့ အလတ်စားလုပ်ငန်းပေါင်း သိန်းကျော်ရှိနေပါတယ်။ SME မှတ်ပုံတင်ပြီး အဖွဲ့ဝင်ကတ် ထုတ်ပေးထားတဲ့ လုပ်ငန်း ၇၀၀၀၀ ကျော်နဲ့ Micro Enterprise အနေနဲ့ မှတ်ပုံတင်ပြီးလုပ်ငန်းပေါင်း ၁၄၀၀၀ ကျော်ရှိနေပြီဖြစ်ပါတယ်။ အိမ်တွင်း စက်မှုလက်မှု



ဝါးလက်မှု ထုတ်ကုန်ပစ္စည်းများ။

လုပ်ငန်းတွေ (Micro Enterprise)စုပေါင်းပြီး Micro မှတစ်ဆင့် Small၊ Small မှတစ်ဆင့် Medium၊ Medium မှတစ်ဆင့် Large စသည်ဖြင့် တဖြည်းဖြည်းအဆင့်မြှင့်တင် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

စက်မှုလက်မှုလုပ်ငန်းအနေနဲ့ မြင်းကောင်ရေ ၀ ဒသမ ၂၅ မှ ၅ အောက်နဲ့ အလုပ်သမားအနေနဲ့ သုံးဦးမှ ကိုးဦးအထိ သတ်မှတ်ထားရှိပြီး SME လုပ်ငန်းအမျိုးအစားအနေနဲ့ ၁၃ မျိုး ခွဲခြားထားပါတယ်။ မှတ်ပုံတင်ထားတဲ့ လုပ်ငန်းအများစုမှာ စားသောက်ကုန်လုပ်ငန်းတွေဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်မှာ ပရိဘောဂလုပ်ငန်းတွေ အများစုရှိပြီး ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ စားသောက်ကုန်လုပ်ငန်းတွေကို အများဆုံး မှတ်ပုံတင်ထားတာကို တွေ့ရပါတယ်။ စားသောက်ကုန်လုပ်ငန်းက လုပ်ငန်းအမျိုးအစားအားလုံးရဲ့ ၆၅ ရာခိုင်နှုန်းခန့်အထိ ရှိနေတာဖြစ်ပါတယ်။

### လုပ်ငန်းရှင်ဘက်မှ ရရှိနိုင်သည့် အခွင့်အလမ်း

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှာ မှတ်ပုံတင်မယ်ဆိုရင် မှတ်ပုံတင်ကြေးအနေနဲ့ ငွေကျပ် ၁၀၀၀၀ ပေးသွင်းရမှာ ဖြစ်ပါတယ်။ အခွင့်အလမ်းအနေနဲ့ ပြောရမယ်ဆိုရင် စားသောက်ကုန်လုပ်ငန်းတွေအနေနဲ့ မှတ်ပုံတင်ခြင်းအားဖြင့် စူပါမားကတ်(Supermarket) တွေမှာ တင်ရောင်းတဲ့ခါ ဌာနကခေတ်ခွဲစိစစ်ပြီး အတည်ပြုချက်ရရှိပြီးဖြစ်တဲ့အတွက် တရားဝင်ဖြစ်စေတဲ့ အားသာချက်ရှိပါတယ်။ သို့ပေမယ့် လုပ်ငန်းတစ်ခုဆိုတာက လုံလောက်တဲ့ အရင်းအနှီး၊ နည်းပညာနဲ့ ဈေးကွက်ရှိမှသာ ရေရှည်ရပ်တည်နိုင်မှာဖြစ်ပါတယ်။

အသေးစားစက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာဖို့ဆိုရင် နိုင်ငံတော်ဘက်က အရင်းအနှီးနဲ့ နည်းပညာပိုင်း ပံ့ပိုးပေးနိုင်ဖို့လိုသလို ဈေးကွက်ဖော်ဆောင်ပေးနိုင်ဖို့ လိုပါတယ်။ လက်ရှိမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ အရင်းအနှီးထောက်ပံ့ပေးနိုင်ဖို့ နည်းလမ်း ရှာဖွေဆောင်ရွက်ဆဲကာလဖြစ်ပြီး နည်းပညာပိုင်းအရ အဆင့်မီနည်းပညာတွေ ပံ့ပိုးပေးနိုင်ဖို့ လူ့စွမ်းအားအရင်းအမြစ် (Human Resources–HR) တွေ မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း စတင်လုပ်ကိုင်မယ့်သူတွေအတွက် နည်းပညာအနေနဲ့ အများကြီးမြင့်မားဖို့မလိုတဲ့အတွက် နည်းပညာပိုင်းအရ ပံ့ပိုးပေးနိုင်မှုရှိတာကို တွေ့ရပါတယ်။ အရင်းအနှီးလိုအပ်ချက်အပိုင်းကို အထက်မှာ ပြောခဲ့သလိုပဲ သမဝါယမဦးစီးဌာနရဲ့ ချေးငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေတဲ့ မြစိမ်းရောင် စီမံကိန်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်သွားနိုင်ဖို့ လုပ်ပေးရမှာဖြစ်ပါတယ်။ ကုန်စည်ပြပွဲတွေ ပြုလုပ်ပြီး လုပ်ငန်းရှင်တွေကို ကုန်ပစ္စည်းတွေ ပြသရောင်းချစေတဲ့ နည်းလမ်းမျိုးနဲ့ ဈေးကွက်ဖော်ဆောင်ပေးဖို့ လိုပါတယ်။

လုပ်ငန်းမျိုးတူတွေကို စုစည်းပြီး အသင်းအဖွဲ့အနေနဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်းအားဖြင့် ပိုမိုအားကောင်းလာစေမှာ ဖြစ်ပါတယ်။ လုပ်ငန်းတူကိုးခုရှိရင် လုပ်ငန်းမျိုးတူစု ဖွဲ့စည်းလို့ ရပါတယ်။ ယွန်းလုပ်ငန်းမှာ ဌာနက ဦးဆောင်ပြီး ယွန်းလုပ်ငန်းရှင်အသင်းဖွဲ့စည်းထားရှိသလို ရက်ကန်းလုပ်ငန်းရှင်တွေ အသင်းကိုလည်း ဖွဲ့စည်းထားရှိပါတယ်။ ဌာနအနေနဲ့ ရက်ကန်းလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်း၍ လက်ယက်ထည်တွေနဲ့ ယှဉ်ပြိုင်တဲ့ ဖက်ရှင်နဲ့ ဒီဇိုင်းပြိုင်ပွဲတွေ ပြုလုပ်ခဲ့သလို သင်တန်းပေးတာ၊ ဆွေးနွေးပွဲတွေ၊ နှီးနှောဖလှယ်ပွဲတွေနဲ့ စာတမ်းဖတ်ပွဲတွေ ပြုလုပ်တာမျိုးတွေ ဆောင်ရွက်ပေးသင့်ပါတယ်။ သီးခြားဘတ်ဂျက်မရှိတဲ့ လုပ်ငန်းတွေကို ကုန်ကျစရိတ် သက်သာစွာ ကျွဲကူးရေပါ ဆောင်ရွက်နိုင်မယ့်နည်းလမ်းတွေကို စဉ်းစားဆောင်ရွက် ကြရမှာဖြစ်ပါတယ်။

### သင်တန်းဖွင့်လှစ်ပို့ချပေးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်း

သင်တန်းအနေနဲ့ ဌာနက ဖွင့်လှစ်ပေးလျက်ရှိရာမှာ ယွန်းပညာသင်တန်း၊ ရက်ကန်းသင်တန်းနဲ့ စားသောက်ကုန်၊ လူသုံးကုန်စက်မှုလက်မှုလုပ်ငန်းဆိုင်ရာသင်တန်းဆိုပြီး သုံးပိုင်းရှိတာ တွေ့ရပါတယ်။ သင်တန်းဖွင့်လှစ်ပြီးတဲ့အခါ သင်တန်းနဲ့ သက်ဆိုင်တဲ့ စစ်တမ်းတွေ ကောက်ယူမှုရတာ၊ တစ်လတစ်ကြိမ် M& E ဆောင်ရွက်တာတွေ့ရလို့ အားရမိပါတယ်။

### ရက်ကန်းသင်တန်း

ရက်ကန်းသင်တန်းအနေနဲ့ ၁၀ တန်းအောင်တွေအတွက် ဒီပလိုမာပေးတဲ့သင်တန်း (ပုံမှန်သင်တန်း) နဲ့ အလယ်တန်းအောင်တွေအတွက် သင်တန်း (ကာလတိုသင်တန်း)ဆိုပြီး သင်တန်းနှစ်မျိုးရှိပါတယ်။ ပုံမှန်သင်တန်းမှာ ပညာအရည်အချင်းနဲ့ အသက်ကန့်သတ်ချက်ရှိပြီး ကျောင်းအဆောင်တွေပေးခြင်းနဲ့ သင်တန်းထောက်ပံ့ကြေးတွေ ပေးခြင်းတွေလည်း ရှိပါတယ်။ ဆောင်းဒါးရက်ကန်းကျောင်းအနေနဲ့ ပုံမှန်သင်တန်းတွေကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် သင်တန်းငါးမျိုး ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူဦးရေစုစုပေါင်း ၃၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရပါတယ်။ ဒီပလိုမာဘွဲ့ရရှိသူတွေအနေနဲ့ ရက်ကန်းသင်တန်းကျောင်းမှာ ဆရာ ဆရာမတွေအဖြစ် ပြန်လည်ဝင်ရောက် လုပ်ကိုင်နိုင်သလို ကိုယ်ပိုင်လုပ်ငန်းတွေ လုပ်ကိုင်နိုင်တာလည်း တွေ့ရပါတယ်။ အလယ်တန်းအောင် သင်တန်းဆင်းတွေအနေနဲ့ကတော့ မိတ္ထီလာနဲ့ ရန်ကုန်မှာရှိတဲ့ တပ်မတော်ချည်မျှင်နဲ့ အထည်စက်ရုံတွေမှာ လုပ်သားအဖြစ် သွားရောက်လုပ်ကိုင်နိုင်ကြပါတယ်။ ယနေ့အချိန် အထိစာရင်းအရ ရန်ကုန်မြို့ သမိုင်းနဲ့ မိတ္ထီလာမြို့ရှိ တပ်မတော် ချည်မျှင်နဲ့ အထည်စက်ရုံသို့ ၃၀ ရာခိုင်နှုန်းခန့်၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံတွေမှာ ၃၅ ရာခိုင်နှုန်းခန့် ဝင်ရောက်လုပ်ကိုင်လျက်ရှိတာ သိရပါတယ်။ စက်ရက်ကန်း/ လက်ရက်ကန်းနဲ့ ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်သူတွေကို ပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးလျက်ရှိတာ တွေ့ရပါတယ်။

တစ်နိုင်ငံလုံးအနေနဲ့ ဆောင်းဒါးရက်ကန်း(သိပ္ပံ) အပါအဝင် ရက်ကန်းသင်တန်းကျောင်းပေါင်း ၁၄ ကျောင်းရှိပြီး ဒီပလိုမာသင်တန်း ၁၅ ဦး၊ အထည်လိပ်ကျွမ်းကျင်သင်တန်းသား ၁၁၀၊ လက်ရက်ကန်းသင်တန်း ၇၁ ဦး တက်ရောက်လျက်ရှိကြောင်း သိရှိရပါတယ်။

သုတေသနပိုင်းအနေနဲ့ နှစ်လ တစ်ကြိမ် တီထွင်ဆန်းသစ်မှုတွေကို စမ်းသပ်ပြီး သုတေသနတွေကို ရုံးချုပ်သို့ တင်ပြရပြီး တီထွင်ဆန်းသစ်မှုအနေနဲ့ လက်ငင်ချည်၊ ရွှေချည်ငွေချည်ထိုးတွေ၊ ဂျပ်ခုတ်ထည်များကိုလည်း သုတေသနပြုလုပ်၍ ဈေးကွက်ဝင်အထည်တွေဖြစ်စေရေး ဆောင်ရွက်သွားဖို့ စီစဉ်လျက်ရှိတာ သိရပါတယ်။ *စာမျက်နှာ ၁၂ သို့*

❒ **အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ Micro Enterprise ပိုင်းကို အဓိကထား လုပ်ကိုင်တာဖြစ်ပြီး အသေးစားနဲ့ အလတ်စားလုပ်ငန်းပေါင်း သိန်းကျော်ရှိနေပါတယ်။ SME မှတ်ပုံတင်ပြီး အဖွဲ့ဝင်ကတ် ထုတ်ပေးထားတဲ့ လုပ်ငန်း ၇၀၀၀၀ ကျော်နဲ့ Micro Enterprise အနေနဲ့ မှတ်ပုံတင်ပြီးလုပ်ငန်းပေါင်း ၁၄၀၀၀ ကျော်ရှိနေပြီ**

စာမျက်နှာ ၁၁ မှ

ချည်ခိုင်အားနဲ့ ဆေးတာရှည်ခံအောင် ဆောင်ရွက်ရန်အချက်တွေကို စမ်းသပ်ခြင်းတွေ ဆောင်ရွက်လျက်ရှိသလို ရိုးရာမပျက်အောင် တီထွင်ဆန်းသစ်မှုတွေ ဆောင်ရွက်လျက်ရှိခြင်း၊ သင်တန်းကျောင်းဆင်း လက်ရာတွေကိုလည်း ဒီဇိုင်းပြပွဲပြိုင်ပွဲတွေ ပြုလုပ်၍ ယှဉ်ပြိုင်စေခြင်းနဲ့ လုပ်ငန်းရှင်တွေကိုလည်း ယှဉ်ပြိုင်စေခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ သင်တန်းသူတွေအနေနဲ့ အသိအမြင်ဗဟုသုတနဲ့ လုပ်ငန်းနယ်ပယ်ကို သိရှိနိုင်စေခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိစေမှာဖြစ်ပါတယ်။ ချည်ခံအားတိုင်းတာသည့်စက်နဲ့ နေရောင်ခံအားစမ်းသည့်စက်တွေ ကျောင်းတိုင်းတွင်ရှိပြီး စမ်းသပ်မှုတွေလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

## စားသောက်ကုန်၊ လူသုံးကုန်နှင့် စက်မှုလက်မှုသင်တန်း

စားသောက်ကုန်၊ လူသုံးကုန်နဲ့ စက်မှုလက်မှု သင်တန်းတွေကို ပညာအရည်အချင်းအနေနဲ့ အလယ်တန်းအောင် သတ်မှတ်ထားပါတယ်။ စားသောက်ကုန်သင်တန်းဟာ သီးနှံတွေအများဆုံးထွက်တဲ့ ရှမ်းပြည်နယ်နဲ့ ပြင်ဦးလွင်တို့မှာ ဒေသနဲ့ ကိုက်ညီတဲ့အတွက် အအောင်မြင်ဆုံး ဖြစ်ပါတယ်။ လူသုံးကုန်အနေနဲ့ ဆပ်ပြာနဲ့ ခေါင်းလျှော်ရည် ပြုလုပ်နည်း သင်တန်းတွေကို သင်ကြားပေးပြီး စက်မှုလက်မှုလုပ်ငန်းအနေနဲ့ သံဂဟေဆက်နည်း၊ မော်တော်ဆိုင်ကယ်ပြင်သင်တန်းနဲ့ အိမ်တွင်းမီးရိုက်သင်တန်းတွေ သင်ကြားပေးပါတယ်။ သင်တန်းတက်ရောက်လိုသူ များပြားသော်လည်း သင်ကြားပြသပေးမယ့် နည်းပြအင်အားနည်းပါးတာ၊ သင်တန်းပြီးမြောက်သော်လည်း လုပ်ငန်းလုပ်ကိုင်နိုင်ဖို့ ငွေကြေးအရင်းအနှီး ထောက်ပံ့မပေးနိုင်တာတွေကြောင့် အကျိုးသိပ်မများသလို ဖြစ်နေတာတွေ့ရပါတယ်။ သင်တန်းတစ်ကြိမ်မှာ အနည်းဆုံး သင်တန်းသားဦးရေ ငါးဦးကို ရင်းနှီးထောက်ပံ့ငွေအဖြစ် သင်တန်းအတွက် အသုံးစရိတ်ခေါင်းစဉ်အောက်မှ ထုတ်ချေးပေးပြီး တစ်နှစ် အကြာမှာ နိုင်ငံတော်သို့ ပြန်လည်ပေးဆပ်တဲ့စနစ်ကို ဆောင်ရွက်ပါက ပိုမိုအကျိုးရှိမယ်လို့ ယူဆမိပါတယ်။

စားသောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေကို ဒေသအလိုက် ထုတ်လုပ်ရောင်းချသုံးစွဲနိုင်ဖို့ လွန်စွာအရေးကြီးပါတယ်။ နိုင်ငံတကာက တင်သွင်းနေရတာတွေ လျှော့ချသင့်ပြီး ပြည်တွင်းထုတ်လုပ်မှုကို တိုးမြှင့်သင့်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်နေတာမို့ ကုန်ကြမ်းအလွယ်တကူရှိပြီး သန့်ရှင်းလတ်ဆတ်အန္တရာယ်ကင်းတဲ့ စားသောက်ကုန်တွေ များများထုတ်ပြီး ပြည်ပတင်သွင်းမှုကို လျှော့ချသင့်ပါတယ်။

## သင်ကြားလေ့ကျင့်မှုစင်တာ ဖွင့်လှစ်ထားရှိမှုနှင့် အကျိုးပြုနိုင်မှု

ဌာနမှ သင်တန်းပေးသော်လည်း လုပ်ငန်းရှင်ထွက်ပေါ်လာမှုမှာ နည်းပါးသဖြင့် ဌာနမှ မူဝါဒပြောင်း၍ အလုပ်လုပ်ချင်သူတွေကိုသာ ပို့ချပေးသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုမှ စတင်လုပ်ကိုင်မယ့်လုပ်ငန်းရှင်တွေကို သင်ကြားပို့ချပေးခြင်းနှင့် လုပ်ငန်းတိုးချဲ့ လုပ်ကိုင်လိုသည့်လုပ်ငန်းရှင်တွေကို သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လုပ်ငန်းရှင်ဘက်မှ လိုချင်သည့်နည်းပညာကိုသာ ဌာနဘက်မှ သင်ကြားပေးခြင်းနှင့် နည်းပညာဆိုင်ရာ ကူညီထောက်ပံ့ပေးခြင်း၊ အောင်မြင်နေသော လုပ်ငန်းရှင်များဆီသို့ လေ့လာရေး စေလွှတ်ပေးခြင်းနှင့် ဌာနရှိဓာတ်ခွဲခန်းတွင် စမ်းသပ်၍ ကောင်းမွန်ပါက မှတ်ပုံတင်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်နယ်/တိုင်းဒေသကြီးများတွင် သင်ကြားလေ့ကျင့်မှုစင်တာ (Incubation Center) များ ဖွင့်လှစ်လျက်ရှိကြောင်း သိရှိရသည်။ လုပ်ငန်းရှင်များဘက်မှ နည်းပညာများ တောင်းခံခြင်းများရှိသလို ပြည်နယ်/ တိုင်းဒေသကြီးများတွင် သင်တန်းများ ကြော်ငြာသဖြင့် လာရောက်ဆက်သွယ်ခြင်းများလည်း ရှိပါသည်။ ဌာနမှ နှစ်စဉ်သင်တန်းလျာထားချက်များအလိုက် မီဒီယာမှတစ်ဆင့် ကြော်ငြာကာ ဖွင့်လှစ်လျက်ရှိပြီး ရန်ကုန်နှင့် မန္တလေးတို့တွင် ဌာနမှ သီးခြားခေါ်ယူစရာမလိုဘဲ တက်ရောက်လိုသော သင်တန်းသားများ များပြားလျက်ရှိပြီး အောင်မြင်မှုရှိသည်ကို တွေ့ရသည်။ သင်ကြားလေ့ကျင့်မှုစင်တာကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် စတင်ခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ဖွင့်လှစ်သင်ကြားပြီး လုပ်ငန်းရှင်များ မွေးထုတ်ပေးလျက်ရှိသည်။

အသေးစား စက်မှုလက်မှုလုပ်ငန်းတွေ၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာစေရေးအတွက် နည်းလမ်းအသွယ်သွယ်နဲ့ ဆောင်ရွက်လျက်ရှိသလို ဥပဒေ၊ နည်းဥပဒေနဲ့ မူဝါဒပိုင်းအရလည်း ခိုင်ခိုင်မာမာ ချမှတ်ထားရှိပြီးဖြစ်တာကို တွေ့ရပါတယ်။ ပြည်တွင်း သယံဇာတ ပစ္စည်းတွေကို ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်ခြင်း၊ ရိုးရာလက်မှုပညာတွေ ထိန်းသိမ်းခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေခြင်း စတဲ့ အခြေခံမှုတွေ ပါဝင်တာ တွေ့ရပါတယ်။ ဒီနေရာမှာ စဉ်းစားရမှာက SME ဥပဒေနဲ့ ဌာနရဲ့ဥပဒေအကြားကွာဟနေတဲ့ အချက်ဖြစ်ပါတယ်။ SME ဥပဒေ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ရင်းနှီးမတည်ငွေနဲ့ လုပ်သားအင်အားပေါ်မူတည်၍ သတ်မှတ်ထားရှိပြီး ဌာနရဲ့ ဥပဒေမှာ ထုတ်လုပ်နိုင်စွမ်း (မြင်းကောင်ရေအား)နဲ့ လုပ်သားအင်အားအပေါ်မူတည်ပြီး သတ်မှတ်ထားရှိတာဖြစ်ပါတယ်။ မြေပြင်နဲ့ ကိုက်ညီမှုရှိအောင် ဥပဒေ၊ နည်းဥပဒေကို တဖြည်းဖြည်း ပြင်ဆင်သွားနိုင်ဖို့ စဉ်းစားကြရပါမယ်။ မည်သို့ဆိုစေ ဥပဒေအရ သတ်မှတ်ထားတဲ့အချက်တွေကိုတော့ မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ဖို့၊ လိုက်နာဆောင်ရွက်ကြဖို့ လိုပါတယ်။

အသေးစား စက်မှုလက်မှုလုပ်ငန်းတွေ၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးရေးကို စဉ်းစားကြရာမှာ ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမြှင့်ထုတ်ကုန်တွေ ဖြစ်လာစေဖို့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product)ကဲ့သို့ ပုဂ္ဂလိက–ပြည်သူနဲ့ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးလာစေဖို့ရာ မဖြစ်မနေ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ ဆန်၊ ဂျုံ၊ ပြောင်းနဲ့ စိုက်ပျိုးရေးသီးနှံတွေကို အခြေခံပြီး ယခင်နှစ်တွေမှာ ဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး အကောင်အထည်ဖော်နိုင်ဖို့လည်း လျာထားကြိုးပမ်းလျက်ရှိပေမယ့် ကျေးရွာတွေအထိ ကွင်းဆင်း၍ စနစ်တကျ ဆောင်ရွက်ရန်အတွက် ဝန်ထမ်းအင်အား အခက်အခဲရှိနေတာ တွေ့ရပါတယ်။ ခရိုင်အဆင့်အထိ ရုံးတွေတိုးချဲ့ ဖွင့်လှစ်သွားဖို့ ရှိတဲ့အတွက် ဝန်ထမ်းအင်အား အခက်အခဲကတော့ အဆင်ပြေသွားမှာ ဖြစ်ပါတယ်။ ဌာနအနေနဲ့ ဘတ်ဂျက်မှာ လုပ်ငန်းလျာထားပြီး စီမံကိန်းရေးဆွဲဆောင်ရွက်နိုင်ပါက ပိုမိုကောင်းမွန်မယ်လို့ ရှုမြင်မိပါတယ်။ လက်ရှိမှာတော့ တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ ပြည်နယ်/တိုင်းဒေသကြီးရှိ ဒေသထွက်ကုန်တွေအလိုက် သုတေသနလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပမာအနေဖြင့် မကွေးတိုင်းဒေသကြီးမှာ ဆီး၊ မန်ကျည်းတွေပေါသဖြင့် ဌာနမှ ဆီး၊ မန်ကျည်း ဖျော်ရည်သင်တန်းတွေ ပို့ချခဲ့ပြီး လုပ်ငန်းရှင်တွေမှ ဆီး၊ မန်ကျည်းဖျော်ရည်တွေကို ထုတ်လုပ်ပြီး နိုင်ငံခြားအထိ တင်ပို့ပေးနိုင်ပြီဖြစ်ပါတယ်။ ပြင်ဦးလွင်မှာ တစ်ချိန်တုန်းက မက်မန်းသီးတစ်မျိုးသာ ထုတ်လုပ်နိုင်ပြီး ဌာနမှ သင်တန်းတွေပို့ပေးသဖြင့် ယိုစုံတွေ ထုတ်လုပ်နိုင်သဖြင့် မက်မန်းလုပ်ငန်းရှင်မှ ယိုစုံလုပ်ငန်းရှင်တွေ ဖြစ်လာတာ သိရတဲ့အတွက် အားတက်မိရပါတယ်။ ဌာနနဲ့ MoU ရေးထိုးထားတဲ့ Asia Crank Link အဖွဲ့ဟာ ဂျပန်နိုင်ငံလေဆိပ်မှာ မြန်မာနိုင်ငံ၏ ရှောစောင်တဘက်တွေနှင့် သစ်သားနဲ့ ပြုလုပ်ထားတဲ့ လက်မှုထည်တွေကို ရောင်းချလျက်ရှိပြီးလုပ်ငန်းရှင်တွေ အောင်မြင်သဖြင့် အလုပ်အကိုင် အခွင့်အလမ်းတွေ ပိုမိုရရှိလာတာ၊ အမရပူရရှိ ပန်းပုရုပ်ထုလုပ်ငန်းတွေဟာ နိုင်ငံခြားတင်ပို့ဖို့ အခက်အခဲရှိသဖြင့် ဌာနမှ ချိတ်ဆက်ဆောင်ရွက်မှုတွေ ပြုလုပ်ပေးနိုင်ခဲ့ရာ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်လျက်ရှိတာတို့ကို တွေ့ရတာ အားရစရာပါပဲ။

နိုင်ငံတော်အကြီးအကဲနဲ့ ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်ချက်နဲ့အညီ ဌာနရဲ့ လုပ်ငန်းတွေကို အသေးစားစက်မှုလက်မှုဦးစီးဌာန၊ သမဝါယမဦးစီးဌာနနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းပြီး ချေးငွေမရရှိလျှင်သော်မှ ရသလောက်ဖြင့် Pilot စီမံကိန်းတွေ ဆောင်ရွက်သွားနိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ စံပြကျေးရွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေဖို့ သင့်လျော်တဲ့ ကျေးရွာတွေကို ရွေးချယ်ထားပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ သက်ဆိုင်သူတွေ/ ဌာနဆိုင်ရာတွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရင် ပိုမိုခရီးရောက်မှာ ဖြစ်ပါတယ်။ စံပြကျေးရွာတွေ တည်ထောင်နိုင်ပြီး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် ကျေးလက်ကုန်ထုတ်လုပ်မှုအတွက် အရေးကြီးတဲ့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေ၊ အသေးစားစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းတွေပိုမိုဖွံ့ဖြိုးလာစေမှာ ဖြစ်ပါတယ်။ မူဝါဒပိုင်းဆိုင်ရာအနေနဲ့ကတော့ အဓိကလိုအပ်ချက်ဖြစ်တဲ့ အရင်းအနှီးနဲ့ ဈေးကွက်ပိုင်းကို သမားရိုးကျမဟုတ်သော၊ အောင်မြင်မှုကြိုးစားမှု အလိုက်သော်လည်းကောင်း၊ သွင်းကုန်လျှော့ချနိုင်မှု အရသော်လည်းကောင်း၊ တီထွင်ဆန်းသစ်မှု အရသော်လည်းကောင်း သင့်တော်သလို စံသတ်မှတ်ချက်ထားပြီး နည်းလမ်းတွေ ရှာဖွေဖော်ထုတ်၍ နိုင်ငံတော်ဘက်မှ ပံ့ပိုးသွားရမည်ဖြစ်ကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။ ။

**ရည်ညွှန်းကိုးကားချက်**


- **Myanmar Micro, Small, and Medium Enterprise Survey 2019 Descriptive Report**
- **အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅)**
- **အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနည်းဥပဒေ (၂၀၁၆)**
- **အသေးစားစက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေ (၂၀၁၁)**


---

စာမျက်နှာ ၁၀ မှ

၇။ မဟာသမယကိုအကြောင်းပြု၍ ဂဠုန်နှင့် နဂါးတို့ ခိုက်ရန်မဖက် မေတ္တာသက်ဝင်သောနေ့ဖြစ်၍ ထူးခြားခြင်း၊

၈။ မဟာသမယဆိုင်ရာ သုတ္တန်ခုနစ်မျိုးကို ဟောကြားသောနေ့ဖြစ်၍ ထူးခြားခြင်း၊

၉။ ဘိက္ခုနီသာသနာလမ်းစပေါ်သောနေ့ဖြစ်၍ ထူးခြားခြင်းဆိုပြီး စာပေကျမ်းဂန်တွေ မှာ ဖော်ပြထားတယ်ကွယ့်။ ဒီထူးခြားမှုတွေကို အာရုံပြုပြီး ဗုဒ္ဓဘာသာဝင်တို့က နယုန်လပြည့်နေ့ကို မဟာသမယအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပကြခြင်း ဖြစ်တယ်ကွယ့်။

ပြီးတော့ နယုန်လပြည့်နေ့ဟာ ဗုဒ္ဓဘာသာဝင်တွေအတွက်ပဲ ဘယ်ဟုတ်လောက်မလဲ မောင်မြင့်အေးရေ။ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ ဟုန်းဟုန်းတောက်လောင်နေတဲ့ ယနေ့ကမ္ဘာကြီး ငြိမ်းချမ်းစေဖို့၊ ကမ္ဘာသူ ကမ္ဘာသားတွေ အေးချမ်းစေဖို့ ဗုဒ္ဓဝင်သမိုင်းမှာ ငြိမ်းချမ်းရေးမှတ်တိုင် စိုက်ထူနိုင်ခဲ့တဲ့ နယုန်လပြည့် မဟာသမယနေ့ကို လူသားမျိုးနွယ်အဆက်ဆက် လေ့လာသင်ခန်းစာယူသင့်တာပေါ့။

ကပိလဝတ်နဲ့ ကောလိယ နှစ်ပြည်ထောင်ကို မြတ်စွာဘုရားရှင် ဆိုဆုံးမခဲ့တဲ့ . . .

“အနည်းငယ်မျှ အဖိုးထိုက်တန်သောရေကလေးအတွက် အဖိုးမဖြတ်နိုင်သော အသက်သွေးများ အဆုံးရှုံးခံရခြင်းမှာ မသင့်လျော်လေစွတကား”ဆိုတဲ့ အဆုံးအမ စကားတော်ကိုလည်း အလေးအနက် သုံးသပ်ဆင်ခြင် နာယူမှတ်သားသင့်တာပေါ့ကွယ်”

“ဟုတ်ကဲ့ပါ ဘကြီးကောင်း၊ လာမယ့်နယုန်လပြည့် မဟာသမယအခါတော်နေ့တွေတိုင်းမှာ ကျွန်တော်လည်း မဟာသမယသုတ်ကို ရွတ်ပွားပူဇော်ပါဦးမယ်”

“အေးကွယ်၊ သာဓုခေါ်ပါတယ် မောင်မြင့်အေးရေ။ ကမ္ဘာသူ ကမ္ဘာသားအပေါင်း ငြင်းခုံခိုက်ရန်ဘေးတွေ၊ စစ်ဘေးအန္တရာယ်တွေ ကင်းဝေးပြီး ငြိမ်းချမ်းစေဖို့ မေတ္တာပို့သဖို့လည်း မမေ့နဲ့ဦး။ ဘကြီးကောင်းလည်း မဟာသမယအမွှန်း ရှစ်လုံးဖွဲ့ ကဗျာလေးကို ဆက်ရွတ်ပွား ကြည်ညိုလိုက်ဦးမယ်။”

**“မဟာသမယ၊ ကာလကြိုက်ကြုံ၊**
**အမြဲရန်ပွား၊ နဂါး ဂဠုန်။**
**ဘေးရန်ကင်းလို့၊ ချစ်ခြင်းပြည့်စုံ၊**
**အတူတွဲ၊ နတ်ပွဲပျော်ကြကုန်။”**
**“နယုန်လမြတ်၊ ပြည့်လတ်ချိန်ပေ၊**
**ဂဠုန် နဂါး၊ သိကြား ဗြဟ္မာ။**
**ဘဘုရားက၊ ဟောကြားမွေ့၊**
**သမယ၊ ရွတ်ကြများဝေနေ။”**
**“ကမ္ဘာသူ ကမ္ဘာသား၊ အများဝေနေ၊**
**ဘေးရန်ခပ်သိမ်း၊ ကင်းငြိမ်းပါစေ။**
**ရွတ်ဖတ်သူက၊ သွန်းချသြောင်ရေ၊**
**အမြဲပ၊ နိစ္စ ဆုပန်ဝေ။”**

========

ကျမ်းကိုး ။ ။ ၁၀-၈-၁၉၅၇ ရက်ထုတ် သာသနာ့ရောင်ခြည် စာစောင်ပါ မဟာသမယအမွှမ်း ရှစ်လုံးဖွဲ့ ကဗျာများ၊

မာဂဓီ(သာစည်)၏ အခါတော်နေ့များ၊

ဝဏ္ဏသီရိ၏ညီတော်အာနန္ဒာ၏ တစ်သက်တာ မှတ်တမ်းများ(ပထမတွဲ)

# ဗြိတိန်ဘုရင်မကြီး အဲလိဇဘတ် ကမ္ဘာ့သမိုင်းတွင် ထီးနန်းစံဒုတိယသက်တမ်းအရှည်ဆုံး စိုးစံအုပ်ချုပ်သူဖြစ်လာ




**လန်ဒန် ဇွန် ၁၃**

ဗြိတိန်ဘုရင်မကြီး အဲလိဇဘတ်သည် ကမ္ဘာ့သမိုင်းတွင် ထီးနန်းစံဒုတိယသက်တမ်းအရှည်ဆုံး စိုးစံအုပ်ချုပ်သည့် ဘုရင်မကြီးဖြစ်ကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့သည်။ ဘုရင်မကြီးသည် နှစ်ပေါင်း ၇၀ နှင့် ၁၂၇ ရက်တိုင်တိုင် စိုးစံအုပ်ချုပ်ခဲ့ပြီးဖြစ်သည်။

ဘုရင်မကြီး အဲလိဇဘတ်သည် ၂၀၁၆ ခုနှစ်က ကွယ်လွန်ခဲ့သော ထိုင်းဘုရင် ဘူမိဘောအဒူလျာဒက်ချ်၏ ထီးနန်းစိုးစံအုပ်ချုပ်သည့်ကာလကို ကျော်လွန်ခဲ့သည်။

ဘုရင်မကြီး အဲလိဇဘတ်သည် ၁၄ ဆက်မြောက် ပြင်သစ်ဘုရင် လူးဝစ်လောက် ထီးနန်းစိုးစံသည့်ကာလ မရှည်ကြာခဲ့ပေ။ ပြင်သစ်ဘုရင်သည် ၁၆၄၃ ခုနှစ်မှ ၁၇၁၅ ခုနှစ်အတွင်း နှစ်ပေါင်း ၇၂ နှစ်နှင့် ရက် ၁၁၀ တိုင်တိုင် ထီးနန်းစိုးစံအုပ်ချုပ်ခဲ့သည်။

၁၉၅၂ ခုနှစ် ဖခင်ကွယ်လွန်ပြီးနောက် ဘုရင်မကြီးသည် အသက် ၂၅ နှစ်တွင် ထီးနန်းကို စတင်စိုးစံခဲ့သည်။

ဗြိတိန်ပြည်သူများက ဘုရင်မကြီး ထီးနန်းစိုးစံခြင်း နှစ် (၇၀) အထိမ်းအမှတ်အဖြစ် ပလက်တီနမ်ရတု ကျင်းပပေးရန် လုပ်ဆောင်စဉ် ထိုကဲ့သို့ သမိုင်းမှတ်တိုင်တစ်ရပ် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဘုရင်မကြီးသည် ယခုအခါတွင် အသက် (၉၆) နှစ်ရှိပြီဖြစ်သည်။

အင်န်အိတ်ချ်ကေ

# ဥရောပကော်မရှင်အကြီးအကဲနှင့် အီတလီဝန်ကြီးချုပ် စွမ်းအင်ကိစ္စဆွေးနွေးရန် အစ္စရေးသို့ သွားရောက်



အီတလီ ဝန်ကြီးချုပ် မာရီယိုဒရက်ဂီ

**ဂျေရုဆလင် ဇွန် ၁၃**

ဥရောပကော်မရှင်အကြီးအကဲ အာဆူလာဗွန်ဒါလီယန်နှင့် အီတလီဝန်ကြီးချုပ် မာရီယိုဒရက်ဂီတို့သည် စွမ်းအင်ကိစ္စဆွေးနွေးရန် အစ္စရေးသို့ ဇွန် ၁၃ ရက်က ထွက်ခွာခဲ့သည်။

ခေါင်းဆောင်နှစ်ဦးတို့သည် အစ္စရေးတွင် စွမ်းအင်ကိစ္စ ဆွေးနွေးမှုပြုလုပ်သည်။ အဓိကကမ်းလွန်သဘာဝဓာတ်ငွေ့ကို ရှာဖွေတွေ့ရှိခဲ့သောကြောင့် အစ္စရေးသည် မကြာသေးမီနှစ်များအတွင်း သဘာဝဓာတ်ငွေ့တင်သွင်းသည့်နိုင်ငံအဖြစ်မှ တင်ပို့သည့်နိုင်ငံအဖြစ်သို့ ပြောင်းလဲလာခဲ့သည်။

ဗွန်ဒါလီယန်သည် နိုင်ငံခြားရေးဝန်ကြီး ယာလာပစ်နှင့် ဇွန် ၁၃ ရက်ကတွေ့ဆုံပြီး ဝန်ကြီးချုပ် နဖ်တာလီဘန်းနက်နှင့် ဇွန် ၁၄ ရက်တွင်တွေ့ဆုံမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးမှုတွင် စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအကြောင်း ဆွေးနွေးမည်ဖြစ်ကြောင်း ဥရောပကော်မရှင်ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်းခရီးစဉ်သည် လွန်ခဲ့သောနှစ်က ရာထူးအာဏာစတင်ရရှိခဲ့သည့် အီတလီဝန်ကြီးချုပ် မာရီယိုဒရက်ဂီ၏ပထမဆုံး နိုင်ငံရပ်ခြား ခရီးစဉ်တစ်ခုဖြစ်ခဲ့ပြီး စွမ်းအင်နှင့် အစားအစာလုံခြုံစိတ်ချမှုတို့ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း အီတလီမီဒီယာများက ဖော်ပြသည်။

ခေါင်းဆောင်နှစ်ဦးစလုံးသည် ဇွန် ၁၄ ရက်တွင် ပါလက်စတိုင်းဝန်ကြီးချုပ် မိုဟာမက် ရှာတေရက်နှင့် အနောက်ဘက်ကမ်း (West Bank) တွင်တွေ့ဆုံမည်ဖြစ်သည်။

အေအက်ဖ်ပီ



ဥရောပကော်မရှင်အကြီးအကဲ အာဆူလာဗွန်ဒါလီယန်

# နိုင်ဂျီးရီးယားအနောက်မြောက်ပိုင်း၌ မင်္ဂလာဆောင် ဧည့်သည် ၃၀ ပြန်ပေးဆွဲခံရ

**ကာနို ဇွန် ၁၃**

နိုင်ဂျီးရီးယားအနောက်မြောက်ပိုင်း၌ သေနတ်သမားများက မင်္ဂလာဆောင်ဧည့်သည် ၃၀ ကို စနေနေ့တွင် ပြန်ပေးဆွဲမှုဖြစ်ပွားကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါ ပြန်ပေးဆွဲခံရသူများသည် မိုဘိုင်းဖုန်းကုန်သည်များဖြစ်ကြပြီး ဆာကိုတိုပြည်နယ်၌ လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ မင်္ဂလာဆောင်ပွဲတက်ပြီးနောက် ဇမ်ဖာရာပြည်နယ် ဂူဆူအူမြို့သို့ အပြန်တွင် ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ဆာကိုတိုပြည်နယ်ရှိ လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ မင်္ဂလာဆောင်မှအပြန် အဖွဲ့ဝင် ၃၀ ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း ဇမ်ဖာရာပြည်နယ်ရှိ မိုဘိုင်းကုန်သည်များသမဂ္ဂမှ အကြီးအကဲဖြစ်သူ ကာဘီယူ ဂါဘာမူတာက ပြောသည်။

မင်္ဂလာဆောင်ဧည့်သည် ၅၀ ပါသော ဘတ်စ်ကားလေးစီးအနက် တစ်စီး ပျက်သွားပြီးနောက် လမ်းပါ ဘာကူရာရွာတွင် ရပ်နားနေစဉ် ပြန်ပေးဆွဲသူများက ၎င်းတို့ကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ထို့နောက်တွင် ၂၀ မှာ လွတ်မြောက်သွားပြီး ၃၀ မှာ ဖမ်းဆီးခံခဲ့ရကြောင်း အမည်မဖော်လိုသူတစ်ဦးက ပြောသည်။ **အေအက်ဖ်ပီ**

# ဗီယက်နမ်နိုင်ငံတွင် စက်သုံးဆီဈေးနှုန်းများ စံချိန်တင်မြင့်တက်

**ဟနွိုင်း ဇွန် ၁၃**

ဗီယက်နမ်နိုင်ငံတွင် စက်သုံးဆီဈေးနှုန်းများ ယခုနှစ်အတွင်း (၁၁) ကြိမ်မြောက်အဖြစ် စံချိန်တင်အထိ မြင့်တက်လာခဲ့သည်။




ဇွန် ၁၃ ရက်တွင် RON 95 ဈေးနှုန်းမှာ တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၇၉၇ (အမေရိကန်ဒေါ်လာ ၀.၀၃၄ )အထိ မြင့်တက်လာခဲ့သည်။

ထို့အတူ RON 92 ဈေးနှုန်းမှာ တစ်လီတာလျှင် ဗီယက်နမ်ဒေါင် ၈၈၂ အထိမြင့်တက်လာခဲ့ပြီး ဒီဇယ်ဆီဈေးနှုန်းမှာလည်း ၂၆၂၆ ဗီယက်နမ်ဒေါင်အထိ မြင့်တက်လာခဲ့သည်။ ယခုနှစ်မှစတင်ကာ စက်သုံးဆီဈေးနှုန်းများကို (၁၄) ကြိမ်မြောက် ညှိနှိုင်းပေးခဲ့သည်။ ဧပြီ ၂၁ ရက်မှစကာ ခြောက်ကြိမ်ဆက်တိုက် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

ဗီယက်နမ်နိုင်ငံရှိ လောင်စာဆီရောင်းချသည့် ဆိုင်တစ်ဆိုင်တွင် ဆီဖြည့်နေသည့် ဆိုင်ကယ်များကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ၌ ကိုဗစ် - ၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၈၀၀၀ ကျော်လွန်လာခြင်းမှာ သုံးရက်ဆက်ရှိပြီဖြစ်

**နယူးဒေလီ ဇွန် ၁၃**

အိန္ဒိယနိုင်ငံသည် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၀၈၄ ဦး ထပ်မံတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ သိရသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၀ ဦးရှိသည့်အတွက် အဆိုပါရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၅၂၄၇၇၁ ဦးအထိ ရှိလာပြီဖြစ်သည်။ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း အိန္ဒိယနိုင်ငံ၌ ၂၄ နာရီတိုင်း ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူအရေအတွက် တိုးလာကြောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များကို အာဏာပိုင်များက ပိုမိုတင်းကျပ်စွာ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ် - ၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၈၀၀၀ ကျော်လွန်လာခြင်းမှာ သုံးရက်ဆက်ရှိပြီဖြစ်ကြောင်း သိရသည်။ သို့သော်လည်း နောက်ထပ် ကိုဗစ်-၁၉ လှိုင်းဖြစ်နိုင်ခြေကို သက်ဆိုင်ရာကျန်းမာရေးအာဏာပိုင်များက ငြင်းပယ်ထားသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ပိုးတွေ့ဆဲလူနာ ၄၇၉၉၅ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီကထက် ၃၄၈၂ ဦး တိုးလာကြောင်း သိရသည်။

ဆင်ဟွာ

# ဂျော်ဒန်နှင့် အယ်လ်ဂျီးရီးယား နှစ်နိုင်ငံကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန်မျှော်လင့်



ဂျော်ဒန်နိုင်ငံ ဝန်ကြီး ယူဆက်ဖ် ရှာမလီနှင့် အယ်လ်ဂျီးရီးယားနိုင်ငံ ဝန်ကြီး ကာမယ် ရီဇင့်တို့ တွေ့ဆုံဆွေးနွေးကြစဉ်။။

အမ္မန် ဇွန် ၁၃

**ဂျော်ဒန်နိုင်ငံနှင့် အယ်လ်ဂျီးရီးယားနိုင်ငံတို့သည် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန် ဇွန် ၁၂ ရက်က ဆွေးနွေးကြကြောင်း ဂျော်ဒန်နိုင်ငံ စက်မှု၊ ကုန်သွယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။**

အယ်လ်ဂျီးရီးယားနိုင်ငံ မြို့တော် အယ်လ်ဂျီးယားစ်၌ အယ်လ်ဂျီးရီးယား ကုန်သွယ်ရေးနှင့် ပို့ကုန်မြှင့်တင်ရေးဝန်ကြီး ကာမယ် ရီဇင့်နှင့် တွေ့ဆုံရာတွင် ဂျော်ဒန်နိုင်ငံ စက်မှု၊ ကုန်သွယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီး ယူဆက်ဖ် ရှာမလီက ကဏ္ဍပေါင်းစုံ၌ အယ်လ်ဂျီးရီးယား နိုင်ငံနှင့်အတူ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရန် စိတ်အားထက်သန်မှုရှိကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ စိန်ခေါ်မှုများနှင့် ဂယက်ရိုက်ခတ်မှုများကို တုံ့ပြန်ရန် ယင်းပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကိုလည်း ၎င်းက မီးမောင်းထိုးပြခဲ့သည်။

ဂျော်ဒန်နှင့် အယ်လ်ဂျီးရီးယားနိုင်ငံကြား ကုန်သွယ်မှုပမာဏသည် ၂၀၂၂ ခုနှစ် ပထမသုံးလပတ်တွင် အမေရိကန်ဒေါ်လာ ၇၂ သန်းခန့်ရှိပြီး ၂၀၂၁ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ ၃၂ သန်းရှိကြောင်း ဂျော်ဒန်နိုင်ငံ စက်မှု၊ ကုန်သွယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီး ရှာမလီက ပြောကြားသည်။

အယ်လ်ဂျီးရီးယား ဝန်ကြီး ရီဇင့် သည် စီးပွားရေးအခွင့်အလမ်းများကို ခိုင်မာသော ပရောဂျက်များအဖြစ် ပြောင်းလဲရန် နှစ်နိုင်ငံစလုံးမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအား တိုက်တွန်းထားသည်။

ဆင်ဟွာ

# မွန်ဂိုလီးယားနယ်စပ်တစ်လျှောက်တွင် သစ်ပင် ၁၆ သန်း စိုက်ပျိုးကာ အစိမ်းရောင်တံတိုင်း တည်ဆောက်မည်

**အူလန်ဘာတာ ဇွန် ၁၃**

မွန်ဂိုလီးယားနိုင်ငံသည် တစ်စတစ်စ သဲကန္တာရဖြစ်လာမှုကို ဟန့်တားနိုင်ရန်အတွက် ၂၀၃၀ ပြည့်နှစ်မတိုင်မီ ၎င်း၏ နယ်စပ်တစ်လျှောက်ကို အနည်းဆုံး သစ်ပင် ၁၆ သန်းခန့် စိုက်ပျိုးကာ အစိမ်းရောင်တံတိုင်းတစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း မွန်ဂိုလီးယားသမ္မတရုံးက ပြောသည်။

မျှော်မှန်းထားသည့် ရည်မှန်းချက် အောင်မြင်ရန်အတွက် နယ်စပ်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် အထွေထွေအာဏာပိုင်အဖွဲ့အားလုံးတွင် ကျွမ်းကျင်သော စိုက်ပျိုးရေးပညာရှင်များကို ခန့်အပ်ထားကြောင်း၊ ထို့အပြင် သစ်ပင်စိုက်ပျိုးခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်း သင်တန်းများပေးရန်လည်း စီစဉ်ထားကြောင်း ဇွန် ၁၃ ရက်တွင် သမ္မတရုံးက ပြောသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးမှုကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလကတည်းက စတင်ခဲ့ကြောင်း သိရသည်။ မွန်ဂိုလီးယားနိုင်ငံ၏ ၇၇ ရာခိုင်နှုန်းနီးပါးသည် သဲကန္တာရဖြစ်ထွန်းမှုနှင့် မြေယာပျက်စီးမှု ကြုံတွေ့နေရကြောင်း သဘာဝပတ်ဝန်းကျင်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

ဆင်ဟွာ

# တိုကျိုမြို့၌ ငါးလခန့်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၀၀ အောက်လျော့နည်း

**တိုကျို ဇွန် ၁၃**

တိုကျိုမြို့တွင် ဇွန် ၁၃ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၉၆၀ တွေ့ရှိကြောင်း တိုကျိုမြို့တော်အစိုးရ တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါပမာဏသည် ငါးလခန့်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ပထမဆုံး ၁၀၀၀ အောက်လျော့နည်းလာခြင်း ဖြစ်သည်။

တိုကျိုမြို့တွင် နောက်ဆုံးစာရင်းပမာဏမှာ ပြီးခဲ့သည့်ရက်သတ္တပတ်ကထက် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၃ ဦး လျော့နည်းလာခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်ပတ်ပြီးတစ်ပတ် ကျဆင်းလာသည်မှာ ၃၁ ရက်မြောက် ရှိပြီဖြစ်သည်။

တိုကျိုမြို့တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူနှစ်ဦးရှိကြောင်း၊ ကိုဗစ်-၁၉ လူနာလေးဦးမှာ ရောဂါပြင်းထန်သောအခြေအနေတွင် ရှိနေသောကြောင့် အသက်ရှူအထောက်အကူပြုကိရိယာများ အသုံးပြုကာ ကုသမှုခံယူရန် လိုအပ်နေကြောင်း အာဏာပိုင်များက ပြောကြားသည်။

အင်န်အိတ်ချ်ကေ

# အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ သုံးဦး သေဆုံး

**ဆန်ဖရန်စစ္စကို ဇွန် ၁၃**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၏ တတိယအကြီးဆုံးမြို့ဖြစ်သော ဆန်ဂျို့စ်မြို့တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီး သုံးဦးသေဆုံးကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဇွန် ၁၂ ရက်က ဖော်ပြထားသည်။ အဆိုပါ ပစ်ခတ်မှုသည် ပဏာမစုံစမ်းစစ်ဆေးချက်အရ လူသတ်မှု-သေကြောင်းကြံစည်မှုဖြစ်ကြောင်း သိရသည်။

အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးမှာ အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။ မြောက်ဆန်ဂျို့စ် ယာဉ်ရပ်နားစခန်း၌ ဒေသစံတော်ချိန် နံနက် ၁ နာရီခန့်တွင် အိမ်တွင်းရေးအငြင်းပွားမှု ဖြစ်ပွားပြီးနောက် အမျိုးသားတစ်ဦးက လူနှစ်ဦးကို ပစ်သတ်ကာ ၎င်းကိုယ်တိုင် အဆုံးစီရင်ခဲ့ခြင်းဖြစ်ကြောင်း ဆန်ဂျို့စ် ရဲဌာန၏ အဆိုအရ သိရသည်။

အဆိုပါ သေဆုံးသူနှစ်ဦးမှာ လူသတ်မှုဖြစ်ပြီး ယခုနှစ်တွင် ဆန်ဂျို့စ်၌ ၁၅ ဦးမြောက်နှင့် ၁၆ ဦးမြောက် သေဆုံးမှုဖြစ်ကြောင်း ဆန်ဂျို့စ် ရဲဌာနက ပြောသည်။

ဆင်ဟွာ

# ခေတ်မီကယ်ဆယ်ရေး စက်ရုပ်တစ်ခုကို ပါလက်စတိုင်း ဆယ်ကျော်သက်ကျောင်းသား ကျောင်းသူ သုံးဦးတီထွင်

ဂါဇာ ဇွန် ၁၃

**ဂါဇာကမ်းမြောင်တွင်ရှိသည့် ပါလက်စတိုင်း ဆယ်ကျော်သက် ကျောင်းသား ကျောင်းသူ သုံးဦးသည် ပြိုကျနေသော အဆောက်အအုံအောက်မှ ပိတ်မိနေသည့်သူများကို ရှာဖွေပေးနိုင်မည့် ခေတ်မီကယ်ဆယ်ရေးစက်ရုပ်တစ်ခုကို တီထွင်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**



စက်ရုပ်တီထွင်သူ သုံးဦးဖြစ်သည့် ရာမာ(ဝဲ)၊ အာမက်(လယ်)နှင့် အတန်းဖော် ယူဆွတ်ဖ်အကွီ(ယာ)။

ရာမာအီဘရာဟမ်၊ ၎င်း၏ အစ်ကိုတော်စပ်သူ အာမက်နှင့် ၎င်းတို့၏ အတန်းဖော် ယူဆွတ်ဖ် အကွီတို့သည် သုတေသနနှင့် စမ်းသပ်လုပ်ဆောင်ချက်ကို လအတန်ကြာ ပြုလုပ်ပြီးနောက် ဝိုင်ဖိုင်အဝေးထိန်းစနစ် တပ်ဆင်ထားသော အသေးစား ကားပုံသဏ္ဌာန်ကိရိယာကို တီထွင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ သုံးဦးသည် အလယ်တန်း ကျောင်းသားများဖြစ်ကြောင်း သိရသည်။

ကင်မရာနှင့် အချက်ပေးစနစ် တပ်ဆင်ထားသော အဆိုပါ ကယ်ဆယ်ရေးစက်ရုပ်သည် ဆဲလ်ဖုန်း အက်ပလီကေးရှင်းတစ်ခုဖြင့် လုပ်ဆောင်နိုင်ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့ထံသို့ တတိတိမြည်သံနှင့် ဆဲလ်ဖုန်းထံသို့ တိုက်ရိုက် မက်ဆေ့ပေးပို့နိုင်ကြောင်း အဆိုပါ ကျောင်းသားများက ဆင်ဟွာသို့ ပြောသည်။

၂၀၂၁ ခုနှစ် မေ ၁၀ ရက်တွင် ဂါဇာကမ်းမြောင်၌ ၂၀၁၄ ခုနှစ်နောက်ပိုင်း အစ္စရေးနှင့် ဟားမားစ်တို့ကြား ၁၁ ရက်ကြာ စစ်မက်ဖြစ်ပွားခဲ့ကာ ပါလက်စတိုင်းလူမျိုး ၂၆၀ သေဆုံးပြီး အစ္စရေးလူမျိုး ၁၄ ဦး သေဆုံးကြောင်း သိရသည်။ ကံမကောင်းစွာဘဲ ၎င်းတို့ သုံးဦးအနေဖြင့် ပဋိပက္ခဇုန်အတွင်း ရှိနေပြီး အဖြစ်အပျက်များကို မြင်တွေ့ခဲ့ရကြောင်း၊ အနာဂတ်တွင် ယခုလို ဆိုးရွားသည့် အခြေအနေအတွက် ပြင်ဆင်ထားသင့်ကြောင်း ယူဆွတ်ဖ်အကွီက ဆင်ဟွာကို ပြောသည်။

ပြည်တွင်းကယ်ဆယ်ရေး အဖွဲ့များသည် ဗုံးဒဏ်ကြောင့် သော်လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြောင့် သော်လည်းကြောင်း ပိတ်မိနေသောသူများကို ရှာဖွေရာတွင် အခက်အခဲများစွာနှင့် ကြုံတွေ့နေရကြောင်း၊ ပြီးခဲ့သည့်နှစ်က ဂါဇာကမ်းမြောင်ဒေသတွင် နောက်ဆုံးဖြစ်ပွားခဲ့သည့် စစ်ပွဲအပြီးမှာ အရပ်သားများစွာ အပျက်အစီးများအောက် ပိတ်မိပြီး အသက်ဆုံးရှုံးခဲ့ရသည့်အတွက် ထိုကဲ့သို့ စက်ရုပ်မျိုးကို တီထွင်ရန် အကြောင်းရင်းဖြစ်လာကြောင်း ရာမာက ပြောသည်။

ဆင်ဟွာ

## ဇွန် ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၁၂ ရာခိုင်နှုန်းရှိ

(၁၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၃၇၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၈၄,၀၉၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၄၅၂) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၄၃၂) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၁၃-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၃၅) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၄) ခု | (၁)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၀၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၃၁) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၉၈) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၂၀၄) ခု | (၄)ဦး |
| **စုစုပေါင်း** | (၇,၃၇၂) ခု | (၉)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁၃-၆-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၃၂၁၇၀၃ | ၈၃၁၅၉၇၉၂ | ၁၀၃၅၈၄၇ |
| ၂။ | အိန္ဒိယ | ၄၃၂၃၂၀၀၄ | ၄၂၆၅၇၃၃၅ | ၅၂၄၇၇၁ |
| ၃။ | ဘရာဇီး | ၃၁၄၅၆၈၆၅ | ၃၀၁၈၂၁၇၃ | ၆၆၈၁၇၇ |
| ၄။ | ပြင်သစ် | ၂၉၈၄၉၉၁၉ | ၂၉၂၁၀၅၈၇ | ၁၄၈၇၄၉ |
| ၅။ | ဂျာမနီ | ၂၆၈၆၀၉၄၂ | ၂၅၉၃၉၉၀၀ | ၁၄၀၁၉၆ |
| ၆။ | ဗြိတိန် | ၂၂၃၈၂၃၅၂ | ၂၂၀၃၇၁၉၂ | ၁၇၉၂၁၇ |
| ၇။ | ရုရှား | ၁၈၃၇၉၅၈၃ | ၁၇၇၉၈၂၄၅ | ၃၈၀၀၇၆ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၂၉၂၈၈ | ၁၈၀၁၂၃၄၉ | ၂၄၃၈၈ |
| ၉။ | အီတလီ | ၁၇၆၅၃၃၇၅ | ၁၆၈၆၃၇၇၀ | ၁၆၇၃၉၁ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

### ၁၃-၆-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၃၂၄၂၉ | ၉၅၆၂၅၂၃ | ၄၃၀၈၃ |
| အင်ဒိုနီးရှား | ၆၀၆၁၀၇၉ | ၅၈၉၉၅၀၁ | ၁၅၆၆၅၂ |
| မလေးရှား | ၄၅၂၆၂၉၈ | ၄၄၆၈၁၉၁ | ၃၅၇၁၂ |
| ထိုင်း | ၄၄၈၆၆၆၄ | ၄၄၃၄၅၂၉ | ၃၀၃၅၂ |
| ဖိလစ်ပိုင် | ၃၆၉၃၆၀၈ | ၃၆၃၀၀၅၀ | ၆၀၄၆၁ |
| စင်ကာပူ | ၁၃၄၁၂၅၆ | ၁၂၆၀၆၃၅ | ၁၃၉၇ |
| မြန်မာ | ၆၁၃၄၅၂ | ၅၉၂၄၃၂ | ၁၉၄၃၄ |
| လာအို | ၂၁၀၁၅၈ | ၂၀၈၃၄၄ | ၇၅၇ |
| ဘရူနိုင်း | ၁၅၃၆၁၁ | ၁၅၀၅၅၀ | ၂၂၅ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

# ရှားပါးတောရိုင်းတိရစ္ဆာန်များ၏ ကွန်းခိုရာ

# အီမောဘွန်း အမျိုးသားဥယျာဉ်

သိန်းညွန့်(PZL)



**တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များ ရေရှည်တည်တံ့ရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်တည်ထောင်လျက်ရှိရာ မြန်မာနိုင်ငံတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၇ ခု ရှိပြီဖြစ်သည်။ ယင်းတို့အနက် အီမောဘွန်းအမျိုးသားဥယျာဉ်ကို ၂၀၂၀ ပြည့်နှစ် မတ် ၃၀ ရက်က အီမောဘွန်းအမျိုးသားဥယျာဉ် သဘာဝ ထိန်းသိမ်းရေး နယ်မြေတစ်ခုအဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။**

### အမျိုးသားဥယျာဉ်၏ ဂုဏ်အင်္ဂါကို ဖော်ဆောင်

အီမောဘွန်း အမျိုးသားဥယျာဉ်သည် မြန်မာ–တရုတ်နယ်စပ် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ်အတွင်း တည်ရှိသည်။ မြေဧရိယာ ၃၈၆၁၇၆ ဧက အကျယ်အဝန်းရှိပြီး တောင်ပေါ်တောအမျိုးအစား ကြွယ်ဝစွာ ပေါက်ရောက်လျက်ရှိသည့် ဒေသတစ်ခု ဖြစ်သည်။ အဆိုပါ အမျိုးသားဥယျာဉ်၌ ရှားပါးမြန်မာနှာလန်မျောက်၊ ရှေ့ရစ်မျောက်၊ ပန်ဒါနီ၊ သားမင်း၊ ဝက်ဝံကြီး၊ ကတိုးချေ၊ မလေးဝက်ဝံ၊ အင်းကျား၊ တောင်ဆိတ်နီတို့ အပါအဝင် နို့တိုက် သတ္တဝါ ၅၂ မျိုးကို ရှာဖွေတွေ့ရသည့် အနက် ၁၆ မျိုးနှင့် ငှက်မျိုးစိတ် ၄၀၀ ကျော် တွေ့ရှိသည့် အနက် ၁၄ မျိုးမှာ IUCN အဖွဲ့၏ အနီရောင်အဆင့် သတ်မှတ်ထားသည့် မျိုးစိတ်များ စာရင်းတွင် ပါဝင်နေသည်။ ထို့အတူ ဝက်သစ်ချပင်၊ မေဘယ်ပင်၊ တောင်ဇလပ်ပင်၊ ရှားပါးသစ်ခွမျိုးစိတ်များနှင့် တောင်မြင့်ပိုင်း မြက်ခင်းများဖြင့် အမျိုးသားဥယျာဉ်၏ ဂုဏ်အင်္ဂါကို ဖော်ဆောင်ပေးလျက်ရှိသည်။

### မြန်မာ့နှာလန်မျောက် မျိုးစိတ်သစ်

အဆိုပါ အမျိုးသားဥယျာဉ်တွင် အဓိက ကာကွယ်ထားသည်မှာ မြန်မာနိုင်ငံ၌ ရှားပါးမျိုးစိတ်ဖြစ်သော မြန်မာ့နှာခေါင်းလန်မျောက် မျိုးစိတ်သစ်နှင့် အခြားတောရိုင်းတိရစ္ဆာန်များ နေထိုင်ကျက်စား ခိုလှုံရာ သဘာဝတောတောင်ရေမြေတို့ ဖြစ်သည်။

မြန်မာနှာလန်မျောက် မျိုးစိတ်သစ်ကို အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (IUCN)က မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်အဖြစ်သတ်မှတ်ထားသည်။ ကမ္ဘာပေါ်တွင် မျောက်မျိုးစုပေါင်း ၇၀ ကျော်ခန့်ရှိသည့်အနက်မှ နှာလန်မျောက်မျိုးစုသည် အရှားပါးဆုံးနှင့် မျိုးသုဉ်းပျောက်ကွယ်ရန်အန္တရာယ်နှင့် ကြုံတွေ့နေရသော မျိုးစုဖြစ်သည်။ နှာလန်မျောက် ငါးမျိုးရှိပြီး ၎င်းတို့မှာ ရွှေရောင်နှာလန်မျောက်၊ မီးခိုးရောင် နှာလန်မျောက်၊ ယူနန်နှာလန်မျောက်၊ တုံကင်းနှာလန်မျောက်၊ မြန်မာနှာလန်မျောက်မျိုးစိတ်သစ်တို့ ဖြစ်သည်။

**မြန်မာနှာလန်မျောက် မျိုးစိတ်သစ်ကိုမူ ၂၀၁၀ ပြည့်နှစ်က မြန်မာ-တရုတ်နယ်စပ် ကချင်ပြည်နယ် အီမောဘွန်းအမျိုးသားဥယျာဉ်၌ တွေ့ရှိမှတ်တမ်း တင်နိုင်ခဲ့ပြီး ခန့်မှန်းအကောင်ရေ ၃၃၀ ခန့်သာ ကျန်ရှိတော့**





အီမောဘွန်းအမျိုးသားဥယျာဉ်တွင် ကျက်စားသည့် သားမင်းကောင်နှင့် မောက်တင်ချေ တစ်ကောင်ကို တွေ့ရစဉ်။

တရုတ်နိုင်ငံတွင် ရွှေရောင်နှာလန်မျောက်၊ မီးခိုးရောင်နှာလန်မျောက်နှင့် ယူနန်နှာလန်မျောက်ကိုတွေ့ရပြီး တရုတ် – ဗီယက်နမ် နှစ်နိုင်ငံ နယ်စပ်တွင် တုံကင်နှာလန်မျောက်ကို တွေ့ရှိရသည်။

### အကောင်ရေ ၃၃၀ ခန့်သာ ကျန်ရှိ

Rhinopithecus Strykeri ဟု သိပ္ပံအမည်ရှိသည့် မြန်မာနှာလန်မျောက် မျိုးစိတ်သစ်ကိုမူ ၂၀၁၀ ပြည့်နှစ်က မြန်မာ–တရုတ်နယ်စပ် ကချင်ပြည်နယ် အီမောဘွန်းအမျိုးသားဥယျာဉ်၌ တွေ့ရှိမှတ်တမ်း တင်နိုင်ခဲ့ပြီး ခန့်မှန်းအကောင်ရေ ၃၃၀ ခန့်သာ ကျန်ရှိတော့သည်။

မြန်မာနှင့် တရုတ်နိုင်ငံ အစိုးရတို့အနေဖြင့် မြန်မာနှာလန်မျောက် မျိုးစိတ်သစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် အီမောဘွန်းအမျိုးသားဥယျာဉ်၊ တရုတ်နိုင်ငံတွင် နှီကျန်းတော်ဝင် တောင်ကြားအမျိုးသားဥယျာဉ်တို့ကို ကာကွယ်စောင့်ရှောက်ရေး နယ်မြေသစ်များအဖြစ် သတ်မှတ်ခဲ့ကြသည်။

အရှေ့ဟိမဝန္တာဒေသများ၊ မြန်မာနိုင်ငံရှိ ကချင်ပြည်နယ် အီမောဘွန်းအမျိုးသားဥယျာဉ်နှင့် တရုတ်နိုင်ငံရှိ ယူနန်ပြည်နယ် ဒေသများအတွင်း သွားလာကျက်စားရှင်သန်နေကြသော မြန်မာနှာလန်မျောက်များနှင့် အခြားတောရိုင်းတိရစ္ဆာန်များသည် အမဲလိုက်ခြင်း၊ တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်း၊ တရားမဝင်သစ်ပင်ခုတ်လှဲခြင်းနှင့် သစ်တောပြုန်းတီးခြင်းများကြောင့် ရေရှည်ရှင်သန်ရပ်တည်ရန် ပြင်းထန်စွာခြိမ်းခြောက်ခံနေရသည်။

### မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိနေ

ထို့ကြောင့် အီမောဘွန်း အမျိုးသားဥယျာဉ် အတွင်း နေထိုင်ကျက်စားသော မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိနေသည့် ရှားပါးမြန်မာ နှာလန်မျောက် မျိုးစိတ်သစ်နှင့်အတူ အခြားတောရိုင်း တိရစ္ဆာန်များ ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး တတ်နိုင်သမျှ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

---

**အင်ဒိုနီးရှား နိုင်ငံ ဆူမားတြားကျွန်းရှိ အကြီးဆုံးအမျိုးသားဥယျာဉ်တစ်ခုဖြစ်သည့် ကာရင်ချီ ဆက်ဘလက် အမျိုးသားဥယျာဉ်အတွင်းသို့ အသက်သုံးနှစ်အရွယ်ရှိ ကျားနှစ်ကောင်ကို ဇွန်လဒုတိယ ပတ်အတွင်းက ပြန်လွှတ်ပေးခဲ့ကြောင်း မြောက်ဆူမားတြားအမျိုးသား သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးစင်တာမှ ထုတ်ပြန်သည်။**

## အင်ဒိုနီးရှားနိုင်ငံ ကာရင်ချီဆက်ဘလက် အမျိုးသားဥယျာဉ်အတွင်း၌ ဆူမားတြားကျား ၉၇ ကောင် ကျင်လည်ကျက်စားလျက်ရှိ

မြန်လင်းမောင်

မျိုးရိုးဗီဇကို လျော့ကျစေနိုင်သည့် မျိုးပွားမှုကို ရှောင်ရှားနိုင်ရန်အတွက် စီထရာ ကာတီနီဟုခေါ်သည့် ကျားမတစ်ကောင်နှင့် ဆူရာမန်ဂါလာဟုခေါ်သည့် ကျားထီးတစ်ကောင်ကို အမျိုးသားဥယျာဉ်အတွင်း မတူညီသည့် နေရာတစ်ခုစီ၌ ပြန်လွှတ်ပေးခဲ့ကြောင်း မြောက်ဆူမားတြားအမျိုးသား သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစင်တာမှ ခေတ္တခေါင်းဆောင်ဖြစ်သူ အာဇဲအာဇာက ပြောကြားသည်။

### ဆူမားတြားကျား ၉၇ ကောင် ကျင်လည်ကျက်စားလျက်ရှိ

သဘာဝတောအတွင်း ၎င်းတို့၏ ကျင်လည်ကျက်စားမှုများကိုလည်း လေ့လာနိုင်ရန်အတွက် ဂျီပီအက်စ်များကို တပ်ဆင်စောင့်ကြည့်လျက်ရှိပြီး အဆိုပါကျားနှစ်ကောင်သည် ယင်းတို့၏ နေရင်းဒေသအတွင်း သဘာဝအတိုင်း လိုက်လျောညီထွေ ကျင်လည်ကျက်စား မျိုးပွားနိုင်မည်ဖြစ်သည်။ ကင်မရာထောင်ချောက်များဖြင့် လေ့လာမှုများအရ ကာရင်ချီဆက်ဘလက် အမျိုးသားဥယျာဉ်အတွင်း၌ စီထရာနှင့် ဆူရာ အပါအဝင် ဆူမားတြားကျား ၉၇ ကောင် ကျင်လည်ကျက်စားလျက်ရှိသည်။

### မျိုးသုန်းရန် အန္တရာယ်ရှိသော မျိုးစိတ်

ကျားများကို မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် IUCN က ထုတ်ပြန်ထားပြီး ၂၀၁၉ ခုနှစ်အထိ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် သဘာဝကျားကောင်ရေ ၄၀၀၀ အောက်သာ ကျန်ရှိတော့သည်။ အရှေ့တောင်အာရှအနေဖြင့် မကြာသေးမီ ဆယ်စုနှစ်များအတွင်းက သဘာဝကျားကောင်ရေ တစ်ဟုန်ထိုးကျဆင်းမှုနှင့်အတူ ကျားများ မျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ IUCN ၏ ၂၀၁၄ ခုနှစ်က ဆောင်ရွက်ခဲ့သော နောက်ဆုံးစစ်တမ်းအရ ကမ္ဘောဒီးယားနှင့် ဗီယက်နမ် နိုင်ငံတို့တွင် ကျားများမျိုးသုဉ်းသွားနိုင်ခြေရှိသည်ဟု ဖော်ပြထားသည်။

ကိုးကား – Xinhua : 2 tigers released into wild in Indonesia's Sumatra.



အင်ဒိုနီးရှားနိုင်ငံ၌ ကျက်စားသည့် ဆူမားတြားကျား တစ်ကောင်ကို တွေ့ရစဉ်။

# မြန်မာနိုင်ငံ၌ ဆယ်စုနှစ်တစ်ခုအတွင်း တောရိုင်းတိရစ္ဆာန် မျိုးစိတ်ပေါင်း ၁၀၀ ကျော်တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့

သီဟစည်သူ

**မြန်မာ** နိုင်ငံတွင် နိုင်ငံအများစုစိတ်ကူးမယဉ်နိုင်လောက်သည့် ဇီဝမျိုးစုံမျိုးကွဲများကို ပိုင်ဆိုင်ထားလျက်ရှိရာ အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI)နှင့် မိတ်ဖက်အဖွဲ့အစည်းများက ဆယ်နှစ်တာ ကာလအတွင်း တောရိုင်းတိရစ္ဆာန်နှင့် အပင်မျိုးစိတ် ၁၀၀ ကျော်ကို လေ့လာမှတ်တမ်းတင်နိုင်ခဲ့ကြောင်း ထုတ်ပြန်သည်။

မြန်မာနိုင်ငံသည် သန္တာကျောက်တန်းများ၊ ဒီရေတောများနှင့် ပင်လယ်မြက်ခင်းများ အပါအဝင် ရှည်လျားသော ကမ်းရိုးတန်းတည်ရှိပြီး အဏ္ဏဝါဂေဟစနစ်အချို့၏ တည်မှီရာလည်း ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ အရင်းအမြစ်များအဖြစ် ပင်လယ်ငါးမျိုးစိတ် ၈၀၀ ကျော်၊ ပင်လယ်မြက် မျိုးစိတ်ကိုးမျိုးနှင့် သန္တာကျောက် ၅၁ မျိုးခန့် တွေ့ရှိနိုင်ကြောင်း တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI) မှ သိရသည်။

မြန်မာနိုင်ငံရှိသစ်တောများသည် အရှေ့တောင်အာရှဒေသတွင်းရှိ အံ့မခန်းတောရိုင်းတိရစ္ဆာန်မျိုးစိတ်များ၏ မှီခိုပျော်မွေ့ရာနေရာများအဖြစ် ရပ်တည်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံအတွင်းရှိ ပြည်သူများအနေဖြင့် ထိုသို့သော သဘာဝအရင်းအမြစ်များအပေါ်တွင် များစွာမှီခိုရလျက်ရှိရာ ထိုသဘာဝအမွေအနှစ်များစွာကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာတွင် ပူးပေါင်းပါဝင်ကြရန်အတွက်လည်း တာဝန်ရှိကြသည်။

မြန်မာနိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲများသည် အရှေ့တောင်အာရှဒေသအတွင်း ပုန်းကွယ်နေသည့် အကောင်းဆုံးလျှို့ဝှက်ဆန်းကြယ်မှုများအဖြစ် သက်သေပြနိုင်ခဲ့ပြီဖြစ်သည်။ ဆယ်စုနှစ်အတွင်း အကြီးမားဆုံး သိပ္ပံလောကအတွက် အသစ်တွေ့ရှိမှုမှာ မျောက်ဝံမျိုးစိတ်သစ်များ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌သာ တွေ့ရသည့် ဒေသရင်းမျိုးစိတ်ဖြစ်သည့် မြန်မာနှာလန်မျောက်ဟုခေါ်ဆိုသည့် မျောက်မျိုးစိတ်ကို ပြီးခဲ့သည့် ဆယ်နှစ်အတွင်း ပထမဆုံး တွေ့ရှိခဲ့ကြောင်း၊ အလားတူ မြန်မာ့မျိုးရင်း မျောက်မျိုးစိတ်ဖြစ်သည့် ပုပ္ပားမျောက် မြီးရှည်ကဲ့သို့သော မျောက်မျိုးစိတ်သစ်များကိုလည်း တွေ့ရှိခဲ့သည်။ ထို့အတူ ယင်းတို့ကဲ့သို့ ဂူအောင်းနေထိုင်သည့် အမြီးမွေးရှည်လျားသည့် အခြားသော မျောက်ဝံမျိုးစိတ်သစ် သုံးမျိုးကိုလည်း တွေ့ရှိရကြောင်း တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့ (FFI) က ထုတ်ပြန်ထားသည်။



ထို့ပြင် မြန်မာနိုင်ငံ၌ ကဏန်းမျိုးစိတ်သစ်၊ ရေချိုဂုံးမျိုးစိတ်သစ်နှင့် အခြားသော ခရုမျိုးစိတ် ၁၇ မျိုး၊ ထုံးကျောက်လိုဏ်ဂူများတွင် နေထိုင်သည့် တောက်တဲ့မျိုးစိတ်သစ်များ၊ မလိခငါးသလဲထိုး(Malihkaia aligara)၊ အင်းတော်ကြီး ငါးသလဲထိုး (Schistura indawgyiana)၊ မိကျောင်းသွားကြားထိုးတံငါး(Microphis dunckeri)၊ ချင်းတွင်းရေချို ငါးလိပ်ကျောက် (Makararaja chindwinensis) တို့ အပါအဝင် ငါးမျိုးစိတ်သစ် ၁၀ မျိုး၊ ပုစွန်ဆိတ်မျိုးစိတ်သစ်များနှင့် ရှမ်းဒေသရှိ မိကျောင်းပုတ်သင်မျိုးစိတ်သစ်တို့ ကဲ့သို့သော မျိုးစိတ်သစ်များ အပါအဝင် ဆယ်နှစ်တာအတွင်း မျိုးစိတ်သစ် ၁၀၀ ကျော်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း တောရိုင်းတိရစ္ဆာန်နှင့် သဘာဝ အပင်အဖွဲ့(FFI)က ထုတ်ပြန်သည်။



မလိခ ငါးသလဲထိုး



မိကျောင်း သွားကြား ထိုးတံငါး



အင်းတော်ကြီး ငါးသလဲထိုး

မြန်မာနိုင်ငံရှိ အကြီးဆုံးရေချို အရင်းအမြစ်များတွင် မှီခိုနေထိုင်ကြသည့် ရေချိုဂုံးမျိုးစိတ်များမှအစ ထုံးကျောက်လိုဏ်ဂူများတွင် ခိုလှုံကြသည့် တောက်တဲ့မျိုးစိတ်များအဆုံး ဤသို့တွေ့ရှိခဲ့သည့် မျိုးစိတ်သစ်များအားလုံးသည် သစ်မှောင်ခိုထုတ်ခြင်း၊ သစ်တောမြေများအတွင်း စိုက်ပျိုးမြေများချဲ့ထွင်ခြင်း၊ ကျောက်မိုင်းခွဲခြင်းနှင့် အခြေခံအဆောက်အအုံများ တိုးတက်လာခြင်းတို့ကြောင့် ၎င်းတို့၏ နေရင်းဒေသများ ပျက်စီးလာသည့် အန္တရာယ်ခြိမ်းခြောက်မှုများကြောင့် အရေအတွက် နည်းနည်းသာ ကျန်ရှိတော့သဖြင့် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ကိုလည်း ရင်ဆိုင်နေကြရသည်။

သို့သော်လည်း သတင်းကောင်းတစ်ခုအနေဖြင့် မြန်မာနှာလန်မျောက်ကဲ့သို့သော မျိုးစိတ်များအတွက် ကာကွယ်ထိန်းသိမ်းရေး ဧရိယာများ သတ်မှတ်ထိန်းသိမ်းခြင်းများဆောင်ရွက်နေသကဲ့သို့ အခြားသော မျိုးစိတ်များ ကာကွယ်ထိန်းသိမ်းနိုင်ရေးကိုလည်း ကြိုးစားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ သစ်တောဦးစီးဌာနနှင့် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်အဖွဲ့(FFI)တို့ ပူးပေါင်း၍ မြန်မာနိုင်ငံကုန်းမြေနှင့် အဏ္ဏဝါ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနှင့် သစ်တောလုပ်ငန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း(၂၀၁၇-၂၀၂၂) ကို လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - https://www.fauna-flora.org/news/tale-of-the-century-one-hundred-new-species-for-myanmar/**

# ၂၀၂၂ ခုနှစ် ပထမသုံးလအတွင်း အမေဇုန် မိုးသစ်တောပြုန်းတီးမှု စံချိန်တင်




၂၀၂၁ ခုနှစ်အတွင်းက ဘရာဇီးနိုင်ငံမြောက်ပိုင်းရှိ အမေဇုန်မိုးသစ်တောအတွင်း တောမီးလောင်မှုကြောင့် သစ်တောပြုန်းတီးမှုကို တွေ့ရစဉ်။

**၂၀၂၂ ခုနှစ် ပထမဆုံးသုံးလပတ် ကာလအတွင်း ကမ္ဘာ့အကြီးဆုံး အမေဇုန် မိုးသစ်တော ပြုန်းတီးမှု အမြင့်ဆုံး စံချိန်တင်ခဲ့ကြောင်း ဘရာဇီးနိုင်ငံ အမျိုးသား အာကာသသုတေသန အင်စတီကျု၏ အစီအရင်ခံစာအရ သိရသည်။**

ဧပြီလအတွင်းက ထုတ်ပြန်ခဲ့သည့် အဆိုပါအစီရင်ခံစာအရ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအတွင်း အမေဇုန်မိုးသစ်တော၏ ဧရိယာအနက်မှ ၉၄၁ ဒသမ ၃၄ စတုရန်းကီလိုမီတာ (၃၆၃ စတုရန်းမိုင်) အကျယ်အဝန်းရှိသည့် သစ်တောဧရိယာများ ပျက်စီးသွားခဲ့ခြင်း ဖြစ်သည်။ ယင်းပမာဏသည် အမေရိကန်နိုင်ငံ ဒဲလက်နှင့် တက္ကဆက်ပြည်နယ်တို့၏ အရွယ်အစားနီးပါးရှိကြောင်း အဆိုပါ အစီရင်ခံစာက ဖော်ပြထားသည်။ ယခုနှစ်တွင် သစ်တော ပြုန်းတီးမှုသည် ယခင်နှစ် ကာလတူက ပျက်စီးခဲ့သည့် သစ်တော ဧရိယာ ၅၇၃ ဒသမ ၂၀ စတုရန်းကီလိုမီတာ(၂၂၁ စတုရန်းမိုင်) နှင့် နှိုင်းယှဉ်ပါက ၆၄ ရာခိုင်နှုန်းခန့် ပိုမိုမြင့်တက်လာခြင်း ဖြစ်သည်။

## ကမ္ဘာ့မိုးသစ်တော ပြုန်းတီးမှု ဧရိယာ၏ ၄၀ ရာခိုင်နှုန်းရှိ

ကမ္ဘာလုံးဆိုင်ရာ သစ်တောများ စောင့်ကြည့်လေ့လာရေးအဖွဲ့ (Global Forest Watch)၏ အစီရင်ခံစာအရ ၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာပေါ်ရှိ အပူပိုင်း မိုးသစ်တောဧရိယာ စုစုပေါင်း စတုရန်းကီလိုမီတာ ၃၇၅၀၀ (၁၄၅၀၀ စတုရန်းမိုင်) ခန့်ဖျက်ဆီးခံခဲ့ရသည်ဟု ဆိုသည်။ ယင်းအနက် ဘရာဇီးနိုင်ငံတွင် ဖျက်ဆီးခံခဲ့ရသည့် မိုးသစ်တောပြုန်းတီးမှု ဧရိယာ ဟက်တာ ၁ ဒသမ ၅ သန်း (ဧက ၃ ဒသမ ၇သန်း)ကျော်ရှိခဲ့သဖြင့် ကမ္ဘာ့မိုးသစ်တောပြုန်းတီးမှုဧရိယာ၏ ၄၀ ရာခိုင်နှုန်းရှိခဲ့ပြီး လွန်ခဲ့သည့် ၁၅ နှစ်တာ ကာလအတွင်း အမြင့်ဆုံးစံချိန်တင် တောပြုန်းမှု ဖြစ်သည်ဟုဆိုသည်။ အလားတူ ကွန်ဂိုဒီမိုကရက်တစ်သမ္မတ နိုင်ငံတွင်လည်း မိုးသစ်တောပြုန်းတီးမှု ဒုတိယအမြင့်ဆုံး ဖြစ်ပြီး ဟက်တာ ၅၀၀၀၀၀ ( ဧက ၁ ဒသမ ၂ သန်း) နှင့် ဘိုလီဘီးယားနိုင်ငံတွင် ဟက်တာ ၃၀၀၀၀၀ (ဧက ၇၄၀၀၀၀) ရှိခဲ့သည်။

ယင်းအချက်အလက်များအရ တစ်မိနစ်လျှင် ဘောလုံးကွင်း ဆယ်ကွင်းစာခန့် မိုးသစ်တောများ ဆုံးရှုံးလျက်ရှိပြီး သုတေသနပညာရှင်များ၏ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၁ ခုနှစ်အတွင်း အပူပိုင်း မိုးသစ်တော ပြုန်းတီးမှုများကြောင့် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏ ၂ ဒသမ ၅ ဂစ်ဂါတန်ခန့် ရောက်ရှိသွားနိုင်ပြီး ယင်းပမာဏသည် အိန္ဒိယနိုင်ငံ၏ တစ်နှစ်တာ ကာလအတွင်း ထွက်ရှိသည့် ရုပ်ကြွင်းလောင်စာ ပမာဏနှင့်ညီမျှသည်ဟု ဆိုသည်။

အမေဇုန်တောပြုန်းတီးမှု၏ အဓိက အကြောင်းရင်းများသည် စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ တောမီးလောင်ခြင်း၊ ကျွဲနွား တိရစ္ဆာန်မွေးမြူရေးခြံများ၊ လမ်း၊ တံတားတည်ဆောက်ရေး လုပ်ငန်းများအတွက် သစ်ပင်များခုတ်ထွင်ရှင်းလင်းခံရခြင်းများနှင့် တရားမဝင် ဓာတ်သတ္တုတူးဖော်ခြင်းများကြောင့် ဖြစ်သည်။

## ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏ အများဆုံးစုပ်ယူ

အမေဇုန်မိုးသစ်တောသည် တောင်အမေရိက အမေဇုန်မြစ်ဝှမ်း အများစုကို လွှမ်းခြုံထားသည့် အပူပိုင်းမိုးသစ်တော ဖြစ်သည်။ အမေဇုန်မြစ်ဝှမ်းသည် စတုရန်းကီလိုမီတာ ၇၀၀၀၀၀၀ (၂၇၀၀၀၀၀ စတုရန်းမိုင်) ရှိပြီး ၅၅၀၀၀၀၀ စတုရန်းကီလိုမီတာ (စတုရန်းမိုင် ၂၁၀၀၀၀၀)သည် မိုးသစ်တောများဖြစ်သည်။ ယင်းသည် တောင်အမေရိကတိုက် ကိုးနိုင်ငံ ဖြစ်သည့် ဘရာဇီး၊ ပီရူး၊ ကိုလံဘီယာ၊ ဗင်နီဇွဲလား၊ အီကွေဒေါ၊ ဘိုလီဘီးယား၊ ဂိုင်ယာနာ၊ ဆူရီနမ်နှင့် ပြင်သစ်ဂီယာနာတို့တွင် ဖြန့်ကြက်တည်ရှိပြီး မိုးသစ်တောအများစုမှာ ဘရာဇီးနိုင်ငံတွင် တည်ရှိသည်။ အမေဇုန် မိုးသစ်တောသည် ကမ္ဘာ့မိုးသစ်တော၏ ထက်ဝက်ကို ကိုယ်စားပြုပြီး ကမ္ဘာပေါ်ရှိ ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏ အများဆုံးစုပ်ယူ ပေးလျက်ရှိကာ အပင်မျိုးစိတ်နှင့် ဇီဝမျိုးစုံမျိုးကွဲ အများဆုံး တည်ရှိရာ သစ်တောတစ်ခု ဖြစ်သည်။

**ကိုးကား -CNN: Brazil's Amazon rainforest has already reached a new deforestation record this year**

**Al Jazeera : World lost forest area greater than size of UK in 2021**

# မြန်မာပြည်တောင်ဘက်ဖျား ကျွန်းကျေးရွာများဆီ လေ့လာရေးတစ်ခေါက် ရောက်ခဲ့စဉ်

— — မယ်အိမ့် — —

Mergui Archipelago ခေါ် မြိတ်ကျွန်းစုသည် မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းအပိုင်းတွင် တည်ရှိပြီး ကျွန်းပေါင်း ၈၀၀ ကျော်ရှိသည့် ကျွန်းအစုအဝေးကြီးဖြစ်ကြောင်း ဖတ်မှတ်ခဲ့ရဖူးသည်။ **ရေလမ်းကြောင်းဖြင့်သာ သွားလာနိုင်သည်မို့ တစ်နေရာနှင့်တစ်နေရာခရီးသွားလာရေး မလွယ်ကူသည့်အပြင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိဖို့ မလွယ်ကူသည့်ဒေသဖြစ်သည်။ မြိတ်ဒေသအများစုမှာ ဒီဇယ်အင်ဂျင်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးလျက်ရှိပြီး** မြိတ်မြို့ကို လက်ရှိတွင် Petro & Trans Co., Ltd မှ တစ်ယူနစ် ဓာတ်အားခ ငွေကျပ် ၇၆၅ ဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**“ဒီလ မီတာခတွေ စျေးထပ်တက်မယ်ကြားနေတယ်။ တစ်ယူနစ်ငွေကျပ် ၁၀၀၀ လောက် ဖြစ်မယ်”** ဟု ဒေသခံအစ်ကိုကဆိုတော့ ကျွန်မမှာ မျက်လုံးမျက်ဆန် ပြူးမိသည်။

မိမိတို့မှာ ယူနစ် ၃၀ အထိ တစ်ယူနစ် ဓာတ်အားခ ငွေကျပ် ၃၅ ကျပ်၊ ၃၁-၅၀ ယူနစ်အထိ ငွေကျပ် ၅၀၊ ၅၁-၇၅ ယူနစ်ကို ငွေကျပ် ၇၀၊ ၇၆-၁၀၀ ယူနစ်ကို ငွေကျပ် ၉၀၊ ၁၀၁-၁၅၀ ယူနစ်ကို ငွေကျပ် ၁၁၀၊ ၁၅၁-၂၀၀ ယူနစ်ကို ငွေကျပ် ၁၂၀ စသည်ဖြင့် ပေးရပြီး ယူနစ် ၂၀၁ အထက်သုံးစွဲမှသာလျှင် တစ်ယူနစ် ငွေကျပ် ၁၂၅ ကျပ်နှုန်းဖြင့် ကိုယ်သုံးသလောက် ကိုယ်ပေးရသည်ကို တစ်လစာ မီတာခပေးရပြီဆိုလျှင် မပေးချင်၊ ပေးချင်ဖြစ်ခဲ့မိမြဲမဟုတ်ပါလား။ မြိတ်မှာ ဓာတ်အားခနှုန်းက မိမိတို့ထက် အဆများစွာ ပိုမိုကြီးမြင့်လှသည်။ မြိတ်ကျွန်းစုထဲက ကျွန်းရွာများတွင် ဆိုဖွယ်ရာမရှိဟု တွေးမိရသည်။



ဆိုလာအသေးစားဓာတ်အားပေးစနစ်တည်ရှိရာ ပုလောမြို့နယ် ကျောက္ကာကျေးရွာ



ပုလောမြို့နယ် ကျောက္ကာကျေးရွာ ဆိုလာအသေးစားဓာတ်အားစနစ်။

နောက်တစ်ရက် ကျွန်းရွာများထဲက ဆိုလာအသေးစားဓာတ်အားစနစ်စီမံကိန်းရှိရာ ကျောက္ကာရွာရောက်တော့ ဆိုလာမီးက အိမ်သုံးအနေဖြင့် တစ်ယူနစ် ငွေကျပ် ၃၅၀၊ လုပ်ငန်းသုံးနှင့် အများပြည်သူပိုင်အဆောက်အအုံများအနေဖြင့် တစ်ယူနစ်ငွေကျပ် ၄၅၀ ပေးရပြီး စာသင်ကျောင်း၊ ဆေးပေးခန်း၊ လမ်းမီးစသည့် အများပြည်သူပိုင်အဆောက်အအုံများက လစဉ် ငါးယူနစ် အခမဲ့သုံးခွင့်ရကြောင်း သိရတော့မှ မြို့ပေါ်က ဓာတ်အားခထက် သက်သာနေသေးတာ တွေ့ရတော့မှ... သက်မဲ့မောချရန် ဟန်ပြင်ရုံရှိသေး... **“ဒီဇယ်နဲ့ပေးတဲ့ မီးလည်းရှိတယ်။ တစ်ယူနစ် ငွေကျပ် ၈၀၀ ကိုမှ သုံးသုံး၊ မသုံးသုံး၊ တစ်လကို ယူနစ် ၂၀ မဖြစ်မနေယူရတယ်”** ဟု ဒေသခံအစ်မကဆိုတော့ ကိုယ့်မှာမျက်စိပြူးရပြန်သည်။

## မရှိမဖြစ် လိုအပ်ချက်

စီးပွားရေးအရမူ သုံးသုံး၊ မသုံးသုံး၊ တစ်လကို ယူနစ် ၂၀ မဖြစ်မနေယူပေးရသည့်စနစ်က တွက်ခြေကိုက်သည်ဆိုရမည်။ ကျေးရွာဘက်က ပြန်ကြည့်လျှင်မူ ငွေကြေးတတ်နိုင်သူ လုပ်ငန်းရှင်များအတွက် မပြောပလောက်သော်လည်း တစ်ယူနစ် ငွေကျပ် ၃၅၀ ကိုပင်လျှင် တစ်လငါးယူနစ်မျှဖြင့် လောက်အောင်သုံးနေနိုင်သူတွေ ရှိနေသေးတာ တွေ့ရတော့ ယူနစ် ၂၀ မဖြစ်မနေယူရသည့် ဝန်သည် မသေးလှဟု ဆိုရပေမည်။

စက်သုံးဆီစျေးနှုန်းများ မြင့်တက်လာသည့်အတွက် အချို့ရွာများတွင် တစ်ယူနစ်ဓာတ်အားခ ငွေကျပ် ၁၈၀၀ အထိ ပေါက်စျေးရှိလာတာ တွေ့ရသည်။ ပဂံ၊ ပကမ်း မွေးမြူရေးလုပ်ငန်း အဓိကလုပ်ကိုင်ကြသည့်အတွက် ၂၄ နာရီ လျှပ်စစ်မီးရရှိဖို့က သူတို့အတွက်မရှိမဖြစ် လိုအပ်ချက်ဖြစ်နေသည်။ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိမည်ဆိုလျှင်မူ မိမိတို့လိုပင် သက်သာသောနှုန်းဖြင့် အသုံးပြုနိုင်မည်ဖြစ်သော်ငြား မြစ်ခြား၊ ချောင်းခြား၊ ပင်လယ်ခြားသည့် ကျွန်းဒေသများအတွက် မဟာဓာတ်အားလိုင်း (National Grid) ရရှိဖို့ဆိုသည့်က မလွယ်ပါ။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် သီးခြားဓာတ်အားပေးစနစ်၊ မဟာဓာတ်အားလိုင်းပြင်ပစနစ် (Off-Grid) သည် သူတို့အတွက် အဆင်အပြေဆုံးဖြစ်မည်ဟု ယူဆရသည်။ Grid ကရသည့် လျှပ်စစ်မီးလောက် ဓာတ်အားခ မသက်သာသည့်တိုင် ဒီဇယ်အင်ဂျင်ဖြင့်ပေးသည့် လျှပ်စစ်မီတာခထက် ထက်ဝက်ချီးမက သက်သာပေသည်။

**လက်ရှိတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆိုလာအသေးစားဓာတ်အားစနစ် (Solar Mini-Grid) စီမံကိန်းလုပ်ငန်းပေါင်း ၃၄ ခုကို ကျေးရွာ ၃၈ ရွာအတွက် ဆောင်ရွက်ပေးခဲ့ရာ စီမံကိန်းလုပ်ငန်းပေါင်း ၃၁ ခု ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ကြောင်း သိရှိရသည်။** စီမံကိန်းကျေးရွာများမှာ ကျွန်းစု၊ ပုလော၊ တနင်္သာရီ၊ ဘုတ်ပြင်းနှင့် ရေဖြူမြို့နယ်များရှိ မဟာဓာတ်အားလိုင်းနှင့် ဆယ်မိုင်အထက် ဝေးကွာသောဒေသရှိ ကျေးရွာများဖြစ်ပြီး အများစုမှာ ကျွန်းကျေးရွာများဖြစ်သည်။ လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးပါက တပ်ဆင်စွမ်းအား ၄ ဒသမ ၃ မဂ္ဂါဝပ်ဖြစ်ပြီး အဆိုပါဒေသရှိ အိမ်ခြေ ၁၂၀၀၀ ကျော်ခန့်နှင့် လူဦးရေ ၆၈၀၀၀ ကျော်တို့အား အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်ရန်ပုံငွေမှ ၆၀ ရာခိုင်နှုန်း၊ ကျေးရွာပြည်သူလူထုမှ ၂၀ ရာခိုင်နှုန်းနှင့် လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီမှ ၂၀ ရာခိုင်နှုန်း ထည့်ဝင်၍ (၆၀:၂၀:၂၀) စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ကုမ္ပဏီအနေဖြင့် ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုပါက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ အဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း သိရသည်။

## ကျွန်းပေါင်း ၈၀၀ ကျော်

မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၈၀၀ ကျော်ခန့်ရှိသည့်အတွက် အဆိုပါကျွန်းများပေါ်ရှိ ကျေးရွာများတွင် သင့်တင့်မျှတသည့် ဓာတ်အားခစျေးနှုန်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုသီးခြားဓာတ်အားပေးစနစ်များ ဆောင်ရွက်ပေးနိုင်မည်ဆိုလျှင် ဒေသဖွံ့ဖြိုးရေးအတွက်ကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြု သီးခြားဓာတ်အားပေးစနစ်များ ယခုထက်ပို၍ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်လျက်ရှိသည်ကို တွေ့ရသည်။

မြိတ်က ပြန်လာတော့ ပင်လယ်ထဲက လှပသည့် ကျွန်းကျေးရွာလေးများသည် ကျွန်မမျက်စိထဲ တဝဲဝဲပေါ်နေသလို သူတို့ရင်ဆိုင်နေရသည့် လျှပ်စစ်မီးအခက်အခဲ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲတွေက ကျွန်မခေါင်းထဲ စွဲမြဲစွာပါလာခဲ့သည်။ ဒီဒေသမှာက လျှပ်စစ်မီးမရဘူးလားဆိုတော့ ရတော့နေသည်။ သို့ရာတွင် ဓာတ်အားခနှုန်းထားကြီးမြင့်လွန်းတော့ အိမ်တိုင်းစေ့ လက်လှမ်းမီဖို့က ခက်ပြန်သည်။

## အိမ်တိုင်းစေ့ လျှပ်စစ် မီးရရှိရေး

သွားလာရေးက ခက်ခဲရသည့်အထဲတွင် လျှပ်စစ်မီတာခကကြီးမြင့်၊ ချောင်းခြား၊ မြစ်ခြား၊ ပင်လယ်ခြားဒေသများမို့ ဆက်သွယ်ရေးတာဝါတိုင်များက မရှိ၊ လိုင်းကမမိ၊ ဆက်သွယ်မှုဧရိယာ ပြင်ပသို့ချည်းရောက်ရှိနေသည့် ကျွန်းကျေးရွာများ ဆက်သွယ်မှုဧရိယာအတွင်းရောက်ရှိလာပြီး ဖွံ့ဖြိုးလာစေရေးအတွက် လျှပ်စစ်မီးရရှိမှုသည် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ပြီး သင့်တင့်မျှတသောနှုန်းထားဖြင့် ဓာတ်အားသုံးစွဲနိုင်ရေးသည် အိမ်တိုင်းစေ့ လျှပ်စစ်မီးရရှိရေးအတွက် အဓိကအကျဆုံး လိုအပ်ချက်ဖြစ်ပေသည်။

**ဒီဇယ်အင်ဂျင် ဓာတ်အားပေးစနစ်များအား ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုအသေးစားဓာတ်အားပေးစနစ်များဖြင့် အစားထိုးဆောင်ရွက်နိုင်မည်ဆိုလျှင် ပြန်လည်ပြည့် ဖြိုးမြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူပြုစေသည့်အပြင် ဒေသခံကျေးရွာများအနေဖြင့်လည်း သင့်တင့်မျှတသောနှုန်းထားဖြင့် လျှပ်စစ်မီးရယူသုံးစွဲနိုင်စေမည်ဖြစ်သည်။** လျှပ်စစ်မီးရရှိမှသာ ဆက်သွယ်ရေးတာဝါတိုင်များလည်း တည်ဆောက်နိုင်မည်ဖြစ်သည်။

ဆက်သွယ်ရေးစနစ်ကောင်းမွန်မှသာ ကမ္ဘာကြီး၏တိုးတက်ပြောင်းလဲမှုဟူသမျှ၊ သတင်းအချက်အလက်မှန်သမျှကို ခေတ်မီမီ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်သည်။ လျှပ်စစ်မီးရရှိမှု၊ ဆက်သွယ်ရေးစနစ်များကောင်းမွန်မှုသည် မြို့ပြနှင့် ကျေးလက်ကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်များတွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ကျွန်းကျေးရွာလေးများကို ယခုထက်ပိုပြီး ဖွံ့ဖြိုးလာစေချင်သည်။

**“ရာသီဥတုအခြေအနေအရ သွားရေးလာရေးကလည်းခက်တော့ ကျွန်းစုမြို့နယ်ထဲက ရွာတစ်ရွာကွင်းဆင်းတော့မယ်ဆိုရင် ကျွန်းစုကနေ မြိတ်ကို အမြန်ယာဉ်နဲ့လာ၊ မြိတ်မှာ ညအိပ်၊ နောက်နေ့မနက်အစောမှ သွားရမယ့်ရွာကို သွား၊ အဲဒီရွာမှာပဲ ညအိပ်၊ နောက်နေ့ပြန်လာတော့ မြိတ်မှာ အိပ်၊ ပြီးမှ ကျွန်းစုကို ပြန်ဆိုတော့ တစ်ရွာကို သွားဖို့ အနည်းဆုံး သုံးညအိပ်၊ လေးရက်အချိန်ယူရတယ်။”** ဟု ကျွန်းစုမြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦးက ဆိုတော့ ကိုယ့်မှာသက်မမောချရုံသာ တတ်နိုင်သည်။

မြန်မြန်သွား မြန်မြန်ပြန်ချင်လျှင် စပိဘုတ်နှင့်သွားမှအဆင်ပြေသည်။ စပိဘုတ်ငှားခက သိန်း ဂဏန်း (၇သိန်းထက်မနည်း) ဆိုတော့ကာ ဌာနဆိုင်ရာဝန်ထမ်းတွေ တတ်နိုင်သည့် ပမာဏမဟုတ်လေတော့ ဒီရွာတွေဆီရောက်ဖို့ ပေါက်ဖို့ကို အတော်လေးအားစိုက်နေရတာတွေ့ရသည်။ **သည်မျှသွားလာရခက်ခဲသည့်နေရာများမှာ ဆိုလာအသေးစားဓာတ်အားစနစ်စီမံကိန်းလုပ်ငန်းတွေ ၃၄ ခုအထိ ဆောင်ရွက်လာနိုင်တာကို အလွန်ချီးကျူးမိသည်။**

*စာမျက်နှာ ၁၉ သို့*

**တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆိုလာအသေးစားဓာတ်အားစနစ် (Solar Mini-Grid) စီမံကိန်းလုပ်ငန်းပေါင်း ၃၄ ခုကို ကျေးရွာ ၃၈ ရွာအတွက် ဆောင်ရွက်ပေးခဲ့ရာ စီမံကိန်းလုပ်ငန်းပေါင်း ၃၁ ခု ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၆-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၀:၀၀ သတင်းထဲကသတင်း
၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှတ်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၉၇)
၁၃:၃၀ MRTV National News
၁၆:၃၅ ပုဂံနှင့်ယွန်းထည်
၁၇:၃၀ ကမ္ဘာ့သွေးလှူရှင်များနေ့
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၁၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၃)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း 'လှူ'

**mitv**

07:01 An Da Yel Kin (Htar)
07:09 Myanmar's Bamboo Hat
07:23 Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
07:48 Mobile House
08:01 A Worth Studying Site For Ancient Myanmar Heritages
08:19 Designer Ya Tu
08:30 Shwe Maw Daw: The Glory Of Bago City
09:01 News
09:27 Global Partnership for Brighter Future: Slovakia Pavilion at Expo 2020 Dubai
09:36 Kayah Traditional Dance
09:49 Serene and Happy Rural Life in Myanmar

**MRTV NRC**

အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)
တိုင်းရင်းရဲ့ထင်ရှားကျော်ကြားဒေသများ
အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)
မုန့်ဖိုင်းတောင့်လုပ်စားကြရအောင်
ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)
ဘာသာစကားပြောကြရအောင် (အပိုင်း-၃)
ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)
ချင်းရိုးရာပြတိုက်
မွန် (၁၀:၀၀ မှ ၁၂:၀၀)
ရာမညမြေမှအမွေအနှစ်များ
ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)
ခမ်းနားထည်ဝါအင်းသားတို့ရဲ့ ရှေးလက်ရာ
ဝ (၁၆:၀၀ မှ ၁၈:၀၀)
လှိုင်မွေမြို့သို့အလည်တစ်ခေါက်
ကချင် (၁၈:၀၀ မှ ၂၀:၀၀)
ဂိုင်ဝါးဘာသာစကားပြောကြရအောင် (အပိုင်း-၃)
ကယား (၂၀:၀၀ မှ ၂၂:၀၀)
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်ဘေး
ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၄)

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၁၅ ကမ္ဘာ့သွေးလှူရှင်များနေ့
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လူချင်းအတူတူ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ မြေသြဇာသုံးစွဲနည်းမှန်ကန်ဖို့ မြေဆီအရင်စစ်ဆေးကြည့်ကြပါစို့
၀၇:၃၅ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း (မန္တလေး)
၀၇:၅၀ တောင်သူ့ဘဝသုတကဏ္ဍ
၀၈:၂၅ မိုးရာသီမှာရာဘာအစေးလိုးကြမယ်
၀၈:၂၀ သတိပြုကာကွယ်ဆစ်ပိုးအန္တရာယ်
၀၉:၅၅ တစ်ပိုင်တစ်နိုင် ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေး ကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂ ခုနှစ် ဇွန် ၁၃ ရက်တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေနှစ်စီး၊ Mask ၁၅ ဒသမ ၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၈ မှ*

**မီးလင်းရေးလုပ်ငန်း**

မီးလင်းရေးလုပ်ငန်းအတွက် တည်ဆောက်ရေး ပစ္စည်းတွေဆိုသည်က ဆိုလာပြားမှအစ ကေဘယ်ကြိုးများအလယ်၊ ကွန်ကရစ်တိုင်များအဆုံး သေးငယ်ပေ့ါပါး၊ သယ်ယူရလွယ်ကူသည့် အရာရယ်ဟု မရှိ။ ထိုရလွယ်၊ ကွဲလွယ်၊ ကြေလွယ်သည့် ပစ္စည်းတွေ၊ လေးလံသည့် ပစ္စည်းတွေက အများသား။ လူချည်းသက်သက် သွားလာဖို့ရာပင်လျှင် သွားလာရေးခက်ခဲသည့် ကျွန်းကျေးရွာတွေဆီ တည်ဆောက်ရေးပစ္စည်းတွေ ပို့ဆောင်ဖို့မည်မျှ ခက်ခဲခဲ့မှာပါလိမ့်။ တွေးကြည့်ရုံဖြင့်ပင် မောမိရသည်။ စက်အင်အား၊ လူအင်အား အများကြီးသုံးခဲ့ရသလို လုပ်ငန်းကြန့်ကြာမှုမရှိအောင်လည်း အတော်ကြီး အားထုတ်ခဲ့ရပေလိမ့်မည်။

**"ကျွန်မတို့ရွာတွေအဖို့ကတော့ အရာရာခက်ခဲနေတာချည်းပါပဲ အစ်မရယ်"** ဆိုသည့် ဒေသခံအစ်မကြီး၏ ညည်းညူသံကိုပင် လျှင် နားထဲပြန်ကြားယောင်လာမိရသည်။

**သည်လိုဒေသများအတွက် မီးလင်းရေးလုပ်ငန်း လုပ်ကိုင်ဖို့ စိတ်ပါဝင်စားသည့်၊ ရင်းနှီးမြှုပ်နှံပေးသည့် လုပ်ငန်းရှင်များကို အလွန်ပင်ကျေးဇူးတင်မိရသည်။ ထို့အတူ ပူးပေါင်းပါဝင်ပေးသည့် ကျေးရွာပြည်သူ၏အား၊ အကောင်အထည်ဖော် ဆောင်ရွက်ပေးသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စေတနာတို့ကို အလိုလို ခံစားသိမြင်လာမိရသည်။**

မြန်မာပြည်တောင်ဘက်ဆုံး အပိုင်းရှိ တသီးတခြားတည်ရှိနေသည့် ကျွန်းကျေးရွာလေးများကို ထည့်တွက်စဉ်းစားဆောင်ရွက်ပေးနေသည်ကိုတွေ့မြင်ရသည့်အတွက် ဝမ်းသာမိရသည်။ အစိုးရ-ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြု အသေးစား ဓာတ်အားပေးစနစ်များ **ကျွန်းကျေးရွာများမှာယခုထက်ပိုပြီး အောင်မြင်ဖြစ်ထွန်းပေါ်ပေါက်လာစေဖို့ ဆန္ဒပြုမိရင်း** ကျွန်းကျေးရွာလေးများ ဖွံ့ဖြိုးလာမည့်အရေးကို ကြိုတင်မြင်ယောင် မျှော်လင့်နေမိပါတော့သည်။ ။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၆ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၆၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၆၃၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၀၅ ကျပ် | ၂၆၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၃၅ ကျပ် | ၂၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၃၀၀ ကျပ် | ၂၃၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၃၀ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၁၃၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၇၅ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၈ . ၆၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၄ . ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၉၂ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၆၀၀ | ၇၆၀၀ | ၇၁ | ၅၃၉၆၀၀ |
| MTSH | ၂၇၀၀ | ၂၆၅၀ | ၃၈၆၀ | ၁၀၂၉၄၅၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၉ | ၇၀၂၀၀ |
| FPB | ၁၈၀၀၀ | ၁၈၀၀၀ | ၁ | ၁၈၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၈ | ၈၈၂၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ချစ်မြေးကလေး မောင်ရွှေသွေး သို့

မောင်အောင်

"မြေးကလေး မောင်ရွှေသွေးရေ"

"စနေနေ့မနက်က ငါ့မြေး ရင်ခုန်လှိုက်မောစွာနဲ့ ဖုန်းဆက်လာသံကြားရတော့၊ ဘဘဝမ်းသာကြည်နူးမိတယ်။ ငါ့မြေး တက္ကသိုလ်ကျောင်းသားကြီးဖြစ်တော့မယ်။ ရှေ့ဆက်ပြီး လျှောက်ရမည့်ဘဝလမ်းအတွက် အားသစ်အင်သစ်တွေ ပြည့်ဝအောင် ကြိုးစားရတော့မယ်။"

"ဘဘတို့ မောင်မယ်သစ်လွင်ကြိုဆိုပွဲမှာ ဘာတွေလုပ်ကြသလဲ။ သားတို့တော့ တက္ကသိုလ်ပါမောက္ခချုပ်နဲ့ ပါမောက္ခတွေက အခမ်းအနားနဲ့ကြိုဆိုမယ်။ အတန်းကြီးညီအစ်ကို မောင်နှမတွေက အဆိုအကနဲ့ ကြိုဆိုကြမယ်။ ဘဘတို့ခေတ်နဲ့မတူဘဲ သားတို့က ပိုပြီးပျော်စရာကောင်းတာက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီးမှာ သားတို့မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရော၊ စိုက်ပျိုးရေးတက္ကသိုလ်က ကျောင်းသားတွေကိုပါ ကြိုဆိုကြမှာ။ သားဆိုညတုန်းက အိပ်လို့တောင်မပျော်ဘူး။ မနက်ဘက်မှာ တွေ့ကြုံရမယ့် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို တွေးပြီး ရင်ခုန်နေမိတယ်။ အဲဒါကြောင့် ဒီမနက် ဘဘဆီ ဖုန်းဆက်လိုက်တာ။ ကဲ ဒါပဲ ဒါပဲ ဘဘရေ။ သား ရေချိုး၊ အဝတ်အစားလဲပြီး ရှိုးထုတ်ရဦးမယ်။"

## ရင်ခုန်လှုပ်ရှားမှု

မြေးကလေး မောင်ရွှေသွေးက အရင်ဆိုဖုန်းဆက်လျှင် ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောတတ်သည်။ ကျွန်တော်မအား၍ စကားစဖြတ်သည့်ကိုပင် အဖြတ်မခံ။ ချွဲသည်။ နွဲ့သည်။ သူသိချင်တာမေးသည်။ သူလိုချင်တာ ပူဆာသည်။ အကျိုးအကြောင်းဖြင့် ပြောတတ်၊ တောင်းတတ်သူမို့ သူလိုချင်တာကို ဖြည့်ဆည်းပေးရသည်ချည်းပင်။ ယခုတော့ မောင်မယ်သစ်လွင်ကြိုဆိုပွဲကြောင့် သူ၏ ရင်ခုန်လှုပ်ရှားမှုက လိုချင်တာကို တောင်းဖို့မေ့နေသည် အထိပင်။

"မြေးကလေး မောင်ရွှေသွေး"

ဘဘတို့တုန်းကလည်း မင်းတို့လိုပါပဲ။ ရင်ခုန်လှုပ်ရှားရတာပေါ့ကွာ။ မှတ်မှတ်ရရပြောရရင်တော့ ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့။ လွန်ခဲ့တဲ့ (၅၃)နှစ်ကပေါ့ကွာ။ ဘဘ အဲဒီနှစ်မှာ အခြေခံပညာအထက်တန်း ဆယ်တန်းအောင်တယ်။ အမှတ်စာရင်းတွေထွက်လာပြီးတော့ ဘဘဝါသနာပါတဲ့ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်ကို လျှောက်ခဲ့တယ်။ တက်ခွင့်ရပါတယ်။ အဲဒါကြောင့် ရန်ကုန် ပြည်လမ်းမှာရှိတဲ့ တက္ကသိုလ်အုပ်ချုပ်ရေးရုံးမှာ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ ကိုယ့်ဘာသာသွားပြီး လျှောက်ခဲ့ရတာ။

ဒီနေရာမှာ ငါ့မြေးတို့ရဲ့ ဘိုးဘိုး၊ ဘဘရဲ့ အဖေကို အခုအချိန်မှာ ပြန်တွေးကြည့်ပြီး အထူးလေးစားကြည်ညိုမိတယ်။ ဘာ့ကြောင့်လဲဆိုတာ ဘဘက အိမ်မှာ နို့ညှာ။ နို့ညှာဆိုတာက ဘဘရဲ့အောက်မှာ ဘဘညီ ဦးနိုင်တစ်ယောက်ပဲရှိပြီး ဘဘရဲ့အထက်မှာတော့ အစ်မကြီးနှစ်ယောက်ရှိတာ သားလည်းအသိပဲ။ ဘဘတို့တုန်းက အငယ်ဆုံးဆို နို့စို့လို့ခေါ်ပြီး သူ့အထက်ကို နို့ညှာလို့ခေါ်ကြတာ။ ဘဘက ဆယ်တန်းစာမေးပွဲဖြေပြီးတဲ့အထိ ရန်ကုန်ကို ဘိုးဘိုးနဲ့တစ်ခေါက် နှစ်ခေါက်ပဲရောက်ဖူးတာ။ ကိုယ့်ဘာသာတစ်ယောက်တည်း တစ်ခါမှမသွားဖူးဘူး။ အဲ ဆယ်တန်းစာမေးပွဲ အောင်စာရင်းလည်းထွက်ရော ဘိုးဘိုးက ဘဘကို အားလုံးကိုယ့်ဘာသာလုပ်ခိုင်းတာ။ အထူးသဖြင့် ရန်ကုန်တက္ကသိုလ်အုပ်ချုပ်ရေးရုံးကို တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာတင်တာ ဘဘတစ်ယောက်တည်း လွှတ်လိုက်တာ။

ဘဘတို့ဇာတိ ကျိုက်လတ်မြို့က ရန်ကုန်နဲ့ရေမိုင်အားဖြင့် ၄၈ မိုင်ဝေးတာ။ အဲဒီတုန်းက

**✣ ငါ့မြေးရေ တက္ကသိုလ်ဆိုတာ ရှေ့ဆက်ပြီး လူ့ဘဝခရီးလမ်းအတွက် ပညာရပ်ပေါင်းစုံ လေ့ကျင့်ပြုစုပျိုးထောင်ပေးတဲ့ အရပ်ဒေသကြီးပဲ။**

**✣ အဲဒီကျောင်းကြီးကို ငါ့မြေး ကနေ့ တက်ခွင့်ရပြီ။ ငါ့မြေးလေ့လာဆည်းပူးခွင့်ရပြီ။ ကိုယ့်ဘဝအတွက်၊ ကိုယ့်မိသားစုအတွက်၊ ကိုယ့်တိုင်းပြည်အတွက် လေ့လာဆည်းပူးခွင့်၊ တက်ရောက်ခွင့်ရပြီ။ ငါ့မြေး တိုင်းပြည်နဲ့လူမျိုးအတွက် လူရည်ချွန်၊ လူရည်မွန်ဖြစ်အောင် ကြိုးစားအားထုတ်ပါ**

အခုလို ကားလမ်းမရှိသေးဘူး။ ကျိုက်လတ်မှာ ကားဆိုလို့ မီးသတ်ကားရယ်၊ ရဲမှူးစီးတဲ့ကားရယ်၊ မိလ္လာကားရယ်ပဲရှိတာ။ ကျိုက်လတ်ကနေ ရန်ကုန်ကို သွားချင်ရင် ကျိုက်လတ်ကထွက်တဲ့ကြားသင်္ဘော (မော်တော်) စီးရင်စီး၊ ဒါမှမဟုတ် ဖျာပုံကထွက်တဲ့ ဧရာဝတီ နှစ်ထပ်သင်္ဘောစီးချင်ရင်စီးလို့ရတယ်။ အဲဒီ ဧရာဝတီသင်္ဘောက ဖျာပုံကနေ မနက်ခုနစ်နာရီ ထွက်တယ်။ ကျိုက်လတ်ကို ကိုးနာရီပတ်ဝန်းကျင်ရောက်တယ်။ ကုန်တင်လူတင်ပြီး ကျိုက်လတ်ကနေ မနက်ဆယ်နာရီလောက် ပြန်ထွက်ရင် ရန်ကုန်ကို နေ့လယ်တစ်နာရီခွဲ၊ နှစ်နာရီလောက်ရောက်တယ်။ ဖျာပုံသင်္ဘောက ဖျာပုံကနေ မနက်ခုနစ်နာရီတစ်စင်း၊ ည ခုနစ်နာရီ တစ်စင်းထွက်တယ်။ မော်လမြိုင်ကျွန်းကလည်း ဧရာဝတီသင်္ဘော မနက်တစ်စင်း၊ ညတစ်စင်းထွက်တယ်။ ကျိုက်လတ်က ထွက်ပြီး တစ်နာရီခွဲလောက်ကြာရင် ကျိုက်ထော်ရောက်။ ပြီးတော့ တွံတေးရောက်တယ်။ ပြီးတော့မှ ရန်ကုန်ရောက်တယ်။

ရန်ကုန်မှာ အမေ့အမျိုးတွေက ဗဟိုရ်စည်မှာ ရှိပြီး အဖေ့ရဲ့အစ်မကြီးက ပုဇွန်တောင်၊ ရေကျော်မှာ ရှိတယ်။ ဗဟိုရ်စည်ရဲ့ရပ်ကွက်က မော်တင်ဈေးနဲ့ ကပ်လျက်ရှိတာ။ ဘဘတို့ ကျိုက်လတ်သင်္ဘောက လှည်းတန်းကမ်းနားဆိပ်မှာဆိုတော့ အဲဒီမော်တင်လမ်းအတိုင်း လျှောက်လာရင် နာရီဝက်လောက်ပဲ လျှောက်ရတာကြောင့် ဘဘလမ်းလျှောက်ပြီး အဒေါ်တို့ရှိတဲ့အိမ် မော်တင်လမ်းကို လျှောက်ခဲ့ပြီး ညဘက် အဲဒီမှာအိပ်လိုက်တယ်။ အဲဒီ ညနေဘက် ဘိုးဘိုးမှာလိုက်တဲ့ နောက်တစ်နေ့မနက် တက္ကသိုလ်အုပ်ချုပ်ရေးရုံးကို သွားမယ့်နံပါတ် (၈)ဘတ်စ်ကားဂိတ်ကို သွားပြီး ကြည့်ထားလိုက်တယ်။

## လက်ဆင့်ကမ်းပေးခဲ့ချင်

နောက်တစ်နေ့မနက်တော့ စောစောထရေချိုး၊ အဒေါ့်အိမ်ကကျွေးတဲ့ ပဲပြုတ်ထမင်းကြော်စားပြီး ကားဂိတ်ကို ထွက်ခဲ့တယ်။ ဘဘတို့ငယ်ငယ်တုန်းကတည်းက အခုအချိန်အထိ မနက်စောစော (Breakfast) ဆိုရင် ထမင်းကြမ်းကြော်နဲ့ ပဲပြုတ်ပဲစား၊ ရေနွေးကြမ်းပဲ သောက်ကြတာ။ ဘဘတို့က တောသားတွေဆိုတော့ ကော်ဖီတို့ လက်ဖက်ရည်တို့ဆိုတာ ဖျားတဲ့အခါ၊ နေမကောင်းတဲ့အခါ၊ ထမင်းမစားနိုင်တဲ့အခါမှ အားရှိအောင် ပေါင်မုန့်လေးနဲ့ စားကြသောက်ကြတာ။ ဘဘတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာသွားတင်တော့ တည်းတဲ့အိမ်က ဦးလေးက လိုက်ပို့မယ်ပြောရှာပါတယ်။ အဲ ဒါပေမယ့် ဘဘက ဘိုးဘိုးမှာလိုက်တဲ့ စကားကို အမြဲပဲကြားနေပြီး လိုက်နာမိတယ်။ ဘိုးဘိုးက **"ငါ့သား မင်းဆယ်တန်းအောင်ပြီး လူ့ဘဝထဲကို မင်းဘာသာရုန်းကန်ရတော့မယ်။ ဘယ်သူ့ကိုမှ အားမကိုးနဲ့ ကိုယ့်အားကိုယ်ကိုးပါ။ ကိုယ့်လမ်းကိုယ်လျှောက်ပါ။ ကိုယ့်ဘဝအောင်မြင်အောင် ကိုယ်ကြိုးစားပါ။"** အဲဒီ ဘိုးဘိုးရဲ့စကားကို ဘဘအမြဲနားထောင်ခဲ့တယ်။ လိုက်နာကျင့်သုံးခဲ့တယ်။ ငါ့မြေးကိုလည်း ဘိုးဘိုးရဲ့ အမွေကို လက်ဆင့်ကမ်းပေးခဲ့ချင်ပါတယ်။

ဘဘအိမ်ကထွက်ပြီး ဘုန်းကြီးလမ်း ကားလမ်းဂိတ်မှာစောင့်လို့ သိပ်မကြာပါဘူး။ နံပါတ် (၈) ကားကြီးရောက်လာတယ်။အဲဒီတုန်းက သားတို့တောင်မမြင်ဖူးတဲ့ ဗိုက်ပူကားကြီးတွေရှိတယ်။ ဗိုက်ပူကားကိုယ်ထည်က သစ်သားနဲ့လုပ်ထားတာ။ ကားဖရိန်ကို သစ်နဲ့လုပ်ပြီး အမိုးနဲ့ဘေးအပြင်ဘက်က သံပြားနဲ့ လုပ်ထားတာ။ ဟီးနိုးဘတ်စ်ကားကြီးတွေထက် အလျားတိုတယ်။ ဘဘမှတ်မိသလောက် ရန်ကုန်မှာ ဘတ်စ်ကားလိုင်း ၁၆ လိုင်းလောက်ပဲရှိတယ်။ နံပါတ် (၈)၊ (၉)၊ (၁၂) နဲ့ (၁၆) က ဂျပန်ဟီးနိုးကားတွေ။ ကျန်တာက ဗိုက်ပူကားတွေပဲ။ အဲဒီတုန်းက ဗိုလ်ချုပ်အောင်ဆန်းလမ်း နောက်ဘက်ကပ်လျက်မှာ ရန်ကုန်ထောင်ကြီးရှိတယ်။ ထောင်ကြီးက ကီလီလမ်းကနေ လမ်းမတော်အထိပဲ။ အခုရှိနေတဲ့ ဘုန်းကြီးလမ်းထောင့်က ဆေးရုံကြီး မရှိသေးဘူး။

## ဗိသုကာလက်ရာ ဆုတောင်ရဖူး

ဘိုးဘိုးမှာလိုက်တာက အလုံလမ်းကျော်ရင် ဘယ်ဘက်မှာ ဗိုလ်ရှုခံ (ယခုပြည်သူ့လွှတ်တော်) ညာဘက်မှာ ဗိုလ်ရွေးအဖွဲ့ (ယခုပြည်သူ့ရင်ပြင်) ရှိတယ်။ အဲဒါပြီးတော့ မြေနီကုန်း။ မြေနီကုန်းမှာ ရုပ်ရှင်ရုံ သုံးရုံရှိတယ်။ မြေနီကုန်းပြီးရင် ဟံသာဝတီအဝိုင်း။ ပြီးတော့ မြန်မာ့အသံနဲ့ ပညာရေးတက္ကသိုလ်က မျက်နှာချင်းဆိုင်။ အဲဒီမှတ်တိုင်မှာ ဆင်းရင် တက္ကသိုလ်အုပ်ချုပ်ရေးရုံးနဲ့ လိပ်ခုံးကြီး။ အဲဒီ တက္ကသိုလ်အုပ်ချုပ်ရေးရုံး၊ လိပ်ခုံးနဲ့ ဆေးတက္ကသိုလ် (၁) က ဟိုတုန်းက အရှေ့တောင်အာရှမှာ ဗိသုကာလက်ရာ ဆုတောင်ရဖူးတယ်လို့ ဘိုးဘိုးပြောတာ။ ဘဘလည်း ကားထိုင်ခုံနေရာရတာတောင် မထိုင်ရဲဘဲ မှတ်တိုင်တစ်ခုပြီးတစ်ခု ကြည့်လာခဲ့ရတယ်။ အဲဒီတုန်းက ဘုန်းကြီးလမ်းကနေ အဲဒီ မြန်မာ့အသံမှတ်တိုင် (စိုက်ပျိုးရေးမှတ်တိုင်) ကို ကားစီးရင် ကားခက ဆယ်ပြားပဲပေးရတာ။ မြေနီကုန်းမှတ်တိုင်ရောက်တော့ ဆင်းပြီးလမ်းလျှောက်မယ်လို့ဆုံးဖြတ်ပြီး လမ်းဆင်းလျှောက်ခဲ့တယ်။ ဟံသာဝတီအဝိုင်းရောက် ဆက်ပြီးလျှောက်၊ မြန်မာ့အသံနားရောက်တော့ တက္ကသိုလ်အုပ်ချုပ်ရေးရုံးကြီးကို လှမ်းမြင်ရပြီ။ အဲဒီကို လျှောက်သွားပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်တဲ့နေရာမှာတင်ဖြစ်တယ်။ လက်ခံတဲ့လူက သေချာစစ်ဆေးပြီး လက်ခံလိုက်တယ်။ အဲဒီကပြန်အထွက်တော့ ဘဘအတော်လေး ပျော်သွားတယ်။ အလုပ်တစ်ခုကို ဘယ်သူ့အကူအညီမှမလိုဘဲ လုပ်နိုင်ပါလားလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်း အပြည့်ရှိလာတယ်။ အဲဒါ ဘိုးဘိုးကြီး ကျေးဇူးပဲလေ။

## မောင်မယ်သစ်လွင်ကြိုဆိုပွဲ

ဘဘတို့ မောင်မယ်သစ်လွင်ကြိုဆိုပွဲကိုတော့ ဆေးတက္ကသိုလ်(၁) စာသင်ခန်းမ (သီရေတာ) ၁၆ မှာလုပ်တယ်။ ခန်းမကြီးက ပွဲကြည့်စင်လိုပဲ။ ကျောင်းသားတွေက အဆင့်လိုက် မြင့်တက်သွားပြီး စာသင်တဲ့ဆရာက အောက်ဘက်က စင်မြင့်မှာ။ ဘဘတို့ မူလတန်း၊ အလယ်တန်းနဲ့ အထက်တန်းကျောင်းမှာတုန်းက ဒီလိုစာသင်ခန်းမျိုးရှိမှ မရှိတော့ အဆန်းပေါ့။ ငါ့မြေးတို့ခေတ်ကျတော့ မဆန်းတော့ဘူးလေ။ ပြီးတော့ ဘဘတို့တက်ရတဲ့ ဆေးအကြိုသင်တန်း (ပထမနှစ်) က MBBS–ဆေး ပညာဘွဲ့၊ သွားဆေးပညာနဲ့ တိရစ္ဆာန်ဆေးကုပညာ ပထမနှစ်ကို အတူတူပေါင်းပြီး တက်ရတာ။ ဆေးတက္ကသိုလ်ကကျောင်းသားသစ် ၃၀၀ ခေါ်ပြီး သွားဆေးပညာက လူ ၅၀၊ ဘဘတို့ တိရစ္ဆာန် ဆေးကုက ကျောင်းသူ ကျောင်းသား ၁၅၀ ။

အဲဒီတုန်းက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်လို့ မခေါ်သေးဘူး။သွားဘက်ဆိုင်ရာဆေးကောလိပ်ပဲခေါ်တာ။ ဘဘတို့ တက္ကသိုလ်ကလည်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် မဟုတ်သေးဘူး။ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်လို့ခေါ်တာ။ ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ်က ဒေါက်တာဘသန်း ။ ပါမောက္ခချုပ်က အနောက်တိုင်းဝတ်စုံနဲ့ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြတယ်။ ကျန်တဲ့ပါမောက္ခ၊ ဌာနမှူးတွေလည်း ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြတယ်။ ဘဘမှတ်မိတာက ဓာတုဗေဒဌာန၊ ပါမောက္ခ/ ဌာနမှူး ဒေါက်တာမင်းတင်မွန်နဲ့ အင်္ဂလိပ်စာဌာနမှူး ဆရာမကြီး ဒေါ်ခင်သီတာ။ ဆရာဒေါက်တာမင်းတင်မွန်ကတော့ စကားဝဲပြီး စကားပြော ကောင်းလို့မှတ်မိတာ။ အင်္ဂလိပ်စာဌာနမှူး ဆရာမဒေါ်ခင်သီတာကို မှတ်မိတာကတော့ ကြိုဆိုနှုတ်ခွန်းဆက်စကားကို အင်္ဂလိပ်လို ပြောတာကြောင့် နယ်ကတက်လာတဲ့ ဘဘတို့ ကျောင်းသားတစ်စု ဘာမှနားမလည်လို့ မှတ်မိတာ။ ဆရာမစကားပြောအပြီး ဘယ်တော့ပြီးသွားမှန်း မသိလို့ လက်ခုပ်တောင်မတီးလိုက်ရဘူး။

ပထမနှစ်မှာ ကျောင်းဆောင်နေရတာတော့ အနော်ရထာလမ်းနဲ့ လသာလမ်းထောင့်က လသာဆောင်ပဲ။ လေးထပ်အဆောက်အအုံ။ အခု စာစစ်ဦးစီးဌာနလုပ်ထားတာ။ အပေါ်ဆုံးထပ်မှာ အခန်းကျယ်ကြီးလေးခန်းရှိတယ်။ တတိယထပ်မှာ နှစ်ယောက်ခန်းတွေရှိတယ်။ ဒုတိယထပ်က ထမင်းစားခန်းနဲ့ နှစ်ယောက်ခန်းတချို့ရှိတယ်။ အောက်ဆုံးထပ်ကတော့ ဧည့်ခန်း၊ ထမင်းချက်ခန်းနဲ့ ရေချိုးခန်းပဲ။ ဘဘတို့က အပေါ်ဆုံးထပ် အခန်း ၂၂ မှာ နေရတယ်။ ၁၄ ယောက်ဟောခန်းကြီးမှာ နေရတာ။ တစ်ယောက်ကို ခုတင်တစ်လုံး၊ ဗီရိုစားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးရတယ်။ ဗီရိုစားပွဲ (လော်ကာ) လို့ပြောတာက အပေါ်ထပ် စားပွဲစောင်းက ဖြန့်ခင်းရင်စားပွဲစောင်း၊ စာအုပ်လည်းထားလို့ရတယ်။ ပြန်ပြီးပိတ်ထားလို့လည်း ရတယ်။ အောက်ဘက်ကတော့ ဗီရို၊ အဝတ်အစားထည့်လို့ရတယ်။ သော့ခတ်လို့ရတယ်။ ကိုယ်ပါလာတဲ့

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

စာအုပ်သေတ္တာ၊ အဝတ်သေတ္တာ၊ ခုတင်အောက်ထိုးထားလို့ရတယ်။

တက္ကသိုလ်တက်မှာမို့ အိမ်က စောင်၊ ခြင်ထောင်၊ ခေါင်းအုံးနဲ့ အိပ်ရာလိပ်တစ်လိပ်၊ အဝတ်အစားသေတ္တာတစ်လုံး၊ စာအုပ်နဲ့ တိုလီမုတ်စထည့်ဖို့ ထင်းရှူးသေတ္တာလေးက တစ်လုံး။ ဘိုးဘိုးက ဘဘကို အဝတ်အစားသေတ္တာအသစ်ကလေးဝယ်ပေးတယ်။ တက္ကသိုလ်ကျောင်းသားဖြစ်လို့ အိမ်က ကိုယ်ပိုင်သေတ္တာဝယ်ပေးလိုက်တာ။ အဆောင်ရောက်တော့လည်း ကိုယ့်အတွက် ခုတင်နဲ့ စားပွဲနဲ့ ကုလားထိုင်နဲ့ဆိုတော့ အတော်လေးတော့ ဘဝင်မြင့်စရာ ကျေနပ်စရာကောင်းလှတယ်။

**ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်း**

ထမင်းစားတော့လည်း အချိန်တန်ရင် ထမင်းစားခန်းထဲ ဆင်းပြီးစားရုံပဲ။ လေးယောက်တစ်စားပွဲစားရတယ်။ အိမ်မှာတုန်းက ဘဲဥ၊ ကြက်ဥတစ်ခြမ်းပဲ စားရပြီး တက္ကသိုလ်ကျောင်းသားဖြစ်တော့ သုံးခြမ်းစားရတယ်။ ထမင်းစားတော့လည်း ဇွန်းနဲ့ ခက်ရင်းနဲ့မို့ ဂုဏ်ယူစရာပဲ။ စားပြီးတော့လည်းထသွားရုံပဲ။ ပန်းကန်ဆေးစရာမလိုတော့ ဘဝက အတော်လေးပြောင်းသွားသလိုပဲ။ အဲ နောက်ပြီး စာကြည့်ချင်ကြည့် မကြည့်ချင်နေ၊ ပြောမဲ့သူမရှိတော့ဘူး။ အိပ်ချင်တဲ့အချိန်အိပ်လို့ရပြီး ထချင်တဲ့အချိန်မှ ထလို့ရတယ်။ အဲဒီလိုလွတ်လပ်ခွင့်၊ အဲဒီလို ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းဖို့ အခွင့်အရေးရလာတဲ့အခါ၊ တက္ကသိုလ်ကျောင်းသားအတော်များများက ကိုယ့်ကိုယ်ကိုယ်ထိန်းကြတယ်။ ကိုယ့်အချိန်ဇယားကိုယ်ဆွဲပြီး ကိုယ်လုပ်သင့်တာ ကိုယ်လုပ်ကြတယ်။ ကိုယ့်ဘဝတိုးတက်မှု ကိုယ်ဘယ်လိုရှာရမလဲဆိုတာ နားလည်လာကြတယ်။ ဘဘတို့တက္ကသိုလ်တက်တဲ့အချိန်က ရုပ်မြင်သံကြား မပေါ်သေးဘူး။ ဧည့်ခန်း (Parlours) ထဲမှာ ရေဒီယိုတစ်လုံးပဲရှိတယ်။ နားထောင်ချင်ရင် ဧည့်ခန်းမှာ သွားပြီး နားထောင်ရတယ်။ အသံလိုင်းကတော့ မြန်မာ့အသံတစ်လိုင်းပါပဲ။ အထူးသဖြင့် အောင်ဆန်းကွင်းမှာကစားတဲ့ တိုင်းနဲ့ ပြည်နယ်ဘောလုံးပွဲကို ဧည့်ခန်းကနေ နားထောင်ကြတာပဲ။

အဆောင်မှာနေရတာ တစ်ခုကောင်းတာက အားကစားပစ္စည်းတွေထားပေးတာပဲ။

ဘဘတို့ လသာဆောင်မှာ ပင်ပေါင်ခုံရှိတယ်။ နှစ်တန်းဘားရှိတယ်။ ဝိတ်ပြားတွေရှိတယ်။ ဘော်လီဘောကွင်းရှိတယ်။ အဲဒီတော့ ဘော်လီဘောပုတ်တဲ့လူပုတ်၊ စားပွဲတင်တင်းနစ် ကစားသူကစား၊ ဝိတ်မသူမ၊ နှစ်တန်းဘား ကစားသူကစား။ ဘဘတို့ အထက်တန်းက တစ်ယောက်က ခန္ဓာကိုယ်အလှကာယဗလ ကစားသမား။ သူ့လက်မောင်းကြီးက မာဆယ်တွေ ကြွက်သားတွေကြည့်ပြီး ဘဘတို့လည်းလိုက်ပြီး ကစားကြသေးတယ်။ သူ့လို ဗလကြီးဖြစ်မလာပေမယ့် အရင်လိုတော့ ငပိန်ညှောင် မဟုတ်တော့ဘူး။

အဲ နောက်တစ်ခုက အဆောင်မှာ စာကြည့်တိုက်ရှိတယ်။ အဆောင်ကဆရာက တာဝန်ခံဖြစ်ပေမယ့် နောက်ပိုင်းစိတ်ဝင်စားတဲ့ ကျောင်းသားကို တာဝန်ပေးတယ်။ ဘဘက စာပေဝါသနာပါတော့ နောက်ပိုင်းမှာ တာဝန်ပေးတာခံရတယ်။ ကောင်းပါတယ်။ ကျောင်းစာသာမက အပြင်စာပါဖတ်ရတော့ ဗဟုသုတ တိုးတာပေ့ါ။

အဆောင်မှာ သာယာရေးကော်မတီဆိုတာ ဖွဲ့စည်းထားတာရှိသေးတယ်။ ကျောင်းသားတွေ တစ်ပတ်စာကျွေးမွေးမယ့် ဟင်းရန်အမယ်တွေ ဆွဲပေးရတယ်။ ကျောင်းပိတ်ခါနီးရင် ညစာစားပွဲတွေ ဘာတွေလုပ်ပေးရတယ်။ ကျောင်းဆောင်သာယာဖွံ့ဖြိုးရေးအလုပ်တွေ လုပ်ရတယ်။ လူမှုရေးဝါသနာပါတဲ့လူတွေ အဖွဲ့ဝင်အဖြစ်ပါကြပြီး အဲဒီထဲကမှ အတွင်းရေးမှူးရွေးတော့ ဘဘက အတွင်းရေးမှူးတာဝန်ယူရပြီး အဆောင်မှူးက ဥက္ကဋ္ဌလုပ်တယ်။ ဘာပဲပြောပြော တက္ကသိုလ်ကျောင်းသားဘဝမှာ လူမှုဝန်ထမ်းလုပ်တာ စီမံခန့်ခွဲအုပ်ချုပ်မှုရဲ့ အလေ့အကျင့်ကောင်းတွေပါပဲ။

တက္ကသိုလ်ကျောင်းသားဘဝမှာ တစ်ခုကောင်းတာက ကျောင်းစာတင်မကဘူး၊ ကျယ်ကျယ်ပြန့်ပြန့် အများကြီးလေ့လာခွင့်ရတယ်။ တက္ကသိုလ်အနုပညာအသင်းရှိတယ်။ ကိုယ်ဆိုတတ်၊ တီးတတ်ဖို့ မလိုဘူး။ ဝါသနာပါရင် အဆို၊ အတီး၊ အက ကြိုက်တာသင်လို့ရတယ်။ အဲဒါကလည်း တက္ကသိုလ်ကျောင်းသား မဟာအခွင့်အရေးပဲ။ ဘဘတို့ တက္ကသိုလ်ကျောင်းသားဘဝမှာ တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ရင်းရှိတယ်။ အခြေခံစစ်ပညာသင်တန်းတက်ရတယ်။ တက္ကသိုလ်လေ့ကျင့်ရေးတပ်မှာသွားပြီး လျှောက်ရတယ်။ ကျန်းမာရေးစစ်ဆေးပြီး လိုအပ်ချက်ပြည့်စုံရင် တစ်ပတ်မှာ သုံးရက်၊ ညနေကျောင်းဆင်းချိန်မှာ စစ်သင်တန်းတက်ကြရတယ်။ အရွေးခံရတဲ့ လူတွေကို ယူနီဖောင်းထုတ်ပေးထားပြီး စစ်သင်တန်းတက်ရမယ့်နေ့တွေမှာ ကျောင်းတက်ရင် စစ်ယူနီဖောင်းနဲ့ တက်ကြရတယ်။ အဲဒီစစ်သင်တန်းကလည်း တကယ်ကောင်းတယ်။ စစ်ပညာအခြေခံလေ့လာသင်ကြားခွင့်ရတဲ့အပြင် ကိုယ်လုံပညာတွေပါ သင်ကြားရတာကြောင့် ယောကျ်ားကောင်းတွေ တတ်သင့်တဲ့ အရည်အချင်းတစ်ရပ်ပါပဲ။

**တန်ဖိုး မဖြတ်နိုင်တဲ့ ဘဝအတွေ့အကြုံတွေ**

အဲ နောက်တစ်ခါ ဘဘတို့တက္ကသိုလ်ကျောင်းသားဘဝမှာ နွေရာသီမှာ စာမတတ်သူပပျောက်ရေး၊ အသုံးလုံးကြေသင်တန်း လုပ်အားပေးခွင့်ရတယ်။ ဘဘဆိုရင် ပထမနှစ်နွေကျောင်းပိတ်ရက်မှာ စစ်ကိုင်းတိုင်း ငါးဇွန်မြို့နယ်၊ သားကျင်ရွာမှာ လုပ်အားပေးဖြစ်တယ်။ ဒုတိယနှစ်မှာ ကျောက်ပန်းတောင်းမြို့နယ် အိုင်လျှားတောင်ကျေးရွာမှာ၊ နောက်တစ်နှစ် ဟဲဟိုးမြို့နယ် မြောက်မြေခြားရွာမှာ။ အဲဒီ အသုံးလုံးလုပ်အားပေးတာတွေက ကိုယ့်ပြည်သူတွေကြားထဲ ရောက်သွားပြီး ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝကို လေ့လာခွင့်ရတယ်။ ပြည်သူတွေဘဝကို ဘယ်လိုရုန်းကန်လှုပ်ရှားရတယ်ဆိုတာ လက်တွေ့လေ့လာခွင့်ရတာ။ လူးတို့၊ ဆပ်တို့ဆိုတာ ဘဘတို့မြစ်ဝကျွန်းပေါ်မှာ လုံးဝမရှိဘူး။ စာထဲမှာပဲ ဖတ်ဖူးတာ။ အဲဒီအညာမှာ လက်တွေ့စားတောင် စားခဲ့ရတယ်။ ပြီးဟဲဟိုးတောင်ပေါ်မှာ တောင်သူတွေ တောင်ယိုးတွေကို စာသင်ရတော့ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ထုံးစံတွေကို လေ့လာခွင့်ရတာကြောင့် တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝအတွေ့အကြုံတွေ ရခဲ့ရတယ်။ ဒါ့အပြင် တက္ကသိုလ်မှာ ခြေလျင်တောင်တက်အသင်းရှိတယ်။ အဲဒီအသင်းက နွေရာသီကျောင်းပိတ်ရက်မှာ တောင်တက်လေ့ကျင့်ခန်းတွေ လုပ်တယ်။ တကယ့်ကို ရတောင့်ရခဲ အခွင့်အရေးကောင်းတွေပါပဲ။

အဲဒါကြောင့် ငါ့မြေးရေ တက္ကသိုလ်ဆိုတာ ရှေ့ဆက်ပြီး လူ့ဘဝခရီးလမ်းအတွက် ပညာရပ်ပေါင်းစုံလေ့ကျင့်ပြုစုပျိုးထောင်ပေးတဲ့ အရပ်ဒေသကြီးပဲ။ ဒီနေရာမှာ ဘဘတစ်ခုသွားပြီး သတိရမိတယ်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှာ စစ်သည်တော်ဟောင်းတစ်ဦးက ဘာပြောထားသလဲဆိုတော့ **“ငါ့သားများ စစ်ထဲဝင်ရင် သူ့ကိုပြောလိုက်ပါ။ တပ်မတော်ဆိုတာ တကယ်တမ်းသာ လိုက်နာနိုင်မယ်ဆိုရင် ယောကျ်ားကောင်း ယောကျ်ားမြတ်တွေ မွေးထုတ်ပေးတဲ့ ကျောင်းကြီးပေ့ါ”** တဲ့။ အခုလည်း ဘဘက ငါ့မြေးကို ပြောချင်တာက တက္ကသိုလ်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် နိုင်ငံခေါင်းဆောင်တွေ မွေးထုတ်ပေးတဲ့ ကျောင်းကြီးပါ။

အဲဒီကျောင်းကြီးကို ငါ့မြေး ကနေ့တက်ခွင့်ရပြီ။ ငါ့မြေးလေ့လာဆည်းပူးခွင့်ရပြီ။ ကိုယ့်ဘဝအတွက်၊ ကိုယ့်မိသားစုအတွက်၊ ကိုယ့်တိုင်းပြည်အတွက် လေ့လာဆည်းပူးခွင့်၊ တက်ရောက်ခွင့်ရပြီ။ ငါ့မြေး တိုင်းပြည်နဲ့ လူမျိုးအတွက် လူရည်ချွန်၊ လူရည်မွန်ဖြစ်အောင် ကြိုးစားအားထုတ်ပါလို့ ဘဘမှာကြားချင်ပါတယ်။

ငါ့မြေးရဲ့ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ပါစေ။

**(မှတ်ချက်။ ကျွန်တော်၏မြေး မောင်ရွှေသွေးမှာ အသက်လေးနှစ်သာ ရှိပါသေးသည်။ သို့သော် ယနေ့တက္ကသိုလ်သို့ တက်ရောက်လျက်ရှိကြသည့် ကျွန်တော့်မြေးအရွယ် မောင်ရွှေသွေးအားလုံးအတွက် ရည်ညွှန်းပါသည်။)**

## သရက်ချောင်းမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းဖွင့်

**သရက်ချောင်း ဇွန် ၁၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှပြုလုပ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အသေးစား လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသက်နိုင်ဝင်းက သင်တန်းပို့ချမည့် ဆရာမများ၏ သင်ကြားမှုကို သင်တန်းသူများက စနစ်တကျသင်ယူနိုင်ရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးမိုးထွေးဦးက သင်တန်းတက်ရောက်လာသော သင်တန်းသူများအား သင်တန်းမှ ပို့ချပေးမှုများကို ကြိုးစားသင်ယူ၍ သင်ခန်းစာများကို ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း ပညာရပ်အား မိသားစုတစ်ပိုင်တစ်နိုင် အထောက်အကူပြုရန် လက်တွေ့အသုံးချနိုင်အောင် ကြိုးစားသင်ယူဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကောင်းမြတ်ထက်က သင်တန်းနှင့် ပတ်သက်၍ လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အဆိုပါသင်တန်းကို ဇွန် ၁၃ ရက်မှ ၁၇ ရက် အထိ သင်တန်းသူ ၂၀ ဖြင့် ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သားကြီး(သရက်ချောင်း)**

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း (မွန်ပြည်နယ်) ရုံးခန်းသစ်ဖွင့်ပွဲကျင်းပ

**မော်လမြိုင် ဇွန် ၁၃**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (မွန်ပြည်နယ်) ရုံးခန်းသစ် ဖွင့်ပွဲကို မော်လမြိုင်မြို့ အထက(၁) အရှေ့သံလွင်ဥယျာဉ်အတွင်း ဘိုကုန်းရပ်ရှိ ဒေါက်တာလှဘေ ပညာပါရမီစာကြည့်တိုက် အပေါ်ထပ်၌ ဇွန် ၁၂ ရက်က ကျင်းပရာ သတင်းစာဆရာ အလုပ်အမှုဆောင်နှင့် အဖွဲ့ဝင်များ၊ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရုံးခန်းသစ်ဖွင့်ပွဲတွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ဗဟို) အလုပ်အမှုဆောင် မွန်ပြည်နယ် (နာယက)ဦးသိန်းလှိုင်၊ ဒေါက်တာလှဘေ ပညာပါရမီ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးသောင်းထိုက်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (မွန်ပြည်နယ်) အသင်းဥက္ကဋ္ဌ ဦးမောင်မောင်က သတင်းတုသတင်းမှားများကို ခွဲခြားသိရှိရေးနှင့် ရှေ့လုပ်ငန်းစဉ်အနေဖြင့် သတင်းစာပညာသင်တန်း ဖွင့်လှစ်ပို့ချရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မုဒုံမောင်မောင်**



### လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက် ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။





# လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ထပ်မံလာရောက်ခိုလှုံသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၁၃**

လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ထပ်မံလာရောက်ခိုလှုံသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ငဖဲမြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ပဒါန်းတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ် မျိုးသန့်နှင့် တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မင်းဘူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ငဖဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

### လွှဲပြောင်းအပ်နှံ

ဦးစွာ ပဒါန်းတပ်နယ် တပ်နယ်မှူးက ဆုံးမစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင် အမျိုးသားကိုးဦးအား တာဝန်ရှိသူများ ရှေ့မှောက်၌ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လက်မှတ်ရေးထိုးလွှဲပြောင်းအပ်နှံပေးကြသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ခိုလှုံခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ပြီး မိဘအုပ်ထိန်းသူများကိုယ်စား ပဒါန်းကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



မကွေးတိုင်းဒေသကြီး ငဖဲမြို့၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပစဉ်။



ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ အလင်းဝင်ရောက်သည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံစဉ်။

### နွေးထွေးစွာကြိုဆို

အလားတူ ဇွန် ၁၂ ရက် ညနေ ၅ နာရီ မိနစ် ၃၀ ခန့်တွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ရှိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၌ PDF အဖွဲ့ဝင် အမျိုးသားသုံးဦးနှင့် အမျိုးသမီးလေးဦး စုစုပေါင်းခုနစ်ဦးတို့သည် နိုင်ငံတော်အစိုးရ၏ ကမ်းလှမ်းမှုကို ယုံကြည်လက်ခံသဖြင့် အလင်းဝင်ရောက်ခဲ့ရာ တာဝန်ရှိသူများက နွေးထွေးပျူငှာစွာ လက်ခံကြိုဆိုခဲ့ကြောင်းနှင့် ၎င်းတို့အား ဝန်ခံကတိလက်မှတ်များ ရေးထိုးစေကာ ထောက်ပံ့ငွေများ အသီးသီးပေးအပ်ခဲ့ပြီး ၎င်းတို့၏ အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံထားရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင် ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန်ထားပြီးဖြစ်ရာ ဇွန် ၆ ရက်တွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် အမျိုးသား သုံးဦးနှင့် အမျိုးသမီး နှစ်ဦးတို့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံခဲ့သဖြင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ကလေးတပ်နယ်ရှိ အောင်ဆန်းခန်းမ၌ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က) ၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် နဝဒေးရပ်ကွက်နေ ယဉ်အေးဖြူ(ခ) ရတနာသည် ၎င်းအသုံးပြုသည့် “Yadanar” Facebook အကောင့်၊ ရေတာရှည်မြို့နယ် ဒေဝတာစည်ကျေးရွာနေ ဌေးလွင်သည် ၎င်းအသုံးပြုသည့် “Htay Lwin” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ သူရကျော်နှင့် ခင်မောင်အေးတို့သည် ၎င်းတို့အသုံးပြုသည့် “Thuya Kyaw” Facebook အကောင့်၊ “Khin Mg Aye” Facebook အကောင့်၊ ချင်းပြည်နယ် ဟားခါးမြို့နယ် ဈေးသစ်ရပ်ကွက်နေ ဇနှင်းထန်နှင့် ဇာခြည်ငြိမ်းတို့သည် ၎င်းတို့အသုံးပြုသည့် “Za Hin Htan” Facebook အကောင့်နှင့် “Zarchyi Nyein” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဝေလင်းမောင်သည် ၎င်းအသုံးပြုသည့် “ဦးဝေလင်းမောင်” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာနေ ကံမြင့်နှင့် တင်အောင်စိုးတို့သည် ၎င်းတို့အသုံးပြုသည့် “U Kan Myint” Facebook အကောင့်နှင့် “Tin Aung Soe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးနောက်ကျကျန်မှုမဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက မြို့နယ်အချို့၌ အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှု မဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှုအခွင့်အလမ်းကို ပြည့်ဝစွာ အသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ NUG အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်များက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများတွင် ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသည်။



မွန်ပြည်နယ် ရေးမြို့နယ် တောင်စွန်း အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ခြိမ်းခြောက်စာကပ်ထားမှု။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက် နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် မွန်ပြည်နယ် ရေးမြို့နယ် အောင်သပြေကျေးရွာရှိ တောင်စွန်း အခြေခံပညာအထက်တန်းကျောင်းခွဲ၌လည်းကောင်း၊ နံနက် ၁၀ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် တံခွန်တိုင်ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း၊ ညနေ ၅ နာရီ မိနစ် ၃၀ ခန့်တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အေးကမ္ဘာကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းရှေ့၌ လည်းကောင်း၊ ဇွန် ၁၃ ရက် နံနက် ၇ နာရီခွဲတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျိုက်ဒုံကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း၌ လည်းကောင်း ကျောင်းတက်ရောက်နေသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတက်ရောက်ခြင်း မပြုရန် ဟန့်တားထားသည့် ခြိမ်းခြောက်စာများကို PDF အမည်ခံအကြမ်းဖက်သမားများက ခြိမ်းခြောက်ပေးပို့ထားကြောင်း သိရှိရသည်။



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အခြေခံပညာမူလတန်းကျောင်း၌ ခြိမ်းခြောက်စာကပ်ထားမှု။

အလားတူ ဇွန် ၁၂ ရက် နံနက် ၁၁ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောက္ကာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့ အင်အား ၂၀ ခန့် ဝင်ရောက်လာပြီး သေနတ်များ ပစ်ဖောက်ကာ ခြိမ်းခြောက်ပြောဆို၍ ကျောက္ကာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာကြီး၏ နေအိမ်ပေါ်သို့ တက်ရောက်ရှာဖွေကာ နေအိမ်ခြံစည်းရိုးတွင် ခြိမ်းခြောက်စာ တစ်စောင် ကပ်သွားခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်းမပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ ပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်များအား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောက္ကာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာကြီးအိမ်တွင် ခြိမ်းခြောက်စာကပ်ထားမှု။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်၌ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ PDF အမည်ခံအကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

နေပြည်တော် ဇွန် ၁၃

**NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။**



တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်၌ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံးမှု။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက် ညနေ ၆ နာရီခွဲခန့်တွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ပန်းတင်အင်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက် သမားများက လက်နက်ငယ်များ ကိုင်ဆောင် ဝင်ရောက်လာပြီး အဆိုပါကျေးရွာနေ ထားဝယ်တက္ကသိုလ် မြန်မာစာဌာနမှ ကထိကဖြစ်သူ ဒေါက်တာ ဝင်းမိုလ်(၄၃)နှစ် (ဘ) ဦးစံဝင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်/ကျေးရွာစာရေးဖြစ်သူ ဒေါ်မြတ်မြတ်မိုး (၄၅)နှစ်တို့အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဒေါက်တာ ဝင်းမိုလ်နှင့် ဒေါ်မြတ်မြတ်မိုးတို့တွင် ကျည်ထိမှန်ဒဏ်ရာ များရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG ၊ PDF အမည်ခံ အကြမ်းဖက် အဖွဲ့များအပေါ် ဝိုင်းဝန်း ဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ် ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲတွင် အုတ်တွင်းတပ်နယ်အသင်း ဒိုင်းဆုရရှိ



**နေပြည်တော် ဇွန် ၁၃**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင် ပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကျင်းပရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် အုတ်တွင်းတပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း အမျိုးသားအသင်း ၁၂ သင်းနှင့် အမျိုးသမီးအသင်း ၁၂ သင်းတို့ဖြင့် ဇွန် ၆ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အထပ်မြင့်အိမ်ရာစီမံကိန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၁၃

**ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးဝင်းဖေသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ရောဝဏ်လမ်းနှင့် ရတနာလမ်းပေါ်ရှိ ရောဝဏ်ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်း ရတနာနှင်းဆီအိမ်ရာ အရောင်းခန်းမဆောင်သို့ ရောက်ရှိပြီး စီမံကိန်းကို နိုင်ငံတော်၏ပံ့ပိုးမှုအပေါ်အခြေခံ၍ ရန်ကုန်မြို့အား မြို့ပြ အဆင့်အတန်း မြှင့်တင်နိုင်ရန်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် နိုင်ငံသားလုပ်ငန်းရှင်များ ပူးပေါင်း၍ စီမံကိန်းအောင်မြင်ရေး ရည်မှန်းချက်ထားဆောင်ရွက်ရန် မှာကြားသည်။**

ဆက်လက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရောဝဏ်ရတနာ အထပ်မြင့် အိမ်ရာစီမံကိန်း ဆောင်ရွက်မှုကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စီမံကိန်းနှင့်ပတ်သက်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ဆောင်ရွက်မည့် နည်းလမ်းများရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်လိုကြောင်း၊ ရပ်ဆိုင်းထားရသည့် လုပ်ငန်းများကြောင့် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံထားသည့် ဘဏ္ဍာငွေများ လည်ပတ်မှုကိုလည်း ထည့်သွင်း စဉ်းစားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းပြီးစီးမှု၊ ပြန်လည်ရောင်းချနိုင်မှု၊ ရောင်းချရန်ကျန် တိုက်ခန်းများအတွက် ပုံမှန်ပြန်လည်ရောင်းချနိုင်မည့် နည်းလမ်း ရှာဖွေခြင်းတို့အား စဉ်ဆက်မပြတ် နှိုင်းယှဉ်သုံးသပ်ကာ တိုက်ခန်းဝယ်ယူနေထိုင်သည့် ပြည်သူများ၏ ရေ၊ မီး၊ မိလ္လာ အပါအဝင် အမှိုက်စွန့်ပစ်ခြင်းစနစ်စသည့် အခက်အခဲလိုအပ်ချက်များ ဖြစ်ပေါ်လာပါကလည်း အိမ်ရာအုပ်ချုပ်ရေး ကော်မတီဖွဲ့စည်း၍ ဆောင်ရွက်စေခြင်း၊ လိုအပ်ပါက ဌာနအနေဖြင့်လည်း ပံ့ပိုးကူညီသင့်သည်များအား အလေးထားကူညီဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အိမ်ရာစီမံကိန်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်) မြေတိုင်းရပ်ကွက်အမှတ် (၇၄)၊ ပုဏ္ဏမီလမ်းနှင့် ရွှေလီလမ်းထောင့်ရှိ Snow Garden Mixed Used Development စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိပြီး အကျိုးတူဆောင်ရွက်သည့် စီမံကိန်းအနေဖြင့် မြေလျော်ကြေးများ စနစ်တကျပေးလျော်ရန်၊ ကြိုတင်ဝယ်ယူခွင့်၊ အကျိုးအမြတ်ခွဲဝေမှုနှင့် စီမံကိန်းအာမခံကြေးပေးသွင်းမှုများအား လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းအတိုင်း ဆောင်ရွက်ရန်မှာကြားပြီး စီမံကိန်းဆောင်ရွက်မည့် မြေနေရာများကို မြေပြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် သန်လျင်မြို့နယ် မြေတိုင်းရပ်ကွက် အမှတ် (၁)၊ (၁-A) သန်လျင်တံတားအနီး၊ ရန်ကုန်မြစ်နှင့် ပဲခူးမြစ်ဆုံနေရာတွင် Yangon Land Co;Ltd မှ ဆောင်ရွက်သည့် Star City စီမံကိန်းသို့ရောက်ရှိပြီး မြေဧရိယာခွဲဝေမှု၊ သောင်ထွန်းမြေဧရိယာ၊ ငွေပေးသွင်းရမည့်ဧရိယာ၊ မြေသိမ်း လျှော်ထားသောဧရိယာ၊ လွှဲပြောင်းမြေဧရိယာ စသည့် မြေယာကိစ္စရပ်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများကိုလည်း အချိန်နှောင့်နှေးမှုမရှိစေဘဲ စဉ်ဆက်မပြတ် ဥပဒေအတိုင်း လုပ်ဆောင်ရန်လိုကြောင်း မှာကြားပြီး အဆင့်မြင့် လုံးချင်းအိမ်ရာ စီမံကိန်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ရှိ သံလွင်တံတား(တာဆန်း)ပြီးစီးပါက ထွက်ကုန်များကို အိမ်နီးချင်းနိုင်ငံများသို့ ပို့ဆောင်နိုင်မည်

**မိုင်းဆတ် ဇွန် ၁၃**

သံလွင်တံတား တာဆန်းသည် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းကို ဆက်သွယ်ထားသော နမ့်စန်- မိုးနဲ - မိုင်းတုံ-မိုင်းဆတ်လမ်း ၁၈၄ ကီလိုမီတာ-၁၈၅ ကီလိုမီတာကြားတွင် တည်ရှိပြီး ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းကို ပိုင်းခြားထားသော သံလွင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် အရေးပါသော တံတားတစ်စင်း ဖြစ်သည်။ ထို့ပြင် နမ့်စန်- မိုးနဲ -မိုင်းတုံ-မိုင်းဆတ်လမ်းသည် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်သော တာချီလိတ်နှင့်ပါ ဆက်သွယ်ထားသောလမ်းဖြစ်သောကြောင့် နှစ်နိုင်ငံကုန်သွယ်စီးဆင်းမှုအတွက် အလွန်အရေးပါသော တံတားတစ်စင်းဖြစ်သည်။ အဆိုပါ တံတားကို တံတားအထူးအဖွဲ့(၄)က တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

သံလွင်မြစ်၏ အရှေ့ဘက်ခြမ်းသည် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်ဖြစ်ပြီး အနောက်ဘက်ကမ်းသည် ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပန်မြို့နယ်အတွင်း တည်ရှိသည်။ သံလွင်မြစ်ကူးတံတား (တာဆန်း)တံတားဟောင်းမှာ ၁၉၉၉ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၉၉၉ ခုနှစ်မှစတင်၍ အသုံးပြုခဲ့ရာ တံတားသက်တမ်းမှာ နှစ် ၂၀ ကျော် ကြာမြင့်ခဲ့ပြီး တံတားပေ အရှည်မှာ ပေ ၉၀၀၊ တံတားအမျိုးအစားမှာ အုတ်မြစ်အနေဖြင့် open Foundation ဖြစ်ပြီး တံတားအပေါ်ထည်မှာ ဘေလီကြိုးတံတားနှင့် C.Channel ကြမ်းခင်းအမျိုးအစား၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေ၊ တံတားတည်ဆောက်ပြီးစဉ်က တံတားခံနိုင်ဝန်ကို တန် ၃၀ အထိ ခွင့်ပြုခဲ့သည်။

သံလွင်မြစ်ကူးတံတား (တာဆန်း) ကို မြန်မာနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များသာမက တရုတ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့်ပါ တံတားအခြေအနေကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပြီး တံတားဦးစီးဌာနက ပုံမှန်စစ်ဆေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ သို့သော် တံတားသက်တမ်း ကြာမြင့်လာသည်နှင့်အမျှ တံတားခံနိုင်ဝန်မှာ လျော့ကျလာသဖြင့် ယခုအချိန်တွင် ၁၆ တန်သာ ခွင့်ပြုနိုင်တော့သည်။

ယခုအခါတွင် တံတားကြီးပေါ်မှ နေ့စဉ် ကားလေး ၃၅ စီးခန့်နှင့် ယာဉ်ကြီး ၁၅ စီးခန့် ဖြတ်သန်းသွားလာလျက်ရှိရာ တာဆန်းကြိုးတံတားကို ရေရှည်အသုံးပြုနိုင်ရန်အတွက် ခံနိုင်ဝန် ၁၆ တန်သာ ခွင့်ပြုထားသောကြောင့် ၁၀ ဘီးနှင့်အထက် ယာဉ်ကြီးများမှာ တာဆန်းကြိုးတံတားသို့ ရောက်ရှိပါက ယာဉ်+ကုန် ၁၆ တန်ထက်ကျော်သော ကုန်ပစ္စည်းများကို တစ်ဖက်ကမ်းသို့ ယာဉ်ငယ်များဖြင့် ပြန်လည်ကဲ့ယူ သယ်ယူပို့ဆောင်နေရသဖြင့် သယ်ယူပို့ဆောင်ခများ အပိုကုန်ခြင်း၊ အချိန်ကြာမြင့်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းမကြီးပေါ်တွင် တန် ၃၀ အထက် ယာဉ်ကြီးများ ဖြတ်သန်းသွားလာလျက်ရှိပြီး လမ်းပေါ်ရှိ တံတားများသည် ခံနိုင်ဝန် တန် ၆၀ ခံနိုင်သော တံတားများအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများကို စီမံချက်များ ရေးဆွဲ၍ ဆောင်ရွက်ခြင်းနှင့်အတူ သံလွင်တံတား (တာဆန်း)ကို အဆင့်မြှင့်တင် တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှစတင်၍ တည်ဆောက်လျက်ရှိသည်။

တံတားတည်နေရာမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း၊ တောင်ပိုင်း) ရှိ နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်း မိုင်တိုင်အမှတ် (၁၈၄ ကီလိုမီတာနှင့် ၁၈၅ ကီလိုမီတာ) ကြား၌ ဖြစ်သည်။ တံတားအရှည်မှာ ၂၆၆ ဒသမ ၈၆၁ မီတာ၊ ၈၇၅ ဒသမ ၅၇ ပေ ရှိသည်။ ချဉ်းကပ်တံတားမှာ မိုင်းပန်ဘက်ကမ်းတွင် ၁၁ မီတာ မိုင်းတုံဘက်ကမ်းတွင် ၅၄ ဒသမ ၈၆၁ မီတာ ရှိသည်။ တံတားအမျိုးအစားမှာ အုတ်မြစ် 1.5 m ØR.C Bored Pie ၊ တံတားအောက်ထည် R.C ၊ တံတားအပေါ်ထည် Steel Truss+R.C ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ ရေလမ်းကင်းလွတ်အကျယ် ၁၁၇ ဒသမ ၅ မီတာ၊ ရေလမ်းကင်းလွတ်အမြင့် ၁၀ မီတာ၊ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း အလေးချိန် ၇၅ တန်၊ လူသွားလမ်းအကျယ် ၁ မီတာ တစ်ဖက်လျှင် ၃ ပေရှိပြီး ပြီးစီးမှုရာခိုင်နှုန်း ၁၉ ဒသမ ၅ ရာခိုင်နှုန်းရှိကာ စီမံကိန်းပြီးစီးမည့်နေ့မှာ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက် ဖြစ်သည်ဟု သိရသည်။

တံတားစီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံအလယ်ပိုင်းမှ ရှမ်းပြည်နယ်တောင်ပိုင်းကို ဖြတ်ကာ အရှေ့ပိုင်း၊ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ဒေသတွင်းသာမက အိမ်နီးချင်းနိုင်ငံများသို့ပါ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသထွက်ကုန်များကို ဒေသတွင်းအပြင် အိမ်နီးချင်းနိုင်ငံများသို့ပါ ပို့ဆောင်နိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ကြောင်း သိရသည်။ **ခရမ်းစိုးမြင့်**

# ပင်လုံတက္ကသိုလ်၌ ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ်ခန့် နည်းပြ၊ သရုပ်ပြ သစ်လွင်ဆရာ၊ ဆရာမများအား ကြိုဆိုပွဲကျင်းပ



နေပြည်တော် ဇွန် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ ပင်လုံတက္ကသိုလ်၌ ၂၀၂၁- ၂၀၂၂ ပညာသင်နှစ်ခန့် နည်းပြသရုပ်ပြသစ်လွင် ဆရာ ဆရာမများအား ကြိုဆိုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပင်လုံတက္ကသိုလ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားပြောကြားပြီး တက္ကသိုလ်ဖွံ့ဖြိုးရေးအတွက် အလှူငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။ ထို့နောက် ပင်လုံတက္ကသိုလ်ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အရှေ့ဖျားအာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဘူမိသိပ္ပံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ (၇၈) ကြိမ်မြောက် ဦးဆောင်ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

**နေပြည်တော် ဇွန် ၁၃**

အရှေ့ဖျားအာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ဘူမိသိပ္ပံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Coordinating Committee for Geoscience Programmes in East and South East Asia (CCOP)) ၏ (၇၈)ကြိမ်မြောက် ဦးဆောင်ကော်မတီ




အစည်းအဝေး (The 78th CCOP Steering Committee Hybrid Meeting) နှင့် ဆက်စပ်အစည်းအဝေးများကို မေ ၃၀ ရက်မှ ဇွန် ၂ ရက်အထိ အလှည့်ကျအိမ်ရှင်ဖြစ်သော မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာ (Ulaanbaatar) မြို့တွင် ကျင်းပရာ CCOP အဖွဲ့ဝင် မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသက်တင်ညွှန့် တက်ရောက်ခဲ့ပြီး Online မှတစ်ဆင့် Virtual ဖြင့် ဌာနမှ အရာထမ်းများလည်း တက်ရောက်ခဲ့ကြသည်။

**အဆင့်မြင့်အရာရှိများ တက်ရောက်ဆွေးနွေး**

CCOP သည် ဘူမိသိပ္ပံဆိုင်ရာနယ်ပယ်တွင် အကြံပေးအဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့ဝင်နိုင်ငံများအတွင်း ဓာတ်သတ္တုကဏ္ဍ၊ ဘူမိဘေးအန္တရာယ်လျော့ချရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ မြေအောက်ရေကဏ္ဍနှင့် မြို့ပြဖွံ့ဖြိုးမှုဆိုင်ရာ ဘူမိဗေဒကဏ္ဍတို့ကို စဉ်ဆက်မပြတ် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ပါဝင်တက်ရောက်ဆွေးနွေးခြင်းအားဖြင့် သုတေသနလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်လျော့ချရေး အစီအမံများ စသော ဘူမိသိပ္ပံဆိုင်ရာများကို ပိုမိုသိရှိနိုင်ခြင်းနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများဖြင့် အကျိုးကျေးဇူးများ ရရှိနိုင်ပြီး ယခုကျင်းပသည့် အစည်းအဝေးတွင် ဒေသတွင်း ဘူမိသိပ္ပံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များပါဝင်ရန် အာဆီယံနိုင်ငံများ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား နိုင်ငံတို့မှ အဆင့်မြင့် အရာရှိများနှင့် နိုင်ငံတကာမှ ဘူမိသိပ္ပံဆိုင်ရာကျွမ်းကျင်ပညာရှင် ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၁၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၁၅ | ၂၂၅၅ | ၂၂၇၅ | ၂၂၆၀ | ၂၂၄၀ | ၂၃၃၅ | ၂၃၅၀ | ၂၂၄၅ | ၂၂၅၅ | ၂၂၉၀ | ၂၂၉၀ | ၂၂၉၀ | ၂၅၁၀ | ၂၇၆၀ |
| 95 Ron | ၂၂၉၅ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၄၅ | ၂၃၂၅ | ၂၄၂၀ | ၂၄၃၅ | ၂၃၃၀ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၅ | ၂၃၈၀ | ၂၅၉၅ | ၂၈၁၅ |
| HSD (500 ppm) | ၂၅၆၅ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၁၀ | ၂၆၃၅ | ၂၆၃၀ | ၂၆၀၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၀၅ | ၂၆၁၅ | ၂၆၅၀ | ၂၆၅၀ | ၂၆၅၀ | ၂၈၇၀ | ၂၉၅၅ |
| HSD (50 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၂၅ | ၂၇၄၀ | ၂၇၃၅ | ၂၆၃၅ | ၂၆၄၅ | ၂၆၇၅ | ၂၆၈၀ | ၂၆၈၀ | ၂၉၀၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၂၅ | ၂၇၄၀ | ၂၇၃၅ | ၂၆၃၅ | ၂၆၄၅ | ၂၆၇၅ | ၂၆၈၀ | ၂၆၈၀ | ၂၉၀၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၃ | ၂၁၇၉ |
| 95 Ron | ၂၁၈၇ | ၂၂၆၅ |
| HSD (500 ppm) | ၂၄၅၂ | ၂၅၃၁ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၅၉ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၅၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် ဇွန် ၁၃

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။လှိုင်းအမြင့်မှာမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# မီးဘေးလုံခြုံရေးတာဝန်ခံ သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၃**
ပြည်ထောင်စု ဝန်ကြီးဌာနရုံးများနှင့်ဌာနဆိုင်ရာ ရုံး/အဆောက်အအုံများ မီးဘေးလုံခြုံမှုရှိစေရန် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးမားသည့် အနှောင့်အယှက် အဟန့်အတားဖြစ်သော မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် နိုင်ငံတော် မီးဘေးကာကွယ်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူလူထုအတွင်း မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရန် ရည်ရွယ်၍ မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးတာဝန်ခံ (Fire Safety Manager Course for Government Officials) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်း၌ မီးသတ်ဦးစီးဌာန၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များအပါအဝင် မီးလောင်မှု အခြေခံသဘောတရားများ၊ မီးအတန်းအစားခွဲခြားခြင်းနှင့် အတန်းအစားအလိုက် မီးငြိမ်းသတ်ခြင်းများ၊ အခြေခံမီးငြိမ်းသတ်နည်းစနစ်များ၊ မီး၊ ရေနှင့် အပူတို့၏ အခြေခံသဘောတရားများ၊ မီးဘေးလုံခြုံရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေးစီမံချက် (Emergency Response Plan) ရေးဆွဲခြင်းများ၊ ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်း အတန်းအစား ခွဲခြားခြင်းများ၊ ရုံး/လုပ်ငန်းခွင် မီးဘေးလုံခြုံရေးများ၊ ကျေးလက်/ မြို့ပြ မီးဘေးလုံခြုံရေးများ၊ အလိုအလျောက် မီးငြိမ်းသတ်ရေးစနစ်များ၊ အရေးပေါ်သူနာတင်ယာဉ် ဝန်ဆောင်မှုလုပ်ငန်းများ၊ မီးသတ်စက်ကလေးလေ့ကျင့်ခန်းများ စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး မီးသတ်ယာဉ်/ စက်ယန္တရားများဖြင့် သရုပ်ပြခြင်းများကို မီးသတ်ဦးစီးဌာနရှိ အရာရှိကြီးများက သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ရက်သတ္တ သုံးပတ်ကြာ ဖွင့်လှစ်သည့် မီးဘေးလုံခြုံရေးတာဝန်ခံသင်တန်းသို့ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်း သင်တန်းသား ၄၄ ဦး တက်ရောက်ကြကြောင်း သိရသည်။

**အောင်နိုင်ဝင်း**



## မိုးကုတ်မြို့နယ်တွင် ငွေကျပ် ၁၄၅၈ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၃**
မိုးကုတ်မြို့နယ်တွင် ငွေကျပ် ၁၄၅၈ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် မိုးကုတ်မြို့နယ် ကျောက်တလုံးကျေးရွာအုပ်စု လယ်ကြီးကျေးရွာရှိ ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် အောင်မြတ် မောင်းနှင်လာသော SURF အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ဖုံး တံခါးအံဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၂၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် အောင်မြတ်(၃၇)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**




## အမရပူရမြို့နယ် မြစ်ငယ်မြို့တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၃**
မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့တွင် ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်စစ်ဆေးရေး ဂိတ်အနီးတွင် ဘိုမြိုင် မောင်းနှင်ပြီး အောင်မင်းဇော် လိုက်ပါလာသည့် FUSO FIGHTER ခြောက်ဘီးကွန်တိန်နာဘောက် မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၆ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၄၀ ဒသမ ၇ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်း သိမ်းဆည်းရမိခဲ့ကြောင်း **(အောက်ပုံ)**၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ မော်တော်ယာဉ်များနှင့် စက်သုံးဆီများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၃**
တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့နယ်အတွင်း တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ဓာတ်မြေဩဇာ ၈၀၃ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၈၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ ဖာ ၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် လျှပ်စစ်ထမင်းပေါင်းအိုးအလုံး ၁၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချော စစ်ဆေးရေးစခန်း၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်းသစ်ခွဲသားနှင့် ပျဉ်းကတိုးပါကေး ၂ ဒသမ ၈၅၉၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၇၆၈၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈၃၈၇၆၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၁၂ ရက် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၈၀၁၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၆၇၅၈၂)ကို လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၄ ဒသမ ၇၉၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၃၄၈၆)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၁၀၆၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ကလေးမြို့နယ်အတွင်း တရားမဝင် စက်သုံးဆီ ၈၀၁ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၆၆၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၆၆၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်း စစ်ဆေးရေး စခန်း၌ လှည့်ကင်းစစ်ဆေးရေးပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဘီယာဖာ ၉၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၈၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၅)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၆၁၉၇၄၈) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်အေးအေးမွန်နှင့် မိသားစုဝင်များသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရန်အေးအိမ်ရာ၊ တိုက်အမှတ် ၈/၅၊ (၄)လွှာ၊ အခန်းအမှတ်(၃၄)အား ပိုင်ရှင် ဒေါ်မိမိမော် ၁၂/ကမရ(နိုင်)၀၁၂၈၀၉ထံမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါ၍ အဆိုပါအခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်အေးအေးမွန်**
**ဖုန်း-၀၉-၄၄၂၃၉၂၉၁၆**

## ကန့်ကွက်နိုင်ပါသည်

ကျွန်တော် ဦးမြင့်သိန်း ၁၂/ကမရ(နိုင်)၀၃၆၆၆၅ သည် ဦးနိုင်မိုးအောင် ၈/ရနခ(နိုင်)၀၉၃၄၂၃ အမည်ဖြင့် ပါမစ်ပျောက်ဂရန်သစ်ထုတ်ထားသည့် ရန်ကုန်တိုင်းဒေသကြီး ၊ ရွှေပြည်သာမြို့နယ်၊ (၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် ၁၃၊ မြေကွက်အမှတ် ၂၁၃၊ အလျား ပေ၆၀၊ အနံ ပေ၆၀ ၊ အမှတ် ၂၁၃၊ နွယ်သာကီကျောကပ်လမ်းမြေကွက်ကို အဆင့်ဆင့်ဝယ်ယူခဲ့ရာ လက်ရှိ ဦးအောင်ကျော်ဆန်း ၁၂/ ရပသ(နိုင်)၀၅၈၅၆၅ ထံမှ ပါမစ်ပျောက်ဂရန်သစ်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံကို ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပါမစ်ပျောက် ဂရန်သစ်မြေကွက်နှင့် သက်ဆိုင်သူများရှိပါက ခိုင်လုံသော အထောက်အထားနှင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ဦးမြင့်သိန်း**
**၁၂/ ကမရ(နိုင်)၀၃၆၆၆၅**
**အမှတ်(၃၇)၊ ဓမ္မာရုံလမ်း၊ မြေနီကုန်း(တောင်)စမ်းချောင်း**
**ဖုန်း-၀၉-၄၃၀၅၅၄၄၀**

## "Yangon Kids" သင်ထောက်ကူအရောင်းဆိုင်နှင့်တကွ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင်ရပ်၊ ကန်တော်ကြီးတိုက်တန်းနေ ဒေါ်ဝင်းသီတာ(ဘ) ဦးကျော်မြိုင် ၉/အမဇ(နိုင်)၀၂၆၄၄၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်ပါသည်-

ကျွန်ုပ်မိတ်ဆွေသည် "MASTEAR" အမည်ဖြင့် သင်ထောက်ကူနှင့် ကလေးကစားစရာပစ္စည်းမျိုးစုံတို့ကို စာချုပ်၊ စာတမ်း မှတ်ပုံတင်အမှတ်-၂၀၁၆/၂၀၁၃ ဖြင့် တရားဝင်မှတ်ပုံတင်ဖြန့်ဖြူးရောင်းချနေသည်မှာ Customerများ၏ဝယ်ယူအားပေးမှုကို တစ်ခဲနက်ရရှိသူဖြစ်ပြီး ဂုဏ်သတင်းကောင်းဖြင့် ရပ်တည်နေသည်မှာ ၁၀နှစ်နီးပါး ရှိခဲ့ပြီးဖြစ်ပါသည်။

